www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းခက္က

## ကျွန်းမြတ်သန္တာအလှကောရိ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း ( ၁ )

## ကျွန်းပေါ်ရောက်လာသည့်လူလေးဦး

ပင်လယ်ရေပြင်က ပကတိ ငြိမ်သက်နေလေ၏။ ပင်လယ်ရေပြင်ပေါ်တွင် မနေမနား ကူးခတ်နေကြသည့် လူသားလေးဦးက သူတို့လှမ်းမြင်နေရသော ကျွန်းပေါ်သို့ ရောက်အောင်သာ ကြိုးစားနေကြလေ၏။ ထိုလူသားလေးဦးသည် တစ်ဦးကိုတစ်ဦး စောင့်ခေါ်ကာ ကူးခတ်ရင်း ပင်လယ်အတွင်းမှ ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိလာကြလေ၏။

"သတိထားကြဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်သို့ရောက်သည်နှင့် ဦးသောင်းချမ်းက ကျန်သုံးဦးကို သတိပေးလိုက်၏။

"ဟုတ်ကဲ့ပါ"

"စိတ်ချပါ"

"အန္တရာယ်ကောင်ဆိုရင် လက်မနှေးစေရပါဘူး ဦးလေး"

တစ်ယောက်တစ်ပေါက်နှင့် ဦးသောင်းချမ်း၏ သတိပေးစကားကို ပြန်လည်တုံ့ပြန်ကြလေ၏။

ထို့နောက် သူတို့အားလုံးသည် ကျောက်ဆောင်များကို ကျော်ဖြတ်ကာ ကျွန်း၏အမြင့်ပိုင်းသို့ တက်လာခဲ့ကြလေ၏။ ကျွန်းကြီးတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေ၏။ လှိုင်းသံဆို၍ သူတို့လေးယောက်အသံများကိုသာ ကြားနေရသည်။ သူတို့လေးယောက်စလုံး၏ မျက်နှာများတွင် ကြောက်ရွံ့စိတ်များက လွှမ်းမိုးနေကြလေ၏။

သည်ကျွန်းသည် ဘာကျွန်းမှန်း သူတို့မသိကြပေ။ ဤကျွန်းသို့ သူတို့ဦးဟည်လာရောက်ကြခြင်းလည်း





မဟုတ်ပါချေ။ သူတို့သည် စက်လှေဖြင့် မြိတ်သို့ ခရီးထွက်လာခဲ့ခြင်း ဖြစ်လေ၏။ လမ်းခရီးတွင် စက်လှေက ပျက်သွားလေ၏။ ဤသို့ စက်လှေပျက်သွားသောကြောင့် စက်လှေပေါ်တွင် ပါလာသော လူအားလုံးသည် အသက်ကယ်လှေများဖြင့် စက်လှေကြီးကို ခွာလာခဲ့ကြသည်။

ထိုသို့စက်လှေကြီးကို စွန့်ခွာလာရာတွင် လှိုင်းလေမိပြီး အသက်ကယ်လှေ မှောက်ကာ သေသူကသေ သွားကြလေ၏။ ငါးမန်းများဖြင့် လုံးထွေးပြီး ငါးမန်းစာဖြစ်သွားသူက ဖြစ်သွားကြလေ၏။

ထိုသူများထဲတွင် သူတို့လေးဦးသာ ကံကောင်းထောက်မပြီး ကျွန်းပေါ်သို့ ရောက်ရှိလာကြခြင်းဖြစ်လေ၏။ သူတို့လေးဦးတွင် ဦးသောင်းချမ်းက စက်လှေပိုင်ရှင်ဖြစ်၍ ကျန်သူများသည် တစ်ဦးကိုတစ်ဦး သိကြသည်မဟုတ်ပါလေ။

အားလုံးထဲတွင် ပင်လယ်အတွေ့အကြုံလည်း မရှိ၊ ပင်လယ်ခရီးကိုလည်း အခုတစ်ကြိမ်သာ ရောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သွားဖူးသော မိုးဟိန်းတစ်ယောက်ကတော့ သူတို့လေးဦးထဲတွင်သာ အငယ်ဆုံးဖြစ်နေရလေ၏။

ဦးသောင်ချမ်းက ကျွန်း၏ တစ်နေရာတွင် ခဏနားရန် ကျန်သူများကို ပြောလိုက်လေ၏။

"ငါ့နာမည်က ဦးသောင်ချမ်းတဲ့ကွ"

အုန်းပင်အုပ်စုများအောက်တွင် ထိုင်မိသည်နှင့် ဦးသောင်ချမ်းက စတင်၍ သူ့အမည်ကို ပြောပြလေ၏။ ဦးသောင်ချမ်းသည် သူတို့အားလုံးထဲတွင် အရပ်အလွန်မြင့်သဖြင့် ကိုယ်လုံးကိုယ်ထည်ကလည်း အလွန်ထွားကျိုင်းလေ၏။ သို့သော်လည်း သူသည် အသက်အရွယ်နှင့်မမျှအောင် လျင်မြန်ဖျတ်လတ်လေ၏။

"ကျွန်တော့်နာမည်က နက်ကျော်ပါ"

နက်ကျော်သည် ခရီးလမ်းတစ်လျှောက်လုံးတွင် ပျော်ပျော်နေခဲ့သူ ဖြစ်လေ၏။ သေရေးရှင်ရေးအတွက်ပင်ပင်လယ်ရေထဲတွင် ကူးခတ်နေရသော်လည်း သူက ဘာမှမစိုးရိမ်သလိုလို။ ပြောင်လိုက်နောက်လိုက်ဖြင့် အသက်ရှင်





ရေး သေရေးကို ဂရုမထားသူ ဖြစ်လေ၏။

"ကျွန်တော့်နာမည်က ကျောက်ဒိုး(ခ) သန်းဝင်းပါ"

ကျောက်ဒိုးကတော့ နက်ကျော်နှင့် ကွာလေ၏။ ခရီးလမ်းတစ်လျှောက်လုံး ဂါထာမန္တန်များစွာကို မနားတမ်း မမောတမ်း ရွတ်ဆိုလာခဲ့သူဖြစ်၏။ ကြောက်တတ်သည်ကလည်း မျက်နှာတွင် သွေးမရှိချေ။ သူသည် လူထွား လူသန်တစ်ယောက်ဖြစ်သော်လည်း နက်ကျော်ကဲ့သို့မဟုတ် ကြောက်အား အမြဲပိုနေတတ်လေ၏။

နက်ကျော်က အုန်းပင်ပေါ်မှ အုန်းသီးအခိုင်လိုက်ကို ဓားမြှောင်ဖြင့် ခုတ်ချပြီး ကျန်လူများကို စားသုံးစေ၏။ သူများတကာတွေ အုန်းရေသောက်၊ အုန်းသီးစားဖြင့် ဖြစ်သမျှအကြောင်းအကောင်းကြီးပဲ သဘောထားနေချိန်တွင် သူကတော့ မစားနိုင်မသောက်နိုင်အောင် ဖြစ်နေလေ၏။ လေတိုက်သံကိုပင် သူက သွေးပျက်အောင် ကြောက်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က မိုးဟိန်းပါ။ ကျွန်တော် အခုလို အသက်ဘေးအတွက် ရှန်းကန်ခဲ့ရတဲ့ ခရီးမှာ အတော်တော့ အားငယ်နေမိတယ်။ ဒါပေမဲ့ ကြောက်တော့ မကြောက်ပါဘူး။ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ မဟုတ်လား"

မိုးဟိန်း၏စကားကြောင့် ဦးသောင်းချမ်းနှင့် နက်ကျော်တို့က ရယ်မောနေကြလေ၏။ ကျောက်ဒိုးကတော့ မိုးဟိန်းကို ခပ်ငေးငေးလေးကြည့်နေလေ၏။ ဦးသောင်းချမ်း မှအပ ကျန်လူများသည် လူငယ်များသာ ဖြစ်လေ၏။

နက်ကျော်နှင့်ကျောက်ဒိုးက ကုန်သည်များ ဖြစ်ကြလေ၏။ သူတို့ဦးသောင်းချမ်း၏ စက်လှေဖြင့် ရန်ကုန်မြို့မှ ကုန်ပစ္စည်းများ တင်ဆောင်လာကြခြင်း ဖြစ်လေ၏။ မိုးဟိန်းကတော့ မြိတ်မှဆွေမျိုးများထံသို့ အလည်အပတ် လာခဲ့ခြင်း ဖြစ်လေ၏။

စက်လှေပေါ်တွင်လည်း တစ်ယောက်နှင့် တစ်ယောက် အသိမိတ်ဆွေ မဖွဲ့ဖြစ်ခဲ့ကြ။ မျက်မှန်းတန်းမိကြ





သေးသည့်အချိန်မျိုးတွင် စက်လှေက ပျက်သွားသဖြင့် ပင်လယ်ထဲတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကူးခတ်လာခဲ့ကြခြင်းဖြစ်လေ၏။

"ကျွန်တော်တို့ အခု ဘယ်ကျွန်းပေါ်ကို ရောက်နေတာလဲ ဦးလေး"

မိုးဟိန်းက ကျွန်းပတ်လည်ကို လှည့်လည်ကြည့်ရှုပြီးနောက် ဦးသောင်းချမ်းကို မေးလေ၏။ ဦးသောင်းချမ်းက မိုးဟိန်းကို ပြုံးကြည့်နေရင်းမှ . . .

"အင်း . . . ဦးလေးထင်မိတာကိုပဲ ဖြေနိုင်မယ် ထင်တယ် မောင်မိုးဟိန်းရဲ့၊ ဒီနေရာဟာ ရေလယ်ကျွန်းရဲ့ အနီးတစ်ပိုက်က ကျွန်းကလေးတစ်ကျွန်းပဲလို့ ယူဆမိတယ်"

"ကျွန်တော်တို့ ဒီကျွန်းကနေ ရန်ကုန်ကိုပဲဖြစ်ဖြစ် ထားဝယ်ကိုပဲဖြစ်ဖြစ် သွားနိုင်ဖို့ လမ်းရှိပါဦးတော့မလား ဦးလေးရယ်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းချမ်းက အဖြေကို ချက်ချင်း မပေးနိုင်သေးချေ။ တကယ်ဆိုတော့လည်း မိုးဟိန်းမေးသလို သူကလည်း ပြန်မေးချင်နေမိ၏။ သူတို့တွင် ပင်လယ်ကို ဖြတ်သန်းနိုင်သော ခရီးဖော်က မရှိပါချေ။

သူတို့တွင်ရှိသော လှေသည်လည်း သည်ကျွန်းနားသို့အရောက်တွင် ကျောက်ဆောင်နှင့် တိုက်မိပြီး ပျက်စီးသော ပင်လယ်ရေထဲတွင် မျောပါသွားခဲ့ပြီ။ သူတို့ လေးယောက်စလုံးသည် ကျွန်းနားသို့ရောက်မှ သက်စွန့်ဆံဖျားကျွန်းပေါ်သို့ရောက်အောင်ကူးခတ်လာခဲ့ကြခြင်းဖြစ်လေ၏။

"ကျွန်တော့်သဘောကတော့ ဖြစ်တဲ့နည်းနဲ့ ပင်လယ်ကို ဖြတ်ချင်တယ် ဦးလေးရယ်"

နက်ကျော်က ဖော့ဖော့ပေါ့တန်တန် သဘောထားကာ ပြော၏။ ဤကျွန်းမှ ပင်လယ်သို့ အမြန်ဆုံးဖြတ်နိုင်မည်ဟု ထင်နေပုံရလေ၏။ ကျောက်ဒိုးကတော့ သေးငယ်သော မျက်လုံးဖြင့် မျက်လုံးများကို လိုက်ကြည့်၏။

"ကျောက်ဒိုး"





ဦးသောင်းချမ်းသည် မိုးဟိန်းမေးထားသော အမေးကို မဖြေနိုင်သေးသဖြင့် ကျောက်ဒိုးဘက်သို့ စကားဦးလှည့်၏။

"ဗျာ . . . ကျွန်တော့်ကို ခေါ်သလား"

"အေး . . . ဟုတ်တယ်။ မင်းကိုခေါ်တာ"

"ပြောပါခင်ဗျာ"

"မင်းသိပ်ကြောက်နေသေးသလား"

"ဟုတ် . . . ဟုတ်ကဲ့"

"မင်းကလည်းကွာ စိတ်ကိုတင်းထားမှပေါ့။ မင်းကလည်း မိန်းမကျနေတာပဲ။ ကဲ . . . အားလုံးပဲ ငါတို့ဒီမှာ အေးအေးဆေးဆေး ပျော်ပွဲစားထွက်လာကြသလို နေလို့မဖြစ်သေးဘူး။ လောလောဆယ်မှာ ငါတို့နေဖို့ စခန်းလိုတယ်။ တစ်နေရာမှာ ရေကြည်လည်းရ ကျောက်ဂူတို့ ဘာတို့လည်းရှိမယ့်နေရာကို ငါတို့လိုက်ရှာရမယ်။ အခုဆို အချိန်က သိပ်မရတော့ဘူး။ ရသလောက်တော့ ကြိုးစားရမယ်။ ထကြ၊ ထကြ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်ချမ်း၏ စကားကြောင့် အားလုံးထကြ၏။ ဦးသောင်ချမ်း၏နောက်သို့ သူတို့လိုက်သွားကြလေ၏။ တကယ်တော့လည်း ဦးသောင်ချမ်းကိုယ်တိုင်လည်း စိတ်မတည်ငြိမ်ပါ။ သူ့ခေါင်းထဲတွင် ရှာရှာလည်နေ၏။ သူသည်လည်း လူသားတစ်ယောက် မဟုတ်ပါလား။ သေရမည်ကို သူလည်း ကြောက်လာမိ၏။ သူ၏မိသားစုနှင့် ဒီတစ်သက် ဝေးရတော့မည်လားဆိုသည့် အတွေးများက သူ့ခေါင်းထဲတွင် ရှိနေသည့်အတွက် သူ့တွင်လည်း စိုးရိမ်စိတ်များက လွှမ်းမိုးနေသည်။ မိုးဟိန်းမေးသည်ကို သူမဖြေနိုင်သေးချေ။

သည်ကျွန်းမှ မြို့ကြီးပြကြီးတစ်ခုသို့ ပြန်ရောက်ဖို့ဆိုသည်က အိပ်မက်ပင်မက်ဖို့ အခွင့်အရေးက မပေးသည့် အခြေအနေ ဖြစ်နေလေ၏။ ဦးသောင်ချမ်း၏ အတွေ့အကြုံအရ ဤကျွန်းသည် ပင်လယ်ကူး သင်္ဘောကြီးများသွားလာသည့် လမ်းကြောင်းဘေးတွင် မဟုတ်သည်ဆိုသည်ကိုတော့ သိနေလေ၏။ အလွန်ချောင်ကျသောနေရာတွင်





ကျွန်းပေါ်နေခြင်းဖြစ်မည်ဟု ဦးသောင်ချမ်းက ယူဆမိ၏။

မည်သို့ပင်ဖြစ်သော သူတို့အားလုံးထဲတွင် ဦးသောင်ချမ်းက အတွေ့အကြုံ ရင့်ကျက်သူပီပီ သူသာ ဦးဆောင်ရမည်ဟု သိနေ၏။ အားလုံးအသက်မသေဘဲ စုစုစည်းစည်း နေနိုင်ရေးအတွက် ဦးသောင်ချမ်းက ကြိုးစားရပေမည်။

"ဟာ"

"ဟင်"

"အို"

သူတို့အားလုံးသည် ကျွန်းပေါ်သို့ သွားလာနေရင်းမှ သူတို့ခြေလှမ်းများက ရှေ့သို့ဆက်မလှမ်းမိတော့ဘဲ ရပ်တန့်သွားကြလေ၏။ သူတို့ရှေ့မှ မြင်တွေ့နေရသော ထူးဆန်းသော သတ္တဝါကိုသာ ငေးမောကြည့်နေမိကြလေ၏။

ထူးဆန်းသော သတ္တဝါသည် သူတို့ကို ကျောပေးထားပြီး မတ်မတ်ကြီးသွားနေလေ၏။ နောက်မှသာ မြင်နေရသည့်အတွက် မည်သည့်သတ္တဝါမှန်း သူတို့မခန့်မှန်းနိုင်ကြသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာကောင်လဲ"

ကျောက်ဒိုးက အသံတုန်တုန်ယင်ယင်ဖြင့် မေးလာသောကြောင့် ဦးသောင်းချမ်းက ကျောက်ဒိုးကို လက်ဝါးကာပြလိုက်လေ၏။

"ရှူး"

အားလုံးကိုလည်း အသံမမြည်အောင် သတိပေးစကားပြောလိုက်၏။ ဦးသောင်းချမ်းက သူတို့သုံးဦးကို ကျောက်တုံးကြီးတစ်တုံး၏ဘေးတွင် ပုန်းနေခိုင်းလိုက်သည်။

"ဘာကောင်လဲ"

မိုးဟိန်းက မြင်နေရသော သတ္တဝါကို မျက်မှောင်ကြုတ်ကာ ကြည့်နေရင်းမှ တိုးတိုးကလေး မေးလေ၏။

"အဲ . . . အဲဒါ လူ"

"လူ"

"အင်း . . . ဟုတ်တယ်"

သူတို့ သုံးဦးသည် မျက်လုံးအပြူးသားဖြင့် ဦးသောင်းချမ်းကို ကြည့်လိုက်၊ ဝေး၍ဝါးသွားပြီဖြစ်သော လူဆို





သည့်သတ္တဝါကြီးကို ကြည့်လိုက်ဖြင့် သွေးပျက်နေကြလေ၏။

"အဲဒါလူ။ ဒါပေမဲ့ သိပ်စိတ်ဝင်စားစရာကောင်းပြီး သိပ်ကြောက်စရာကောင်းတဲ့လူ"

ဦးသောင်းချမ်းကိုယ်တိုင် မျက်နှာတွင် ဇောချွေးများ ပြန်နေလေ၏။ အသံတွေကလည်း တုန်နေ၏။ သူ့အသားတွေသည် မသိမသာ ဖြူဖပ်ဖြူရော် ဖြစ်လာနေသည်လား ထင်ရ၏။

"ဦးလေးက လူလို့ပြောလို့သာ လူလိုက်ရတာ။ နောက်ကကြည့်ရင် လူနဲ့မတူဘူး။ ရာဇဝင်ဇာတ်ကားကြည့်ရသလို နတ်သားလေးကိုယ်ထင်လာပြသလို ထင်ရတယ်"

မိုးဟိန်းသည် အလွန်ပင် စိတ်ဝင်စားသွားမိသည့်အတွက် စိတ်ကိုတင်းပြီး စကားလုံးများကို လည်ချောင်းထဲမှ ဖျစ်ညှစ်ထုတ်နေလေ၏။ အားလုံးက ကြောက်ရွံ့နေကြသော်လည်း မိုးဟိန်းက ကြောက်စိတ်တို့ ပြေပျောက်သွားသလိုရှိလေ၏။ သူ၏ဝါသနာအရ လေ့လာချင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မိုးဟိန်းသည် ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်လေ၏။ သူသည် ပညာရေးကို စိတ်ပါဝင်စားသဖြင့် ကျောင်းဆရာအဖြစ် ရပ်တည်နေပြီး အပျော်တမ်း သတင်းထောက်တစ်ဦးလည်းဖြစ်လေ၏။

သူသည် ခရီးသွားလာခြင်းကို အလွန်စိတ်ဝင်စားပြီး အလွန်ပျော်ရွှင်ကြည်နူးလိုသူ ဖြစ်လေ၏။ သို့သော်လည်း မိုးဟိန်းသည် နွေရာသီ ကျောင်းနှစ်လပိတ်မှသာ တစ်နှစ်လျှင်တစ်ကြိမ် ခရီးထွက်ခွင့်ရလေ၏။ မရောက်ဘူး၊ မသွားဘူးသော ခရီးသို့ လှည့်လည်သွားလာနေတတ်၏။ သူသည် ခရီးသွားရာမှ ပြန်ရောက်သည်နှင့် သတင်းဆောင်းပါးများကို ကြိုးစားရေးသားလေ့ရှိ၏။

လူဆိုသည်ကလည်း ကြောက်တတ်သည့် လူမျိုး။ ကြောက်တတ်သည်ဆိုရာ၌လည်း နေရာတိုင်းတော့ မဟုတ်ချေ။ သူ့နေရာနှင့်သူ ကြောက်တတ်သူဖြစ်လေ၏။ စက်လှေပျက်တော့ မိုးဟိန်းစိတ်အား ငယ်သွားမိသည်ကတော့ အမှန်။ စိုးရိမ်ကြောက်လန့်မိသွား၏။ ငါသေခဲ့သော် ဆို





သည့်အတွေးဖြင့် ကြောက်စိတ်စိုးရိမ်စိတ်တို့ ဝင်လာခဲ့ရ၏။

တကယ်တမ်း ရင်ဆိုင်ရသောအခါ မိုးဟိန်းက ကြောက်လန့်စိတ်တို့ကို ကြိုးစားဖျောက်ပစ်လိုက်၏။ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ဦးသောင်းချမ်း၏ ဦးဆောင်မှုအောက်မှာပင် လွတ်မြောက်ရေး၊ အသက်ရှင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့လေ၏။

နောက်ဆုံး ဤကျွန်းမှ မကျော်လွန်နိုင်သည့် အခြေအနေမျိုးသို့ ရောက်သွားခဲ့သည်တိုင် မိုးဟိန်းက ဘဝသစ်တစ်ခုကို ပြန်လည်ထူထောင်ရန်ကိုပါ စဉ်းစားဆုံးဖြတ်ထားခဲ့၏။

သည်လို မိုးဟိန်းက ဆုံးဖြတ်ပြီး ကျောက်ဒိုးလို ကြောက်စိတ်အမြဲဝင်မနေသည့်အချိန်မျိုးတွင် ထူးဆန်းသောလူကို တွေ့လိုက်ရသည့်အတွက် လွန်စွာစိတ်ဝင်စားသွားမိလေ၏။

"ပြောပါဦး ဦးလေးရဲ့၊ ဦးလေးပြောတဲ့ လူဆိုတာကို ကျွန်တော်တော့ တကယ်မယုံချင်ဘူး။ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အခု ကျွန်တော်တို့ မြင်တွေ့လိုက်ရတာဟာ ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်လည်း ဖြစ်နိုင်တယ်။ ဒါမှ မဟုတ် ကျွန်တော်တို့ကို ဒီကျွန်းပေါ်က မကောင်းဆိုးဝါးတွေက မျက်စိလှည့်စားတာမျိုးလည်း ဖြစ်နိုင်တယ်"

ဦးသောင်းချမ်းက မိုးဟိန်းစကားကြောင့် လက်ခါခါ ခေါင်းခါခါ လုပ်ပြလေ၏။

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ငါတို့အားလုံး အသက်ရှင်ဖို့ဆိုတာ သိပ်မလွယ်တော့ဘူး။ ဖြစ်နိုင်ရင် ငါးမန်းတွေ ပါးစပ်ထဲမှာ သေလိုက်ကြတာ ပိုကောင်းမယ် ထင်တယ်။ ဒါမှမဟုတ်လည်း ငါတို့အားလုံး ဒီကျွန်းက လွတ်ရာကို ပြေးနိုင်မှဖြစ်မယ်"

"တ . . . တကယ်လား ဦးလေး"

ကျောက်ဒိုးက အသံတုန်တုန်ယင်ယင်ဖြင့် မေး၏။ နက်ကျော်က မျက်ကြောများတင်းပြီး ဘာမဆိုရင်ဆိုင်ရစေဦးတော့ ဝန်မလေးဆိုသည့်အသွင်ကို ဆောင်နေ၏။

"ဘာကြောင့် ဦးလေးက ကျွန်တော်တို့ အသက်





ရှင်ဖို့ မလွယ်ဘူးလို့ ပြောနေရတာလဲ"

"ငါကြားဖူးထားတဲ့ အကြောင်းအရာတွေကြောင့်ပေါ့"

"ဘာလဲ . . . ခင်ဗျားက ကျွန်တော်တို့ကို ကြောက်အောင်ခြောက်လှန့်ပြီး ဒုက္ခတစ်ခုခုများ ပေးချင်လို့လား"

မိုးဟိန်းက မေး၏။ မိုးဟိန်းသည် ဘယ်လိုမှ မယုံကြည်နိုင်သဖြင့် သည်သို့မေးလိုက်ခြင်းဖြစ်၏။

ဦးသောင်းချမ်းသည် မိုးဟိန်းကို စူးစူးစိုက်စိုက် ကြည့်နေရင်းမှ . . .

"မင်း . . . ဒါ . . . ဒါ . . . ရန်သူစကားပြောတယ်" ဟု ပြောလေ၏။

"ဗျာ"

မိုးဟိန်းက နားမလည်သလို ဖြစ်သွား၏။

"ဟုတ်သားပဲဗျာ။ ခင်ဗျားပြောတာတွေက ယုတ္တိလည်းရှိမှပေါ့။ စောစောက အကောင်ဟာ ကျွန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝလည်း ဖြစ်ချင်ဖြစ်နေမှာပဲ။ ဒါကို ခင်ဗျားက ပုံကြီးချဲ့ထားတော့ နားထောင်လို့ မကောင်းဘူး။ တကယ်ဆိုရင် ခင်ဗျားနဲ့ ကျွန်တော်တို့ဟာ ဘဝတူ ဒုက္ခသည်တွေပါဗျာ။ အခုလိုအချိန်အခါမျိုးမှာ တစ်ဦးအသက်ကို တစ်ဦးက စောင့်ရှောက်သင့်တာပေါ့။ ဒါကို အလေးအနက်ထားသင့်တယ်ဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ မသေလို့ ဒီကျွန်းပေါ်ကို ရောက်လာကြတာပဲ။ လှေပေါ်မှာတုန်းက ကျွန်တော်တို့ ဘယ်လောက်စည်းလုံးခဲ့ကြသလဲ။ အခုလည်း အဲသလိုပဲ စည်းရုံးမှပေါ့"

နက်ကျော်က တစ်လုံးချင်းဝင်ဖြေ၏။ ကျောက်ဒိုးက တစ်ကိုယ်လုံးတုန်နေ၏။ သူသည် ကြောက်လွန်းသည့်အတွက် သူရွတ်ဆိုနေသော ဂါထာမန္တန်တို့သည်လည်း အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်နေလေ၏။

"အင်း . . . ခက်တော့တာပဲ။ စောစောက မင်းတို့တွေ့လိုက်တာဟာ လူအစစ်ပါကွ။ နာနာဘာဝလည်း မဟုတ်ပါဘူး။ ငါက မင်းတို့ကို ခြောက်လှန့်နေရအောင်





ဒီကျွန်းပေါ်မှာ လောဘရမ္မက် တက်လောက်စရာ ဘာပစ္စည်းမှလည်း မတွေ့ရသေးပါဘူး။ ငါက မင်းတို့ကို အမှန်အတိုင်းပြောနေတာပဲ။ မင်းတို့ကို သွေးခွဲနေတယ်လို့ မထင်ပါနဲ့။ ငါ ဘယ်လောက် ကြောက်လန့်သွားတယ်ဆိုတာကိုလည်း မင်းတို့ သတိထားနိုင်မယ် ထင်တယ်"

"ဒါဖြင့် ပြောဗျာ"

မိုးဟိန်းက စိတ်မရှည်စွာဖြင့် ပြောရင်းထိုင်ရာမှ ထကာ ပျောက်ကွယ်သွားပြီဖြစ်သော လူဆိုသည့် သတ္တဝါကို လိုက်ရှာနေမိ၏။

"အင်း . . . , သိပ်တော့ မကြောက်ကြနဲ့ပေါ့ကွာ။ အရေးအကြောင်းဆိုရင် ငါတို့လေးယောက်က ကျောချင်းကပ်ကြရမှာနော်"

"စိတ်ချဗျာ။ ပြောမယ်ဆိုတာသာ ပြောစမ်းပါ"

နက်ကျော်က အသံမာမာဖြင့် အော်ပေါက်လိုက်၏။ ဦးသောင်းချမ်းသည် မိုးဟိန်းကိုကြည့်လိုက်၏။ ကျောက်ဒိုးကို ကြည့်လိုက် နက်ကျော်ကို ကြည့်လိုက်လုပ်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခုနက လူဟာ ဒီကျွန်းပေါ်မှာ ကျက်စားနေတဲ့ လူတစ်မျိုးပဲ။ သူတို့ဟာ ငါတို့လိုပဲ စကားပြောကြတယ်။ ဒါပေမဲ့ သူတို့စိတ်တွေက တစ်မျိုးကြီး။ သူတို့အမူအကျင့်တွေကလည်း တစ်မျိုးကြီး။ သူတို့ဝတ်ဆင်ထားတာတွေကလည်း အံ့ဩဖို့ကောင်းတယ်။ နောက်ပြီး ရှိသေးတယ်။ သူတို့ဟာ မင်းတို့ ငါတို့လို လူတွေကိုတွေ့ရင် သားကောင်လို သဘောထားကြတယ်။ သူတို့သားကောင်လို သဘောထားတဲ့အတွက် မင်းတို့ ငါတို့ကို တွေ့တာနဲ့ သတ်ပစ်မှာပဲ"

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ။ ခင်ဗျား ဘယ်တုန်းက ဒီကျွန်းပေါ်ကို ရောက်ဖူးလို့လဲ"

"လွတ်မြောက်လာတဲ့ လူတစ်ယောက်က ပြောပြဖူးတာကွ။ ကြာတော့ အတော်ကြာပြီ။ ဟိုးဂျပန်ခေတ်တုန်းက ဂျပန်ရန်က လွတ်မြောက်ဖို့ ထွက်ပြေးလာကြတဲ့ မိသားစုတစ်စုဟာ လူထူးဆန်းတွေနေတဲ့ ကျွန်းတစ်ကျွန်းကို ရောက်သွားတယ်တဲ့။ အဲဒီကျွန်းပေါ်မှာနေတဲ့ လူတွေဟာ အဲဒီမိသားစုကို သတ်ဖြတ်ပစ်လိုက်ကြတယ်တဲ့။ ကံကောင်း





ထောက်မပြီး အိမ်ထောင်ဦးစီး ကိုကံသာဆိုတဲ့ လူတစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်တဲ့။ သူလည်း ကြောက်လန့်ပြီး သူ့လှေနဲ့ ထွက်ပြေးလာခဲ့တာ စစ်သင်္ဘောတစ်စီးက ကယ်တင်ခဲ့လို့ အသက်မသေဘူးတဲ့။ သူပြောတဲ့ စကားကို လူတွေက မယုံကြည်ကြဘူး။ မိသားစု ရေနစ်သေသွားလို့ သွေးပျက်ပြီး ပြောချင်ရာတွေ ပြောတာပဲဆိုပြီး ထင်နေကြတယ်။ သူ့ကို ရူးသွားပြီလို့ ယူဆနေကြတာပေါ့။ သူပြောပြတဲ့ လူထူးဆန်းတွေရဲ့ ရာဇဝင်ကလည်း အတော်စိတ်ဝင်စားဖို့ကောင်းတယ်ကွ"

သူတို့သုံးယောက်က ငြိမ်နေပြီး ဦးသောင်ချမ်း၏ ပြောစကားကို စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။ ကျောက်ဒိုးကတော့ ဂါထာမန္တန်ကို အဆက်မပြတ် ရွတ်နေ၏။ သူ့ဂါထာရွတ်ဆိုသံက တစ်ခါတစ်ခါ ကျယ်လာသဖြင့် ဦးသောင်ချမ်း၏ စကားပြောသံကိုပင် လွှမ်းသွား၏။

"အင်း . . . ဆက်ပြောပါဦး"

နက်ကျော်က မထီလေးစား အမူအရာဖြင့် ခပ်မဲ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ ပြောနိုင်း၏။ မိုးဟိန်းကတော့ ငြိမ်သက်ကာ ဦးသောင်ချမ်း၏မျက်နှာကို ကြည့်နေ၏။ ထို့နောက် ပင်လယ်ပြာကို ကြည့်လေ၏။

ပင်လယ်ပြာသည် အနီးမှာတော့ ရေလှိုင်းလုံးတွေက အားနှင့်မာန်နှင့် ပြေးတက်နေသော်လည်း အဝေးမှာတော့ အပြာရောင်ကော်ဇောကြီးခင်းထားသည့်အလား ညီညာငြိမ်သက်နေ၏။ အန္တရာယ်မပေးတတ်သော ရေပြင်အလား ထင်ရလောက်၏။ အကယ်၍ မြင်နေရသော နေရာသို့သွားခဲ့ပါမူ မည်မျှလှိုင်းကြမ်း လေကြမ်းသည်ကို သိနိုင်မည် မလွဲပါချေ။

"ဒီလူထူးဆန်းတွေဟာ တစ်ချိန်တုန်းက မထင်မရှား မြို့တစ်မြို့က နယ်စားကပယ်စားတွေတဲ့။ သူတို့ဟာ စစ်ရှုံးတော့ သစ်ဖောင်ကြီးဖွဲ့ပြီး ဒီဘက်ကို ထွက်ပြေးလာကြတာတဲ့။ အဲဒီလို ထွက်ပြေးရင်း ဒီကျွန်းပေါ်ကို ရောက်လာကြတာတဲ့။ ဒါကြောင့် သူတို့ကျွန်းကို ရောက်လာတဲ့သူကို သူတို့က သားကောင်သဘောမျိုးနဲ့ တိုက်ခိုက်သတ်





ဖြတ်ကြတာတဲ့"

"အဲဒီလူထူးဆန်းတွေက ဘယ်ခေတ်လောက်ကလဲ"

"ပြောပြတဲ့လူကတော့ ခေတ်တွေ ဘာတွေ အတိအကျ မပြောပြနိုင်ပါဘူး။ သူပြောပုံအရ မှန်းဆကြည့်ရတာတော့ ပုဂံခေတ်၊ တောင်ငူခေတ်လောက်ကလို့ ထင်မိတယ်"

မိုးဟိန်းအမေးကို ဦးသောင်ချမ်းက မပီမပြင် မတိမကျ ဖြေလေ၏၊ မိုးဟိန်းက မျက်နှာကို ရှုံ့မဲ့လိုက်၏။ နက်ကျော်ကတော့ အတော်စိတ်ဝင်စားသွားပြီး ငြိမ်သက်စွာဖြင့် နားထောင်နေလေ၏။ ကျောက်ဒိုးကတော့ ဂါထာမန္တန်များကို ရွတ်ဆိုကောင်းဆဲ။

"ဟာ . . . ခင်ဗျားပြောတာလည်း ပုံပြင်ဆန်နေသလိုပဲ။ ဒါတွေထားတော့ဗျာ။ အခု ကျွန်တော်တို့ ရောက်နေတာကျွန်း။ ခင်ဗျားတို့ ကျွန်တော်တို့ ဘဝတစ်ခုပြောင်းတဲ့ကျွန်း။ ကိုယ့်မိသားစုနှင့် ဒီတစ်သက်ပြန်တွေ့ချင်မှ တွေ့ရတော့မယ့်ကျွန်း။ ဒီကျွန်းပေါ်မှာ ခင်ဗျားပြောတဲ့ ပုံပြင်ကို နားထောင်ပြီး ငြိမ်နေလို့တော့ မဖြစ်သေးဘူး။ စားဖို့၊



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖို့၊ နေထိုင်ဖို့ကိစ္စတွေ ရှိသေးတယ်။ အခု လောလောဆယ်ပဲကြည့်။ ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ်ပေါ်က စိုနေတဲ့ အဝတ်အစားတွေကို ခြောက်သွားအောင် မပြုလုပ်နိုင်ကြသေးဘူး။ ပင်လယ်လေကလည်း တိုက်တယ်။ နေကလည်း တအားပူတယ်။ ကြာရင် ဒီအတိုင်းဆို ဖျားနေပြီး သေကြလိမ့်မယ်၊ ကျွန်တော်တို့ တစ်နေရာကို ဆက်သွားကြမှကောင်းမယ်"

မိုးဟိန်းက သူ့စကားဆုံးသည်နှင့် ရှေ့ဆုံးမှ ထွက်သွား၏။ ကျန်လူများက မိုးဟိန်း၏ နောက်မှလိုက်သွားကြ၏။ မိုးဟိန်းတို့ ဦးတည်သွားနေသည်က တောအုပ်စိမ်းညို့ညို့ဆီသို့ ဖြစ်နေ၏။

× × ×





# အခန်း ( ၂ )
## ကျွန်းပေါ်မှ ရှုထူးဆန်း

သူတို့လေးဦး ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ အသက်ပင် မရှူမိကြချေ။ သူတို့အားလုံးသည် ရှေ့သို့ ခြေမလှမ်းမိကြသလို နောက်သို့လည်း ခြေမဆုတ်မိကြချေ။ သူတို့သွားနေသည့် လမ်းခရီးကလည်း အတော်ဝေးပေါက်နေပြီဖြစ်၏။ သူတို့သည် တောထဲသို့ (၂)မိုင်ခန့် ခရီးပေါက်လာကြပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တောထဲသို့ အတော်အတန်ဝင်မိသည်နှင့် သူတို့ စောစောက တွေ့ခဲ့သော လူထူးဆန်းများထက် ပို၍ဆန်းသောလူများကို အနီးကပ်တွေ့မြင်လိုက်ရလေ၏။ နေဝင်တော့မည့် အခြေအနေမျိုးတွင်ဆိုတော့ သူတို့ပို၍ ကြောက်လန့်မိသွားကြ၏။ ဘာကောင်တွေမှန်း သူတို့မသိကြပါချေ။

"ပုန်း"

ဦးသောင်ချမ်းက သူတို့ကို သတိပေးရင်း ချုံပုတ်တစ်ခုထဲသို့ တိုးဝင်သွားလေ၏။ သို့ဖြစ်၍ ကျန်လူများကလည်း နီးစပ်ရာချုံအတွင်းသို့ တိုးဝင်သွားကြ၏။ မိုးဟိန်းက နောက်ဆုံးမှ ပြေးဝင်မိ၏။ စူးစမ်းသော မျက်လုံးများဖြင့် ကြည့်နေပြီးမှ ပြေးဝင်လာမိခြင်းဖြစ်၏။ ထူးတော့ အတော်ထူးဆန်းနေသည်။

ဦးသောင်ချမ်းပြောသလို ဟုတ်များ ဟုတ်နေသလားဟု မိုးဟိန်းက တွေးမိသွား၏။ လူတော့လူတွေပဲဖြစ်၏။ သူတို့လက်ထဲတွင် လက်နက်တွေက မျိုးစုံတွေပဲ။ ဝင်းလက်နေသော ဓားများကိုလည်း တွေ့ရ၏။ ဒူးလေးနှင့်





လုံများကိုလည်း ကိုင်ဆောင်ထား၏။

သူတို့ဝတ်ဆင်ထားသည်ကလည်း စောစောက လူတွေ ဝတ်ဆင်ထားပုံနှင့် မတူချေ။ အခု မြင်တွေ့နေရသော လူများသည် ရာဇဝင်ဇာတ်ကားတွေထဲက အာဏာပါးကွက်သားများပုံစံမျိုး ဝတ်ဆင်ထားလေ၏။

ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဘာအဝတ်အစားမှမရှိချေ။ အောက်တွင်တော့ ပုဆိုးကို ခါးတောင်းမြှောင်အောင် ကျိုက်ထားကြ၏။ သူတို့၏ပေါင်တွင်လည်း ထိုးကွင်းမင်ကြောင်များဖြင့် မည်းနက်ပြောင်လက်နေ၏။ ဆံပင်ပုံစံကလည်း ပန်းချီကားများထဲတွင် မြင်တွေ့ရသည့် ရှေးမြန်မာကြီးများပမာ သျှောင်ထုံးထားကြ၏။

"နင်တို့ ငါတို့အတွက် ပျော်စရာကောင်းအောင် လိုက်ရမယ့် အမဲလေးကောင် ဒီနယ်မြေထဲကို ဝင်လာတဲ့အကြောင်း ခြေမြန်တော်က အကြောင်းကြားတဲ့အတွက် အခုလို တောနက်ထဲကို နင်တို့ ငါတို့ ဝင်ရောက်လာခဲ့ရတယ်။ နင်တို့ ငါတို့ဟာ ကျွန်းဧကရီရဲ့ သစ္စာတော်ကို



www.burmeseclassic.com

www.burmeseclassic.com



ခံယူထားကြတဲ့အတိုင်း အဲဒီအမဲကောင်တွေကို ရှေ့တော်ရောက်သွင်းနိုင်ဖို့ သွေးသောက်ဝိသကြစေ"

"မှန်လှပါ အသင်စစ်သူကြီး"

မိုးဟိန်း၏တစ်ကိုယ်လုံးမှာ သိမ့်သိမ့်ခါအောင် တုန်ယင်နေ၏။ တခြားသူများမှာလည်း ကြောက်ရွံ့စိတ်ကြောင့် တုန်ယင်နေကြ၏။ သို့ဆိုလျှင် သည်ကျွန်းပေါ်သို့ မိုးဟိန်းတို့ရောက်ရှိနေသည်ကို လူထူးဆန်းများက သိထားကြပြီထင်၏။ အရှင်သခင်၏ အမိန့်တော်အတိုင်း မိုးဟိန်းတို့ကို အမဲကောင်သဖွယ် သဘောထားကာ တောကစားကြရန်အတွက် တပ်ဖြန့်၍ ရှာဖွေနေကြခြင်းဖြစ်လေ၏။

မိုးဟိန်းသည် ဦးသောင်ချမ်းပြောစဉ်က မယုံကြည်ခဲ့ချေ။ အခုတော့လည်း မျက်မြင်ကိုယ်တွေ့မို့ ယုံကြည်ရပေတော့မည်။ ပင်လယ်ထဲတွင် ငါးမန်းစာမဖြစ်ခဲ့ကြသော လူသားလေးယောက်သည် ဤကျွန်းပေါ်မှ လူထူးဆန်းများ၏လက်ချက်ဖြင့် သေရတော့မည်လားဟု အသေအချာ မစဉ်းစားနိုင်ပါတော့ချေ။





လူထူးဆန်းများသည် သူတို့၏ ခေါင်းဆောင်ဆိုသူ၏စကားသံအဆုံးတွင် လူစုများခွဲကာ စတင်ချီတက်လာကြ၏။ သူတို့အဖွဲ့တွင် လူအတော်များလေ၏။ စုစုပေါင်း အယောက် (၂၀)ခန့်ရှိမည်ဟု မပြောတတ်ပါချေ။

မိုးဟိန်းတို့သည် သူတို့အုပ်စု လုံးဝပျောက်ကွယ်သွားသည်အထိ ရင်တမမဖြင့် စောင့်ကြည့်နေမိကြလေ၏။ သူတို့ပျောက်ကွယ်သွားတော့မှ မိုးဟိန်းက ချုံထဲမှ အရင်ထွက်လိုက်၏။

"ဟေ့ . . . ထွက်ကြ၊ ထွက်ကြ"

မိုးဟိန်းက သူ့လူများကို တိုးတိုးကလေး ခေါ်လိုက်၏။ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြ၏။ သူတို့အားလုံး၏မျက်နှာတွင် သွေးမရှိအောင် ကြောက်လန့်နေကြ၏။

"ဇာတ်ထဲက လူသတ်အာဏာပါးကွက်သားတွေလိုပါပဲလား"

"အေး . . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဟိုလူသတ်အာဏာပါးကွက်သားတွေလို တော့ ကြောက်စရာမကောင်းဘူး။ သူတို့အားလုံးရဲ့ ရုပ်တွေ က သိပ်ခန့်ညားတာပဲနော်။ အရပ်တွေကလည်း မြင့်လိုက်တာ (၆)ပေလောက်ရှိမလား မသိဘူး။ ငါတို့အားလုံးထဲမှာ အရပ်အမြင့်ဆုံးက မိုးဟိန်း။ မင်းထက် ဟိုလူထူးဆန်းတွေက ခေါင်းတစ်လုံး ပိုမြင့်ချင်သေးတယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုနေချိန်တွင် ကျောက်ဒိုးကတော့ ဂါထာမန္တန်များကို ရွတ်ဆိုနေဆဲ ဖြစ်လေ၏။

"အဲဒါတွေထားလိုက်ပါဦး။ ငါတို့ အဲ့ဒီလမ်းအတိုင်း ဆက်သွားလို့ မဖြစ်သေးဘူး။ တောနက်ထဲမှာ လမ်းမရှိတဲ့ နေရာတွေကို ကိုယ့်ဘာသာလမ်းထွင်သွားမှဖြစ်တော့မယ်"

"အင်း . . . ဟုတ်တယ်"

မိုးဟိန်း၏ အကြံအစည်အတိုင်း သူတို့ ခရီးဆက်ခဲ့ကြ၏။

"ကျွန်တော့်ကို ကယ်တင်ကြပါဗျာ။ ခုနက လူထူး





ဆန်းတွေ လက်ထဲမှာတော့ မသေအောင် ကာကွယ်ပေးကြပါ"

ကျောက်ဒိုးက အသံတုန်တုန်ယင်ယင်ဖြင့် အားလုံးကို အသနားခံနေသည်။

"မင်းကတစ်မျိုး။ သူတို့လည်း လက်နဲ့ခြေနဲ့ ငါတို့မှာလည်း လက်နဲ့ခြေနဲ့ ဘာကြောက်စရာရှိလဲ။ ပြန်လည်ခုခံရမှာပေါ့။ ငါတို့က သူတို့ထက် အမြင်ပိုကျယ်တယ်။ သူတို့မှာရှိတဲ့ လက်နက်တွေကို ငါတို့ပိုင်ဆိုင်ရင် သူတို့ကို ငါတို့က ဘာကြောက်စရာရှိမလဲ။ သူတို့လက်နက်တွေကို ငါတို့လက်နက်တွေ ဖြစ်အောင်လည်း ယူနိုင်ကြဖို့တော့ လိုတယ်"

မိုးဟိန်းသည် သူတို့အဖွဲ့တွင် ခေါင်းဆောင်ဖြစ်မှန်း မသိ ဖြစ်လာလေ၏။ မိုးဟိန်းက ကျွန်းအကြောင်းကို နားမလည်ပါချေ။ ရေကြောင်း၏ သဘောတရားကိုလည်း မသိပါချေ။ သည်ကျွန်းမှာရှိသော သားကောင်များ၏အကြောင်းကိုလည်း မသိကျွမ်းပါ။ သို့သော် ဦးဆောင်ချမ်းပါနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သည်ကိစ္စတွေကို ဦးသောင်ချမ်းက ဦးဆောင်မှာ မလွဲဟု မိုးဟိန်းက သိနေ၏။

ယခု လောလောဆယ်တွင် သူတို့အတွက် အရေးကြီးနေသည်မှာ ထိုအရာများ မဟုတ်ပါသေးချေ။ အခု လောလောဆယ် အရေးကြီးနေသည်က လူထူးဆန်းများ၏ လက်မှလွတ်မြောက်ပြီး ဝေးသောနေရာဒေသသို့ ရှောင်တိမ်းသွားရန်သာ ဖြစ်လေ၏။

မိုးဟိန်းတို့လူစု တစ်မိုင်ခန့် ဆက်သွားမိလျှင် ည အမှောင်ထုက လွှမ်းမိုးလာလေ၏။ ကျောက်ဒိုးက အမှောင်မြင်သည်နှင့် ပို၍ကြောက်ရွံ့လာ၏။ ဦးသောင်ချမ်း၏လက်ကို အတင်းဆုပ်ကိုင်ပြီး အကွဲမခံ၊ ထက်ကြပ်မကွာ လိုက်ပါလေ၏။ မိုးဟိန်းတို့သည် အမှောင်ထဲမှာပင် စမ်းတဝါးဝါးနှင့် ခရီးဆက်ခဲ့ကြလေ၏။

"ဟာ . . . ဟိုမှာ . . . ဟိုမှာ"

ဦးသောင်ချမ်းက ဟိုဝေးဝေးဆီတွင် လှမ်းမြင်နေရသော မီးရောင်ကို လက်ညှိုးထိုးပြလေ၏။ အတော်ဝေးဝေး





နေရာတွင် မီးများလင်းနေသည်။ လျှပ်စစ်မီးရောင်မျိုးတော့ မဟုတ်။ အဆီတစ်ခုခုကို ထွန်းညှိထားသော မီးရောင်မျိုး ဖြစ်၏။ ညဖြစ်သောကြောင့်သာ မီးကို မြင်နိုင်ခြင်းဖြစ်၏။

မိုးဟိန်းတို့ရောက်ရှိနေသောနေရာမှ လှမ်းမြင်နေရခြင်းမို့ အန္တရာယ်ကို သတိထားရှောင်တိမ်းနိုင်ဖို့ အခွင့်အရေးဖြစ်နေ၏။

"ဒီမီးရောင်ဟာ စောစောက လူထူးဆန်းတွေ ပြောသွားတဲ့ သူတို့အရှင်သခင်မရဲ့ အင်ပါယာ စခန်းဖြစ်နိုင်ကယ်"

မိုးဟိန်းက အသေအချာလေ့လာပြီးမှ အသံကို ထိန်းပြီး တစ်လုံးချင်း ပြောလေ၏။

"အင်း . . . ဟုတ်တယ်။ ဦးလေး ပြောတာတွေဟာ သူတို့အကြောင်းတွေပဲ"

အရေးထဲတွင် ဦးသောင်ချမ်းက သူပြောသည့်အတိုင်း မှန်ကန်နေ၍ ဂုဏ်ယူစကားပြောနေ၏။

"ထားပါတော့ဗျာ။ အခုတော့ ခင်ပျားစကားကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ယုံကြည်ရတော့မလို ဖြစ်နေပေမယ့် ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ စဉ်းစားလို့မရသေးဘူး"

မိုးဟိန်းက သူ့စိတ်ထဲတွင် ရှိသည်ကို ပြောနေ၏။

"အိုး . . . ဘာပဲဖြစ်ဖြစ် သေမှသေရော ပျော်ပျော်နေတာပဲ ကောင်းတယ်။ သူသေကိုယ်သေတော့ တစ်ပွဲတစ်လမ်း စမ်းကြသေးတာပေါ့"

နက်ကျော်က လေးအေးအေးဖြင့် ပြေနေပြန်၏။

"ကျောက်ဖိုး . . . မင်းသိပ်ကြောက်နေရင် ငါတို့နဲ့ မလိုက်ခဲ့နဲ့။ ဒီမှာပဲ မင်းနေခဲ့"

မိုးဟိန်းက အကြောက်လွန်ကဲနေသည့် ကျောက်ဖိုးကို စိတ်မရှည်ဟန်ဖြင့် အော်ငေါက်ပစ်လိုက်၏။ ထို့နောက် မိုးဟိန်းသည် အားလုံးကို ရဲရဲတင်းတင်း မျက်နှာထားဖြင့် ကြည့်နေ၏။ အမှောင်လွှမ်းစပြုနေသော်လည်း တစ်ယောက်မျက်နှာကိုတစ်ယောက် မြင်နိုင်သေး၏။

"အခုကိစ္စမှာ တစ်ယောက်တစ်ပေါက် စိတ်ဓာတ်တစ်မျိုးစီနဲ့ လူထူးဆန်းတွေကို ရင်ဆိုင်ဖို့တော့ မဖြစ်ဘူး။





အားလုံး မသာဖြစ်ကုန်လိမ့်မယ်။ ဒီတော့ အားလုံးဟာ တစ်ခုတည်းသော ဆုံးဖြတ်ချက်ကို ချရမယ်"

အားလုံးက ငြိမ်သက်နေကြ၏။ မိုးဟိန်းကို ငေးမောကြည့်ရှုနေကြလေ၏။

"ဦးသောင်းချမ်း"

"ပြော . . . မောင်မိုးဟိန်း"

"ခင်ဗျားဟာ ကျွန်တော်တို့အထဲမှာ အသက်လည်းကြီးတယ်။ ရေသတ္တဝါတွေအကြောင်း၊ ရေအကြောင်း၊ လေအကြောင်းတွေကို အသိဆုံးလူပဲ။ သို့ပေမယ့် ခင်ဗျားလည်း အင်မတန်စိုးရိမ်သောကကြီးတယ်။ ဒီတော့ ခင်ဗျားကို ကျွန်တော်တို့လေးယောက်ထဲမှာ ခေါင်းဆောင်တော့ မတင်နိုင်ဘူး"

မိုးဟိန်းက စကားကို ပြတ်ပြတ်သားသား ပြောနေ၏။ သည်ကျွန်းပေါ်တွင်ရှိသည့် လူထူးဆန်း အင်အားက ဘယ်လောက်ရှိသလဲဟု မသိရသေး။ စောစောက မြင်တွေ့လိုက်ရသောအင်အားကပင် အတော်များနေ၏။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတွင် လက်နက်ကိုယ်စီနှင့် ဖြစ်လေ၏။

သို့ဖြစ်၍ သူတို့လေးယောက်ကို ဦးဆောင်မည့် လူတစ်ယောက်ကတော့ အမှန်လိုလာပြီ။ ခေါင်းဆောင်ကောင်းလိုအပ်သလို နောက်လိုက်ကောင်းလည်းလိုသည်။

"ကျွန်တော်ပြောတာကို သဘောပေါက်ရဲ့လား ဦးသောင်ချမ်း"

"အင်း . . . သဘောပေါက်ပါတယ် မောင်မိုးဟိန်း။ ခေါင်းဆောင်ကောင်းတစ်ယောက်ရှိရင် အခြေအနေက ပိုကောင်းလာနိုင်တယ် မဟုတ်လား"

"အမှန်ပေါ့ဗျာ"

နက်ကျော်က ထောက်ခံစကားဆို၏။ ကျောက်ဒိုးသည် စောစောက မိုးဟိန်း၏ အငေါက်ခံထားရသဖြင့် ဂါထာတွေကို အသံထွက်အောင် မရွတ်ဆိုရဲတော့ချေ။ သူသည် စိတ်ထဲမှ ဂါထာတွေကို ပွစိပွစိနှင့် ရေရွတ်ကာ မိုးဟိန်းတို့ ပြောဆိုနေသည်ကို နားထောင်နေလေ၏။

"ဒီတော့ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ အဖွဲ့





ထဲမှာ စိတ်အေးသက်သာစွာ နေနိုင်တဲ့သူဆိုလို့ နက်ကျော်တစ်ယောက်ပဲ ရှိတယ်။ ဒီတော့ နက်ကျော်ကို"

"ဟာ . . . ဟေး . . . မလုပ်နဲ့။ ကျွန်တော့်ကို မတင်နဲ့။ ကျွန်တော်က ခေါင်းဆောင်လုပ်ရမယ့် အလုပ်မျိုးကို မလိုလားဘူး။ တစ်ခုတော့ရှိတယ်။ နောက်လိုက်ကောင်းတစ်ယောက်တော့ ကျွန်တော် ပီသစွာနေပါ့မယ်"

နက်ကျော်က ပြတ်ပြတ်သားသား ငြင်းလိုက်သံကြောင့် မိုးဟိန်း စဉ်းစားစရာ ဖြစ်သွားသည်။

"ကြာတယ်ဗျာ။ ကျွန်တော် ပြောမယ်။ ကိုမိုးဟိန်းက လူထွားလူသွက်တစ်ယောက်ပဲ။ ပြီးတော့ ခင်ဗျားက သတင်းထောက်တစ်ယောက်လည်း ဖြစ်နေတယ်။ ကျောင်းဆရာတစ်ယောက်လည်း ဖြစ်တယ်။ ဒီတော့ ဘက်စုံမှာ ခေါင်းကကောင်းနေတုန်းပဲ။ ခင်ဗျား ကိုယ်လုံးကိုယ်ထည်ကို ကြည့်ရတာ အထိုးအကြိတ် အသတ်အပုတ်တွေ၊ အားကစားဆိုင်ရာသင်တန်းတွေ အားလုံးကို ခင်ဗျား တက်ရောက်ခဲ့မယ်ဆိုတာ ကျွန်တော်သိနေတယ်။ နောက်ပြီး တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အရန်တပ်ရင်းတွေမှာလည်း ခင်ဗျား ပါခဲ့မှာအမှန်ပဲ။ အဲဒါကြောင့် ကျွန်တော်တို့အဖွဲ့မှာ ခင်ဗျားပဲ ခေါင်းဆောင်လုပ်ပါ"

ဟု နက်ကျော်က ပြော၏။ မိုးဟိန်း မငြင်းသာတော့။ မိမိသည် သတင်းထောက်ကောင်းတစ်ဦးလည်း ဖြစ်၏။ ခေါင်းအေးအေးဖြင့် ဘာမဆို လုပ်တတ်သည်ကလည်း မှန်ကန်၏။ နောက်တစ်ချက်က နက်ကျော် ပြောသလိုပင် မိမိက တက္ကသိုလ်တုန်းက ဘက်စုံပါဝင်ခဲ့သူ ဖြစ်လေ၏။

"ကောင်းပြီ။ အားလုံးက သဘောတူရင် ကျွန်တော် ခေါင်းဆောင်လုပ်မယ်ဗျာ"

"ကောင်းတယ်"

"လုပ် . . . သိပ်သဘောကျတယ်"

"ကျွန်တော် တစ်ခုတော့ ပြောပါရစေ"

ဂါထာမန္တန်ကို မနားတမ်းရွတ်ဆိုနေသည့်ကျောက်ဒိုးက ဝင်ပြော၏။





"ဘာလဲပြော"

"ကျွန် . . . ကျွန်တော်က ကြောက်တတ်ပေမယ့် ဘာမဆို နိုင်းရင်လုပ်ပါ့မယ်။ ကျွန်တော့်အသက်ကိုတော့ ကိုမိုးဟိန်းရဲ့ လက်ထဲမှာ ပုံအပ်ထားပါ့မယ်"

ကျောက်ဒိုး၏စကားကြောင့် မိုးဟိန်းက ရယ်ချင်သွားမိ၏။ သည်ကောင် ကျောက်ဒိုးသည် ရူးများသွားပြီလားမသိချေ။ သူ့အသက်ကို အချိန်ရှိတိုင်း သူများလက်ထဲသို့သာ အပ်နှံနေလေ၏။

"စိတ်ချပါ။ ငါမသေရင် မင်းလည်းမသေစေရဘူး။ ငါတို့အားလုံး တစ်ယောက်မှ မသေရအောင် ငါတို့ကြိုးပမ်းရမှာပဲ"

မီးရောင်ရှိရာသို့ မိုးဟိန်းတို့အားလုံး လှမ်းကြည့်နေမိကြပြန်၏။ မီးရောင်တွေက ပို၍လင်းလာ၏။ ပို၍ထင်ရှားလာသလိုပင်။

စမြင်စက အလင်းရောင်ရှိသေးသည့်အတွက် မီးရောင်၏အလင်းရောင်အားကနည်းနေသေး၏။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ညအမှောင်သို့ရောက်နေပြီမို့ အလင်းရောင်သည် အမှောင်ထဲတွင် ပေါ်လွင်မှု ပိုနေခြင်း ဖြစ်လေ၏။

"မီးရောင်တွေဘက်ကိုတော့ ဆက်သွားလို့ မဖြစ်တော့ဘူး။ ဒီတော့ ကျွန်တော်တို့အဖွဲ့ အဲဒီရဲ့ဆန့်ကျင်ဘက်အရပ်ကို သွားကြမယ်။ တစ်ညလုံး ခရီးဆက်ကြမယ်။ ပြီးမှ တစ်နေရာကို သွားပြီးနားကြမယ်"

သူတို့အားလုံးသည် မိုးဟိန်းပြောသည့်အတိုင်း အမှောင်အောက်တွင် တရွေ့ရွေ့ဖြင့် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြလေ၏။

× × ×

ကောင်းကင်တွင် အလင်းရောင်က ထိန်ထိန်လင်းနေ၏။ မိုးဟိန်းတို့သည် လရောင်အောက်တွင် သွားလာရင်း ပင်လယ်အစပ်တွင် ကျောက်ဂူကြီးတစ်လုံးကို တွေ့လိုက်ရ၏။

ကျောက်ဂူကြီးမှာ အတော်ကြီးပြီး အထဲတွင်





လည်း ကျောက်တုံးကြီးများ ကျောက်ဖျာကြီးများကို တွေ့ရလေ၏။ ကျောက်ဂူအဝင်ဝကတော့ အတော်ကလေးကျဉ်း၏။ လူတစ်ကိုယ်စာ ဝင်နိုင်ရုံသာရှိ၏။ အတွင်းဘက်မှာတော့ လူများစွာ နေနိုင်သလောက်အောင် ကျယ်ဝန်း၏။

မိုးဟိန်းသည် ဆေးလိပ်သမား နက်ကျော်ထံမှ မီးခြစ်ဖြင့် ကျောက်ဂူအတွင်းမှ အခြေအနေကို သေသေချာချာ လိုက်ကြည့်ကြ၏။ နက်ကျော်၏ မီးခြစ်ကလေးက အတော်အသုံးဝင်နေ၏။ မီးခြစ်ကလေး ရှိနေခြင်းအတွက် သူတို့အတွက် အလင်းရောင်သည် ပို၍ တောက်ပနိုင်မည်ဟုလည်း သူတို့ ယုံကြည်နေကြလေ၏။ သူတို့သည် လုံခြုံစိတ်ချရသည်ဟု ထင်မိသော ကျောက်ဂူအတွင်းသို့ရောက်မှ ကောင်းမွန်စွာ အိပ်စက်ကြလေ၏။

အဘယ်မျှကြာအောင် အိပ်စက်မိကြသည် မသိချေ။ သူတို့အိပ်ရာကနိုးတော့ နေရောင်က အတော်မြင့်မြင့်သို့ပင်ရောက်နေပြီဖြစ်၏။ အိပ်ရာမှနိုးသည်နှင့် သူတို့ ကူညီစွာခံစားရသည်က ဆာလောင်နေကြခြင်းပင် ဖြစ်၏။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် မိုးဟိန်း၏ အမိန့်မရသ၍ သူတို့တစ်ဦးမျှ ကျောက်ဂူ အပြင်သို့ ထွက်ခွင့်မရချေ။

"အားလုံး အပြင်ကိုမထွက်ခင် ကျွန်တော် တစ်ခု ပြောမယ်။ အခုကိစ္စဟာ သွေးစည်းညီညွတ်ဖို့ အရေးကြီး တယ်။ သစ္စာတရားရှိဖို့လည်း လိုတယ်။ အဲဒါကြောင့် ကျွန် တော်တို့ သွေးဖောက်သောက်ကြမယ်"

မိုးဟိန်းက မနေ့က သွားလာရင်းလမ်းတွင် တွေ့ သော လူမျက်နှာလောက်ကြီးရှိသည့် ခရုခွံနှစ်ခုကို ရေဆွင် ချထားပြီးတော့ ဦးသောင်ချမ်း၏ခါးကြားတွင် မြံမြံစွာ ပါလာသော ဓားမြှောင်ကိုယူပြီး သူ့လက်မောင်းကို အရင် ဖောက်၏။ မိုးဟိန်း၏လက်မောင်းမှ သွေးတို့သည် ခရုခွံ ထဲသို့ ကျလာ၏။

"တစ်ယောက်ပြီးတစ်ယောက်ဖောက်ကြ။ ဘယ် မှာလဲ ရေထည့်ယူလာတဲ့ ဝါးကျည်တောက်"

ညကလမ်း၌တွေ့ခဲ့သော ရေအိုင်ကလေးတစ်ခု ထဲမှ ရေကို ဝါးကျည်တောက်တစ်ခု ပြုလုပ်ပြီး ထည့်လာ





သည့် ကိုမိုးဟိန်းက သတိရ၍ မေးခြင်းဖြစ်လေ၏။ နက် ကျော်က ဝါးကျည်တောက်ကိုပေးသည်။

အားလုံးက သွေးသောက်သည့်အလုပ်ကို လုပ် ကြသော်လည်း ကျောက်ဒိုးက သူ့ကိုယ်သူ ဓားနှင့် မထိုးရဲ သည့်အတွက် မိုးဟိန်းကပင် ထိုးဖောက်ပေးလိုက်ရ၏။ ကျောက်ဒိုးက တအားအော်သဖြင့် နက်ကျော်က ပါးစပ် ပိတ်လိုက်ရ၏။

အားလုံး သွေးသောက်ကြပြီးနောက် အတော်ကြာ အောင်ပင် တစ်ယောက်ကို တစ်ယောက်ကြည့်လျက် ငြိမ် သက်နေကြပြီးမှ ဦးသောင်ချမ်းက မိုးဟိန်း၏ အနားသို့ ထလာလေ၏။

"မောင်မိုးဟိန်း"

"ပြောပါ . . . ဦးလေး"

"ဦးလေး မောင်မိုးဟိန်းရဲ့ သစ္စာတော်ခံရဲဘော်ရဲ ဘက်အဖြစ် အသက်ရှင်နေသ၍ ရပ်တည်သွားမယ်ဆိုတာ ယုံကြည်အောင်လို့ ဦးလေး . . . ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းချမ်းက စကားကိုရပ်ထားပြီး သူ့ပေါင်တွင် သိုဝှက်ထားသော အရောင်ဝတ္ထုတစ်ခုကို ထုတ်ပြီး . . .

"ရော့ . . . ဒါဟာ ခေါင်းဆောင်ကောင်းတစ်ယောက်မှာရှိသင့်တဲ့ ပစ္စည်းပဲကွ"

ဟုလှမ်းပေး၏။ မိုးဟိန်းက အံ့သြနေသည့်အတွက် ချက်ချင်းထိုပစ္စည်းကို မယူနိုင်ဘဲ ဖြစ်နေ၏။ အားလုံးက ဦးသောင်းချမ်းကို တအံ့တသြ ဖြစ်နေကြ၏။

"ရော့ . . . ယူပါကွ။ ဒါဟာ ခေါင်းဆောင်ကောင်းတစ်ယောက်မှာရှိသင့်တဲ့ ပစ္စည်း"

မိုးဟိန်းသည် အားလုံးကို ပြုံးပြပြီးနောက် မျက်လုံးကို ကစားကြည့်နေ၏။ ပြီးမှ မိုးဟိန်းသည် ဦးသောင်းချမ်း လှမ်းပေးသောပစ္စည်းကို ယူထားလိုက်၏။

"ကျည်ဆန်ကတော့ ဒီတစ်ကပ်ရှိတယ်။ ဘာပဲဖြစ်ဖြစ် ချွေချွေတာတာသုံးမယ်ဆိုရင် မဆိုးဘူး ထင်တာပဲ။ အေးလေ မင်းကခေါင်းဆောင်ပဲ မင်းကြည့်သုံးနိုင်မှာပါကွာ"

မိုးဟိန်းက ပစ္စတိုကို သေသေချာချာကြည့်နေ၏။





မိုးဟိန်းက သေနတ်မျိုးစုံအကြောင်းကို သိနေ၏။ မိုးဟိန်း၏ သူငယ်ချင်းအတော်များများက လိုင်စင်နှင့် သေနတ်များကို ကိုင်ဆောင်ထားကြလေ၏။ မိုးဟိန်းသည် သူငယ်ချင်းများထဲတွင် သေနတ်ပစ်အတည့်ဆုံးဟု နာမည်ရထားသူဖြစ်၏။ အခုလို သေနတ်ရလာတော့ မိုးဟိန်းအတွက် တစ်အားဖြစ်သွား၏။ မိမိတို့အားလုံးအတွက် အားထားစရာဖြစ်လာ၏။

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်။ ကျွန်တော်တို့မှာ အခုလို သေနတ်တစ်လက်ရှိထားတော့ တစ်အားပေါ့။ ကိုင်း . . . ကျွန်တော်တို့အထဲက ကျောက်ဂူအပြင်ဘက်ကို ထွက်ကြမယ်။ အားလုံးကိုတော့ မထွက်စေချင်ဘူး။ ဦးသောင်းချမ်းရယ် ကျွန်တော်ရယ် နှစ်ယောက်တည်းပဲ အပြင်ကို ထွက်မယ်။ စားလို့ရတာတွေကို ဦးသောင်းချမ်းက ညွှန်ပြပါ။ ကျွန်တော်က အားလုံးစားဖို့ သယ်လာပေးမယ်။ နက်ကျော်မင်းက ထင်းခွေရှာပြီး မီးမွှေးထား။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့မီးခြစ်က ဓာတ်ဆီကုန်သွားရင် မီး



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ မလွယ်တော့ဘူး။ အဲဒါကြောင့် မီးအမြဲရှိနေမှ ဖြစ်မယ်"

မိုးဟိန်းက သူ့စကားဆုံးသည်နှင့် ကျောက်ဂူထဲမှ အရင်ထွက်သွား၏။

"ဟင်"

"ဟာ"

ကျောက်ဂူအဝသို့ရောက်လျှင် မိုးဟိန်းနှင့် ဦးသောင်ချမ်းတို့ နှစ်ဦးစလုံး အံ့ဩသွားရ၏။

"မောင်မိုးဟိန်း သေနေပြီလား"

ဦးသောင်ချမ်းက တစ်လုံးချင်းမေး၏။ မိုးဟိန်းက ခေါင်းခါပြရင်း သေသေချာချာ ကြည့်နေ၏။

"အင်း . . . သူလည်း ကျွန်တော်တို့လို ဦးလေး စက်လှေကို စီးလာတဲ့ မိန်းကလေး ဖြစ်ရမယ်"

မိုးဟိန်းက သတိမေ့မျောနေသော မိန်းကလေးကို သူ့ရင်ခွင်ထဲတွင် ပွေ့ထားရင်း . . .

"ဦးလေး . . . သူ့ကို ကျွန်တော်တို့ ဂူထဲခေါ်သွားမှ ဖြစ်မယ်"





"အေး . . . ဟုတ်တယ်"

သူတို့နှစ်ယောက်သည် မိန်းကလေးကို ရှေ့နောက်သယ်ပိုးပြီး ဂူအတွင်းသို့ သယ်လာကြလေ၏။ ထို့နောက် သူတို့သည် မိန်းကလေးအား သူတို့စခန်းချသော နေရာသို့ ယူလာခဲ့ကြ၏။

"ဟင် . . . ဘယ်သူလဲ"

"ဟာ . . . လူ . . . လူ သေနေပြီလား။ ကျွန်တော်မကြည့်ရဲဘူး"

ကျောက်ဒိုးက ဂါထာမန္တန်များကို ရွတ်ဆိုနေရင်းမှပြော၏။ နက်ကျော်က မိုးဟိန်း၏ရင်ခွင်ထဲမှ မိန်းကလေးကို အသက်ရှင်မရှင်ကို စမ်းသပ်ကြည့်နေ၏။

"သူလည်း သိပ်ပင်ပန်းပြီး သတိမေ့မျောသွားတာ ဖြစ်မယ်"

ကြည့်လို့တော့ သိပ်မကောင်းပေ။ မိန်းကလေး၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာ ဖရိုဖရဲ ဖြစ်နေလေ၏။ မလုံမခြုံ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းတို့သည် တတ်သမျှ မှတ်သမျှဖြင့် မိန်းကလေးကို ဝိုင်းဝန်းပြုစုပေးနေကြလေ၏။ ရေတိုက်သူက တိုက်၊ မီးဖြင့်အနွေးဓာတ် ပေးသူပေးနှင့် အလုပ်များနေကြလေ၏။ အားလုံးက အလုပ်များနေကြလည်း ကျောက်ဒိုးက အဝေးသို့သွား၍နေ၏။ သူ့ပါးစပ်မှလည်း ဂါထာမန္တန်ပေါင်းများစွာကို ရွတ်ဆိုနေ၏။

မိန်းကလေးက သတိရလာ၏။ မိန်းကလေးက မိုးဟိန်းတို့ကို ကြည့်လိုက် ကျောက်ဂူထဲသို့ ကြည့်လိုက်နှင့် မျက်စိသူငယ်ဖြင့် အားရပါးရငိုနေ၏။

"မိန်းကလေးရယ် မငိုမသေနိုင်တော့ပါဘူး။ ငါတို့နဲ့အတူ ဒီကျွန်းပေါ်က လွတ်မြောက်အောင် ပြေးကြရမှာပါကွယ်။ ဘာလို့အားငယ်နေရတာလဲ"

ဦးသောင်ချမ်းက မိန်းကလေး၏ အနားတွင် ထိုင်ကာ အားပေးစကား ပြောနေ၏။ မိုးဟိန်းက မိန်းကလေးကို အခုမှသေသေချာချာကြည့်မိ၏။ ထိုသို့ကြည့်နေရင်း မိုးဟိန်း၏ ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားရ၏။ သည်လို ရင်ထဲတွင်





ခံစားရသလို စွဲလမ်းခြင်းလည်း ဖြစ်သွားရ၏။

မိုးဟိန်းသည် စက်လှေပေါ်တွင်သည်မိန်းကလေးကို စတင်မြင်တွေ့စဉ်က မကြာခဏ ခိုးခိုးကြည့်ခဲ့ရ၏။ ထိုမိန်းကလေးကလည်း မိုးဟိန်းကို မကြာခဏကြည့်ပြီးတော့ ထော့ပြုံးကလေးပြုံးကာ မိုးဟိန်း၏ရင်ကို လှုပ်ရှားစေခဲ့၏။

စက်လှေပျက်သောအခါ မိုးဟိန်းက မိန်းကလေးကို အပြေးအလွှား ရှာဖွေခဲ့မိ၏။ သို့သော် မိုးဟိန်းက မိန်းကလေးကို ရှာတွေ့ချိန်တွင် မိန်းကလေးက လှေငယ်တစ်စင်းပေါ်သို့ ရောက်နေချေပြီ။ မိုးဟိန်းက ထိုလှေဖြင့် လိုက်ရန်ကြံသော်လည်း အခွင့်မသာခဲ့ချေ။

မိုးဟိန်းတို့သည် စက်လှေပိုင်ရှင်နှင့်အတူ နောက်ဆုံးမှ စက်လှေကို စွန့်ခွာခဲ့ကြခြင်းဖြစ်၏။ စက်လှေတွင် တာဝန်ရှိသူတွေ အားလုံးကတော့ စောစောကပင် စက်လှေကို စွန့်ခွာသွားခဲ့ကြသဖြင့် ဦးသောင်ချမ်း၏ ဒေါသသံတို့က လွှမ်းသွား၏။ သူကိုယ်တိုင်လည်း စက်လှေမှ နောက်ဆုံးစွန့်ခွာခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မဲ့လွှန်းသော သူ့အလုပ်သမား အားလုံးကိုလည်း တစ်လမ်းလုံးတွင် ဒေါသဖြစ်မဆုံးခဲ့ချေ။ ဟုတ်တော့လည်းဟုတ်ပါ၏။ သေပြေးရှင်ပြေးဖြစ်လာခဲ့သော စက်လှေမှ တာဝန်ရှိသူများသည် ပြည့်ပြည့်ဝဝ တာဝန်ယူရမည်သာဖြစ်၏။ အခုတော့ တာဝန်ရှိသူများက အားလုံးအသက်ထက် သူတို့အသက်ကို ကာကွယ်သွားကြလေ၏။ မည်သို့ပင်ရှိစေ သူတို့သည်လည်း သေသည်ရှင်သည်ကို မသိရသေးချေ။

အကြောက်လွန်နေသော ကျောက်ဒိုးတစ်ယောက်ကတော့ စက်လှေပေါ်မှ ရေပြင်သို့ ခုန်မဆင်းရဲသောကြောင့် ဦးသောင်ချမ်းက ထိုးကြိတ်ပြီး ရေထဲသို့ ဆင်းစေခဲ့ရ၏။ ဦးသောင်ချမ်း မိုးဟိန်းနှင့် နက်ကျော်တို့က အားလုံးအတွက် အစွမ်းကုန် လှုပ်ရှားပေးပြီးမှ ရေပြင်သို့ နောက်ဆုံးဆင်းလာခဲ့ကြ၏။ မိုးဟိန်းတို့သည် အများအကျိုးအတွက် အသက်ပေး ကြိုးပမ်းခြင်းကြောင့် အခုလို အသက်ရှင်နေကြခြင်းများ ဖြစ်လေမလားဟု မိုးဟိန်း မကြာခဏ တွေး





မိ၏။

"ကျွန် . . . ကျွန်မ"

မိန်းကလေးသည် အချိန်အတော်ကြာအောင် ကြောင်အမ်းအမ်းဖြစ်နေပြီးမှ အားယူ၍ စကားပြော၏။ သိပ်ပင်ပန်းနေသောကြောင့်လည်း သူမစကားလုံးက သိပ်မကျယ်ချေ။ စကားလုံးတွေက မပီပိုးတဝါး ဖြစ်နေ၏။

"ကျွန် . . . ကျွန်မ . . . ဘယ် . . . ဘယ်ကိုရောက်"

"သြော် . . . မိန်းကလေးသိချင်တာက အခု ဘယ်ရောက်နေသလဲဆိုတာလား။ အဲဒါကိုတော့ ဦးလေးတို့လည်း မပြောနိုင်အောင်ပါပဲကွယ်"

ဦးသောင်ချမ်းက စိတ်ပျက်စွာဖြင့် ပြောရင်းငိုင်နေ၏။

ယခု မိုးဟိန်းတို့ ဘယ်ကိုရောက်နေသည်ကို မသိရသေးချေ။

"ဘယ်လိုပဲဖြစ်ဖြစ် ဦးလေးကို မိန်းကလေး မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒီလောက်ဆိုရင်လုံလောက်ပါတယ်ကွယ်။ ငါတို့တွေ မိသားစုစိတ်ဓာတ်နဲ့ ကိုယ်မြို့ကိုယ့်ရွာ ပြန်ရောက်အောင် ကြိုးစားကြတာပေါ့"

ဦးသောင်းချမ်းက အားပေးစကား ပြောနေပြန်၏။ မိုးဟိန်းက မိန်းကလေးကို ကျောက်တုံး၏ဘေးတွင် မှီနေစေပြီး ဦးသောင်းချမ်းနှင့်အတူ ကျောက်ဂူအပြင်သို့ ထွက်လာခဲ့၏။

နေရှိန်က အတော်ပင်ပူပြင်းနေပြီး ကျောက်ဂူအပြင်မှာဆိုတော့ ပင်လယ်လေက မနားတမ်း တိုက်ခတ်နေလေ၏။ မိုးဟိန်းနှင့် ဦးသောင်းချမ်းတို့သည် လေကို အားပါးတရ ရှူရှိုက်ပြီးနောက် ကမ်းရိုးတန်းတစ်လျှောက်တွင် စားသောက်စရာများကို လိုက်လံရှာဖွေ၏။ မိုးဟိန်းတို့ ရှာဖွေတွေ့ရှိသည်က ခရုများဖြစ်၏။

ခရုများကို ကောက်ပြီးနောက် သူတို့နှစ်ဦးသည်





ကုန်းမြင့်ပေါ်သို့ တက်လာခဲ့ကြ၏။ အုန်းပင်တွေက အများကြီး တွေ့သဖြင့် . . .

"အုန်းသီးတော်တော်များများကို ခူးသွားနိုင်ရင် ငါတို့ ဂူထဲမှာ အတော်ကြာကြာ နေလို့ရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းပေါ်မှာ လူထူးဆန်းတွေက ရှိနေတာမို့ ငါတို့ဂူအောင်းသတ္တဝါ လုပ်ကြရမှာပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ လမ်းမှာတွေ့ခဲ့တဲ့ ရေအိုင်က ရေတွေကို ဂူထဲသယ်ထားနိုင်ရင် ကောင်းမယ်။ မနေ့က တွေ့ခဲ့တဲ့ ရေအိုင်ကလေးဟာ ကျောက်သားတွေကြားက ရေစိမ့်ထွက်နေတဲ့ သဘာဝရေအိုင်ကလေးပဲ"

"အင်း . . . ဟုတ်တယ်"

သူတို့သည် အုန်းပင်အောက်သို့ ရောက်သည်နှင့် အုန်းသီးလည်းများ၊ အပင်လည်းနိမ့်သော အုန်းပင်ပေါ်သို့ မိုးဟိန်းက ပါးစပ်တွင် ဓားမြှောင်ကိုက်ပြီး တက်သွား၏။ မိုးဟိန်းက အုန်းခိုင်သုံးခိုင်ကို အောက်သို့ ဖြုတ်ချလိုက်၏။ ထို့နောက် မိုးဟိန်းက အုန်းပင်အောက်သို့ ပြန်ဆင်းလာစဉ်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးစရာနှင့်ရင်ဆိုင်ရတော့၏။ မိုးဟိန်း၏ ရင်ထဲတွင် သိမ့်သိမ့်ခါသွား၏။

အုန်းပင်အောက်မှာ ဦးသောင်းချမ်းသည် မျက်လုံးအပြူးသားနှင့် လူသတ်အာဏာပါးကွက်သား ငါးဦး၏ အလယ်တွင် မလှုပ်မငံ့ ဖြစ်နေလေ၏။

"နင်တို့ မပြေးနဲ့။ ငါတို့က ဘုရင်မရဲ့ တစ်ချက်လွှတ်အမိန့်တော်နဲ့ နင့်တို့ကို ဖမ်းဖို့ရောက်လာရတာပဲ"

သူတို့ပြောသော စကားသံက အနည်းငယ်လေးဝဲသော်လည်း မိုးဟိန်းနားထောင်၍ရသည်။ လူကောင်ကြီးတွေက အလွန်ထွားကြိုင်းပြီး အလုံးအထည်တွေကလည်း အလွန်တောင့်တင်း၏။ သူတို့ တစ်ကိုယ်စာသည် မိုးဟိန်းလို တောင့်တင်းသော လူမျိုးနှစ်ယောက်ပေါင်းမျှရှိ၏။

"နင်တို့ ဒီကျွန်းပေါ်ရောက်လာတာနဲ့ နင်တို့ဟာ သခင်မရဲ့ အချုပ်သားတွေ ဖြစ်နေပြီ။ အဲဒါကြောင့် နင်တို့ အေးအေးဆေးဆေး အဖမ်းခံပါ။ ငါတို့တစ်တွေ အကြမ်းနည်းနဲ့ ဖမ်းရတာမျိုး မလုပ်ချင်ဘူး"





မိုးဟိန်းက စဉ်းစားနေ၏။ သူတို့သည် ဦးသောင်းချမ်း တစ်ယောက်တည်းကို ဝိုင်းထားခြင်း မဟုတ်ပေ။ မိုးဟိန်းကိုလည်း ပင်ခြေမှဝိုင်းထားခြင်းဖြစ်၏။ မိုးဟိန်းလည်း လွတ်မြောက်နိုင်စရာ အကြောင်းမရှိ။

သူတို့ထဲမှ တစ်ယောက်က မိုးဟိန်းကို ဒူးလေးဖြင့် ချိန်ရွယ်ထား၏။ ကျန်လူများလက်ထဲတွင် အလွန်ကြီးမားသော ဓားကြီးများကို ကိုင်ဆောင်ထားကြ၏။

"ကျုပ်တို့ကို မသတ်ပါနဲ့"

ဦးသောင်းချမ်းက အသံတုန်တုန်ယင်ယင်ဖြင့် ပြောနေ၏။ သူတို့သည် မိုးဟိန်းကို သိပ်ဂရုစိုက်နေပုံ မရချေ။ ဦးသောင်းချမ်းက သူတို့လက်ထဲမှ လွတ်မြောက်သွားနိုင်သည်ဟု ယူဆနေကြပုံရ၏။

"ဟုတ်တယ်။ ကျွန်တော်တို့ကို မသတ်ပါနဲ့"

မိုးဟိန်းကလည်း အသံတုန်တုန်ယင်ယင်ဖြင့် ပြော၏။ ထို့ကြောင့် လူသတ်အာဏာပါးကွက်သား အသွင်ဆောင်နေသူ ငါးဦးက မိုးဟိန်းကို မော့ကြည့်ကြ၏။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်နေစဉ် ဦးသောင်ချမ်းက မျက်နှာမူရာ အရပ်သို့ တစ်ဟုန်ထိုး ထွက်ပြေး၏။ ထိုစဉ် မိုးဟိန်းက ဦးသောင်ချမ်း ဘက်သို့ အာရုံရောက်နေကြသူများအား သေနတ်ဖြင့် ပစ်ကာ အုန်းပင်ပေါ်မှ လျှောဆင်း၏။ မိုးဟိန်း၏ လက်ချက်ဖြင့် နှစ်ယောက်လဲကျသွား၏။ သုံးယောက်က ဦးသောင်ချမ်း၏ နောက်သို့ အတင်းပြေးလိုက်၏။ ဦးသောင်ချမ်းသည် ဝေးဝေးမပြေးနိုင်ချေ။ လူထူးဆန်းများ ပစ်လိုက်သော မြား ထိမှန်ပြီး လဲကျသွား၏။

ထိုစဉ် မိုးဟိန်းက အုန်းပင်ကို အကာအကွယ်ယူကာ ဆက်တိုက်ရန် ကြိုးစား၏။ သို့သော် မအောင်မြင်ပါချေ။ အကြောင်းမူကား မိုးဟိန်းအား နောက်မှ လူသန်ကြီး နှစ်ဦးက ဝိုင်းချုပ်ထားလိုက်သောကြောင့် ဖြစ်လေ၏။ မိုးဟိန်းက အစွမ်းကုန် ရုန်းကန်ပေမယ့် မရ။ သူတို့က အလွန်သန်မာကြ၏။ ထိုသို့ အခြေအနေမျိုးပေမို့ မိုးဟိန်းက မရုန်းကန်တော့ဘဲ ငြိမ်နေလိုက်၏။

မိုးဟိန်း၏ လက်ထဲမှ သေနတ်နှင့် ခါးကြားမှ ဓား





ကို လူသန်ကြီးများက လုယူသွားကြ၏။

"နင်တို့ဟာ အချုပ်သားတွေ ဘာကြောင့်ငါတို့ကို တိုက်ခိုက်ကြသလဲ။ ငြိမ်ငြိမ်လိုက်ခဲ့ကြ"

တစ်ယောက်သောသူက မိုးဟိန်း၏ မျက်နှာကို လက်ဝါးကြီးဖြင့် အုပ်ရိုက်ရင်း ပြောလေ၏။ မိုးဟိန်းသည် မျက်လုံးများ ပြာဝေ၍ မခံမရပ်နိုင်အောင် နာကျင်သွားရ၏။

သူတို့သည် မိုးဟိန်းတို့နှစ်ယောက်ကို ကြိုးဖြင့် မချည်နှောင်ဘဲ ရိုးရိုးအတိုင်းသာ ဖမ်းသွားကြ၏။ ဦးသောင်ချမ်းကိုမူ လူသန်မာကြီးတစ်ယောက်က ပွေ့ချီ၍ ခေါ်လာ၏။ သူတို့သည် လူသူမနီးသော ကျွန်းကြီးပေါ်မှ လူထူးဆန်းများ ဖြစ်သော်လည်း အသိဉာဏ်နည်းပါးသော လူထူးဆန်းများ မဟုတ်သည်ကိုတော့ မိုးဟိန်းက ရိပ်စားမိသွား၏။

ဦးသောင်ချမ်းက မြားဒဏ်ရာက နာကျင်နေသဖြင့် တစ်လမ်းလုံး ညည်းညူပြီး ပါလာ၏။ မိုးဟိန်းက တစ်ခု သတိထားမိပြန်လေ၏။ သူတို့အားလုံး၏ ကိုယ်နံ့သည် အတော်အနံ့ဆိုးလေ၏။ ဘာကြောင့် ကိုယ်နံ့ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မိုးဟိန်း စဉ်းစားမရချေ။ တစ်ခုတော့ တွေးလို့ရ၏။ သူတို့သည် ကျွန်းပေါ်မှာနေပြီး ရေမချိုးသောကြောင့် အနံ့ဆိုးနေခြင်းလား မပြောတတ်။

သို့သော်လည်း သူတို့သည် ရုပ်ကြမ်းပြီး အသားအရေက နီစပ်စပ်ဖြစ်နေခြင်း၊ တချို့ကလည်း ရုပ်ကြမ်းပြီး အသားရောင်က ရွှေရောင်လို ဝင်းတောက်နေခြင်းတို့ကလည်း မိုးဟိန်းအတွက် စဉ်းစားစရာ ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် အခြေအနေကိုကြည့်ပြီး သူတို့လက်မှလွတ်အောင် ပြေးမည်ဟု မိုးဟိန်းက စိတ်ကူးထားလေ၏။

မိုးဟိန်းက သူတစ်ယောက်တည်း ကိုယ်လွတ်ရုန်းသင့် မရုန်းသင့်ကိုယ်လည်း စဉ်းစားရပြန်၏။ ထိုသို့ မိုးဟိန်းက ကိုယ်လွတ်ရုန်းပြေးသွားလျှင် ခေါင်းဆောင်ကောင်းတစ်ယောက်ပီသမှာ မဟုတ်တော့ချေ။

ယခု အခြေအနေတွင် မိုးဟိန်းသည် မိမိစွမ်းရည်ရှိသလောက်ကို ထုတ်သုံးမည်ဆိုပါကလည်း သူတို့ခွန်အားနှင့် သူတို့အင်အားကို မိုးဟိန်းဘယ်လိုမှ တုဖက်နိုင်မည်





မဟုတ်ပါချေ။ ဦးသောင်ချမ်းက လူသန်မာကြီး တစ်ယောက် တွေးပေါ့ထားသည် မဟုတ်လား။ မိုးဟိန်း၏ဘေးတွင် လူနှစ်ယောက်က ညှပ်ပြီးလိုက်ပါလာ၏။ ကျန်သုံးယောက်က မိုးဟိန်းတို့၏ နောက်မှ လိုက်လာ၏။

"နင်တို့တွေက ငါတို့တစ်တွေကို အမျိုးဖြုတ်ဖို့ ကြိုးစားနေတာ ဘာသဘောလဲ။ နင်တို့ရဲ့ အရှင်သခင်မင်းမြတ်ကို နင်တို့က နားလည်အောင် ပြောပြဖို့ ကောင်းတယ်။ ဘုရင်မနဲ့ ငါတို့အားလုံးက နင်တို့ကို ရန်ပြုကြတာ မဟုတ်ဘူး။ နင်တို့နဲ့ ရင်ဆိုင်မတိုက်နိုင်လို့ ငါတို့တွေ ဒီကျွန်းပေါ်ကိုလာနေကြတာ။ ငါတို့စစ်ရှုံးကတည်းက နင်တို့နဲ့ အဝေးကြီးကို ဆုတ်ခွာထွက်ပြေးလာကြတာပဲ။ အဲဒါကို ဘာလို့အခုလို လိုက်တိုက်နေရတာလဲ။ နင်တို့ ဘုရင်မင်းမြတ် လွှတ်ပြီးတိုက်ခိုက်ခိုင်းတဲ့ လူမှန်သမျှဟာ ငါတို့ရဲ့ သားကောင်ဖြစ်ကုန်ကြတာချည်းပဲ"

လူထူးဆန်းတစ်ယောက်က အသံလေးလေး ဝဲဝဲကြီးနှင့် ပြောနေ၏။ ထိုသို့ပြောပြီးသည်နှင့် ကျန်လူများက



www.burmeseclassic.com

www.burmeseclassic.com



သီချင်းလိုလို ဘာလိုလိုကို သံပြိုင်သီဆိုနေကြလေ၏။ အောင်ပွဲရသည့် အထိမ်းအမှတ် သဘောမျိုးဖြစ်နေ၏။

မိုးဟိန်းက ဦးသောင်ချမ်းနှင့်ပို၍ နီးကပ်အောင် လမ်းကို ပိုလျှောက်၏။ ထိုသို့ ပိုမြန်အောင် လျှောက်သော်လည်း လူထူးဆန်းများက သတိမထားမိချေ။ သူတို့ ခြေလှမ်းတွေကလည်း ပိုမြန်လာသလိုရှိ၏။

"ပြေး . . . ပြေး . . . ငါ့အတွက် မင်းဟာ သစ္စာဖောက်တစ်ယောက် မဟုတ်ဘူး"

ရုတ်တရက်မို့ မိုးဟိန်းကြောင်သွား၏။ ဦးသောင်ချမ်းက မြန်မာလို ပြောနေခြင်းမဟုတ်ချေ။ ဦးသောင်ချမ်းသည် ဒဏ်ရာကြောင့် နာကျင်နေသည့် ကြားထဲမှ မိုးဟိန်းအားထွက်ပြေးရန် အင်္ဂလိပ်လို ပီပီသသ ပြောနေခြင်း ဖြစ်၏။ မိုးဟိန်းက ချက်ချင်းမပြေးသေးချေ။ ဦးသောင်ချမ်းက သွေးရူးသွေးတန်းဖြင့် ပြောနေသလားဟု အကဲခတ်နေမိ၏။

"ပြေးရမှာလား။ ခေါင်းဆောင်ကောင်းတစ်ယောက်





ရဲ့ သစ္စာတရားဟာ ခင်ဗျားအတွက် အလကားဖြစ်တော့မယ်။ ကျွန်တော် သစ္စာမဖောက်နိုင်ဘူး"

ဟု မိုးဟိန်းက အင်္ဂလိပ်လို ပြန်ပြော၏။ မိုးဟိန်းပြောနေသည်ကို လူထူးဆန်းများက နားမလည်ကြချေ။ သူတို့ကလည်း သူတို့နားမလည်သောစကားကို မိုးဟိန်းက ပြောနေသဖြင့် အထူးအဆန်းပမာ ကြည့်နေကြလေ၏။ ငြိမ်၍ နားထောင်ကြလေ၏။

"မင်း . . . ပြေး . . . မင်းပြေးနိုင်တာဟာ ခေါင်းဆောင်ကောင်းတစ်ယောက် ပီသသတယ်။ ဟိုမှာ မင်းကို မျှော်နေတဲ့ နောက်လိုက်တွေရှိသေးတယ်။ သူတို့နဲ့ပေါင်းပြီး မင်းတို့ ငါ့ကို ပြန်ကယ်လို့ရတယ်။ မကယ်နိုင်ရင်လည်း ဒီကျွန်းပေါ်က လွတ်အောင်ပြေးနိုင်ဖို့ ကြိုးစား"

မိုးဟိန်းက ဘာစကားမှ မပြောတော့။ သူတို့အားလုံးသည် တောင်ကုန်းအမြင့်တစ်ခုသို့ တက်လာခဲ့ကြ၏။ သူတို့က နယ်မြေကျွမ်းသဖြင့် သူတို့ခြေလှမ်းများက သွက်လက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်းများက တောင်ကုန်းအမြင့်မှ တစ်ဖက်အနိမ့်သို့ဆင်းနေကြစဉ် မိုးဟိန်းက သူ့ဘေးမှ လူထူးဆန်းများကို လက်ဖြင့် ထိုးကြိတ်ပြီး ဖရိုဖရဲ ဖြစ်သွားသည်နှင့် မျက်နှာမူရာသို့ တစ်ဟုန်ထိုးပြေးလာခဲ့မိလေ၏။ သူတို့ကလည်း မိုးဟိန်းပြေးသည်နှင့် ညာသံပေးပြီး လိုက်လာကြ၏။

မိုးဟိန်းမှာ ပြေးလွှားရင်း အလွန်ပင်မောဟိုက်နေ၏။ သို့သော်လည်း မိုးဟိန်းသည် ပြေးနှုန်းကိုမလျှော့ရဲပါချေ။ နောက်မှ လိုက်လာသော လူသန်မာကြီးများကို မိုးဟိန်းက မျက်ခြည်ဖြတ်နိုင်ခဲ့ပါသော်လည်း ပြေးနှုန်းကိုလျှော့လိုက်ပါမူ မိုးဟိန်းအတွက် အခြေအနေက ကောင်းချင်မှ ကောင်းလာနိုင်ပေမည်။

ပြေးခွင့်သာတုန်းပြေးထားသည်က မိုးဟိန်းအတွက် အခြေအနေကောင်းမည်ဟု ယူဆထားမိ၏။ မိုးဟိန်းက ကျောက်ဂူရှိရာသို့ တည့်တည့်မတ်မတ် ပြေးလာချင်မိပေမယ့် လူထူးဆန်းများက မိုးဟိန်းပြေးရာလမ်းကြောင်းကို ရိပ်စားမိသွားပါက မိမိသာမက နက်ကျော်၊ ကျောက်ဒိုးနှင့်





အမည်မသိရသေးသော မိန်းကလေးပါ ဒုက္ခရောက်သွားမည်ကို တွေးမိလေ၏။

ထိုစိတ်ကူးဖြင့် ကျောက်ဂူနှင့် ဆန့်ကျင်ရာဘက်သို့ပြေးလာပြီး ခြေရာဖျောက်ခဲ့ရ၏။ မိုးဟိန်း၏ တစ်ကိုယ်လုံးတွင် ရေချိုးထားသည့်အလား ချွေးများက စိုရွှဲနေ၏။ မောပန်းလွန်းနေသည့်အတွက် တစ်ကိုယ်လုံးမှာလည်း တုန်ခါလှုပ်ယမ်းနေ၏။ ခြေထောက်တွေကိုလည်း မသယ်ချင်အောင် ဖြစ်လာရ၏။

မိုးဟိန်းသည် နဂိုက ကျန်းမာရေးလိုက်စားထားသူမဟုတ်ပါက ယခုလောက် ပြေးနိုင်လိမ့်မည် မဟုတ်ပါချေ။

မိုးဟိန်းသည် နောက်ထပ် (၁၅)မိနစ်ခန့်ပြေးပြီးနောက်တစ်နေရာတွင် အကာအကွယ်ယူ၍ ရပ်နေရင်းတောတွင်းမှ အခြေအနေကို အကဲခတ်နေမိ၏။ တောနက်သည်မို့ ဝေးဝေးသို့ မမြင်နိုင်ချေ။ သစ်ပင်တွေကလည်း အားကောင်းစွာ ပေါက်နေသည့်အတွက်ကြောင့် ဘေးပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ကို ဘာမှမမြင်ရချေ။

"အင်း . . . အခုအချိန်လောက်ဆို သူတို့လည်း ငါ့ကို မျက်ခြည်ပြတ်သွားလောက်ပြီ။ ငါကတော့ လမ်းစ ပျောက်နေပြီ။ သင်းတို့ ငါ့ကို ခြေရာမကောက်မိရင် ရေရှိ တဲ့ ပင်လယ်ဘက်ကို သွားတာက ပိုကောင်းလိမ့်မယ် ထင် တယ်"

ဦးသောင်းချမ်း တစ်ယောက်ကတော့ ဘယ်လို နေမလဲ မသိရှာဘူး။ သူဟာ သူဌေးတစ်ယောက် ဖြစ်ပေ မယ့် စိတ်ဓာတ် အလွန်ကောင်းတဲ့ သူပါလား။ သူလိုလူ အခုလို စောစောစီးစီး ဖြစ်သွားရတာဟာ ငါတို့အတွက် အခြေအနေ ဆိုးဝါးသွားစေမယ့် အလားအလာ ဖြစ်နေ တယ်"

မိုးဟိန်းက သူစိတ်ထဲတွင် တွေးမိသမျှကို ရေရွတ် နေမိလေ၏။ အတန်ကြာအောင် အမောအပန်းဖြေပြီးမှ ပင်လယ်မြင်ရှိမည့်နေရာသို့ မှန်းဆပြီး ထွက်လာခဲ့၏။ မိုး ဟိန်းနှင့် ဦးသောင်းချမ်းတို့ ကျောက်ဂူထဲမှ စထွက်လာစဉ်





က နေလုံးကြီးသည် ပင်လယ်ဘက်မှ ထွက်လာသည်ကို သတိပြုမိသွား၏။ အခု နေလုံးကြီးက သစ်တောကြီး၏ ဟိုမှာဘက်သို့ ရောက်နေပြီဖြစ်လေ၏။ မိုးဟိန်းက သေသေ ချာချာ သုံးသပ်နေသည်။ အခု မိုးဟိန်းရောက်နေသည်က အနောက်ဘက်ပိုင်း ဖြစ်နေ၏။ မိုးဟိန်းက အခြေအနေအရ နေရာကို မှန်းဆပြီးလာခဲ့ရာ နာရီဝက်ခန့်အကြာတွင် ပင်လယ်ရေစပ်သို့ ရောက်လာခဲ့သည်။ ပင်လယ်ရေစပ်သို့ ရောက်လာပေမယ့် မိုးဟိန်းမှာ မသွားမလာတတ်အောင် ဖြစ်နေ၏။

နောက်ဆုံး မိုးဟိန်းသည် ကျောက်ဂူရှိရာသို့သာ မှန်းဆ၍ လာခဲ့သည်။ အုန်းသီးသုံးလုံးနှင့် ခရုများကိုသာ သယ်ဆောင်လာနိုင်ခဲ့သည်။ အတော်အတန် ခရီးပေါက်ခဲ့ ချိန်တွင် . . .

"ကိုမိုးဟိန်း . . ." ခေါ်သံကြား၍ လှည့်ကြည့်လိုက် ရာ နက်ကျော်ဖြစ်နေသဖြင့် မိုးဟိန်းအားတက်သွား၏။

"ဟာ . . . နက်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းက သတိလက်လွတ် ဝမ်းသာအားရဖြင့် ခေါ်လိုက်၏။

"ခင်ဗျားတို့ သိပ်ကြာနေတာနဲ့ ကျွန်တော်လည်း စိုးရိမ်ပြီး လိုက်လာတာဗျ"

မိုးဟိန်းက ရျက်ချင်းမဖြေနိုင်သေးချေ။ နက်ကျော်ကိုသာ ငေးစိုက်ကြည့်နေမိ၏။ နက်ကျော်သည် ပျော်ရွှင်စွာ နေတတ်သလို စိတ်ပူစရာရှိတော့လည်း စိတ်ပူတတ်သားပဲ ဟု မိုးဟိန်းတွေးမိ၏။

"ဦးသောင်ချမ်းရော"

နက်ကျော်က မေး၏။

"ဦးသောင်ချမ်း လူထူးဆန်းတွေ နောက်ကို ပါသွားတယ်"

"ဗျာ"

"သူ့မှာလည်း ဒဏ်ရာရရှိသွားတယ်၊ ငါတောင် အတင်းထွက်ပြေးလို့ သူတို့ဖမ်းထားတဲ့ လက်တွင်းက လွတ်လာတာ"





"ဟာဗျာ . . . ဒါတော့ ခင်ဗျား တစ်ကိုယ်ကောင်း ဆန်တာပဲ"

နက်ကျော်က မကျေမနပ်ဖြင့် ပြောလေ၏။ မိုးဟိန်းက ကြိုးစားပြုံးပြပြီး ခေါင်းကို ခါယမ်းပြလိုက်၏။

"မဟုတ်ဘူး နက်ကျော်။ ငါတစ်ကိုယ်ကောင်း မဆန်ပါဘူး။ ဦးသောင်ချမ်းက တိုက်တွန်းလို့ ငါထွက်ပြေး လာတာပါ"

"ကဲဗျာ . . . အခြေအနေကိုပြောစမ်းပါဦး။ ဘယ်လိုကယ်တင်ရင် ရမလဲဆိုတာ စဉ်းစားကြတာပေါ့"

"အေး . . . ဟိုရောက်တော့မှ အခြေအနေကို ဇသေသေချာချာ ပြောပြမယ်"

နက်ကျော်က ထပ်မမေးတော့ချေ။ မိုးဟိန်း၏ လက်ထဲမှ အုန်းသီးများကို ကူသယ်ပေး၏။ ခရုများနှင့် ဘာငါးမှန်းမသိသော ငါးသုံးကောင်ကို မိုးဟိန်းတွေ့ရလေ၏။ သူတို့သည် ကျောက်ဂူသို့ အမြန်ဆုံးရောက်အောင် သွားကြ၏။ ကျောက်ဂူအနားသို့ ရောက်သောအခါ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က ဂူအပေါက်ဝမှကြို့ဆိုနေ၏။ သူမသည် အတော်ကလေး လန်းလန်းဆန်းဆန်း ဖြစ်နေပေပြီ။

"ဟို . . . ဟို . . . ဦးလေးကောဟင်"

"ဒါတွေ နောက်မှ ပြောကြတာပေါ့။ လာ . . . ကျောက်ဂူထဲက လှုံခြုံတယ်"

"ရှင် . . . လုံခြုံတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒီကျွန်းပေါ်မှာ သားရဲတိရစ္ဆာန်တွေ ပေါလို့လား ဟင်"

"သားရဲတိရစ္ဆာန်တွေ မဟုတ်ဘူး။ လူထူးဆန်းတွေ ပေါတာ"

"ရှင်"

မိုးဟိန်းက ဘာစကားမှ ဆက်မပြောတော့ဘဲ ကျောက်ဂူထဲသို့ ဝင်သွားလေ၏။ မိန်းကလေးကလည်း မိုးဟိန်း၏နောက်မှ လိုက်လာလေ၏။

နက်ကျော်ကတော့ အတော်ပျော်နိုင်သူဖြစ်၏။





လေတချွန်ချွန်ဖြင့် နောက်ဆုံးမှ ဝင်လိုက်လာ၏။

"ဆာလောင်နေတာနဲ့ အတော်ပဲဗျာ။ ကျွန်တော်က ကိုယ်တိုင်လည်း ထွက်ရှာချင်တယ်။ မထွက်လည်း မထွက်ရဲလို့ အတော်စိတ်သောက ရောက်နေရတယ်။ နောက်ပြီး ခင်ဗျားတို့သုံးယောက် ဘေးမသီ ရန်မခအောင် အရဟံဂုဏ်တော်ကို ရွတ်ဖတ်ပေးနေရတယ်ဗျာ"

"အေး . . . ရွတ် . . . ရွတ် . . . မင်းဘိုးအေတွေကို ဘယ်လို ခုခံကာကွယ်မလဲဆိုတာလည်း စဉ်းစားထား။ ဂုဏ်တော်ဆိုတာက သူ့နေရာနဲ့ သူရွတ်ရတာကွ။ အသက်လုပွဲ ဆင်နွှဲရတော့လည်း ဂုဏ်တော်လည်းရွတ် လူကလည်း အားကြိုးမာန်တက် ခုခံတိုက်ခိုက်ရမယ်ကွ"

မိုးဟိန်းက မောမောပန်းပန်းနှင့် ပြောပြီး ကျောက်တုံးကြီးတစ်တုံး၏ဘေးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"တကယ်တော့ ခေါင်းဆောင်ဆိုတဲ့လူက လွတ်လာပြီး။ နောက်လိုက်လုပ်တဲ့သူက အဖမ်းခံရတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စရာ မကောင်းလှဘူး"

နက်ကျော်က အမြဲပျော်ပျော်နေတတ်သော်လည်း အခု မျက်နှာထားက သိပ်တည်နေ၏။ သူ့အသံကလည်း မာကြောနေ၏။ သည့်အတွက်ကြောင့် မိုးဟိန်းက သူ့မျက်နှာကို သတိထားကြည့်နေမိသည်။

"တစ်ခုတော့ရှိတယ် နက်ကျော်"

"ပြောဗျာ . . . မြန်မြန်ပြော။ ခင်ဗျားပြောပြီးရင် ကျုပ် ပြောမယ်"

နက်ကျော်သည် ထိုင်ရာမှ ထရပ်ပြီး အားလုံးကို မျက်လုံးကစားကာကြည့်နေ၏။ မိန်းကလေးနှင့် ကျောက်ဒိုးတို့သည် နက်ကျော်ကို ကြည့်လိုက် မိုးဟိန်းကိုကြည့်လိုက်နှင့် မျက်နှာတွင် သွေးမရှိတော့အောင် ကြောက်ရွံ့နေကြလေ၏။ မိုးဟိန်းက ချက်ချင်းမဖြေသေးဘဲ နက်ကျော်ကို အကဲခတ်နေသည်။ နက်ကျော်က မျက်မှောင်ကြုတ်ထား၏။ နက်ကျော်၏မျက်နှာသည် အကြောများပင် တင်းနေ၏။ လည်ပင်း၊ လက်မောင်းသွေးကြောများက ထောင်





ထနေ၏။ နက်ကျော်က သူ့ကိုအတော်ပင် မကျေမနပ်ဖြစ်နေကြောင်း မိုးဟိန်း နားလည်လိုက်၏။

မိမိက နားလည်သဘောပေါက်အောင် ရှင်းပြပါလျက် နက်ကျော်က ဒေါသအိုးပေါက်ကွဲခဲ့လျှင်လည်း ထိုဒေါသကို ငြိမ်းအေးအောင် မိုးဟိန်းကပင် ကြိုးစားရပေတော့မည်ကို သိနေ၏။

"သာမန်သဘောနဲ့ ကြည့်မယ်ဆိုရင်တော့ ငါကကိုယ်လွတ်ရုန်းလာတယ်လို့ မင်းထင်မှာပဲ နက်ကျော်"

"အင်း . . . ဖြစ်ပုံက ဒီလို"

"မြန်မြန်ပြောဗျာ။ ခင်ဗျား သိပ်စကားကြောရှည်တာပဲ။ ကျုပ်က လိုရင်းကို သိချင်နေတာ"

မိုးဟိန်းက ပြုံးနေ၏။ နက်ကျော်က မိုးဟိန်း၏ရှေ့တွင် ခါးထောက်၍ ရပ်နေသည်။ ကျောက်ဂူအတွင်းသို့ အလင်းရောင်က ကောင်းစွာ ဝင်နေသည့်အတွက် တစ်ယောက်ကို တစ်ယောက် ထင်ရှားစွာ မြင်နေရ၏။ စိုးရိမ်နေကြသော မိန်းကလေးနှင့် ကျောက်ဒိုးတို့၏ အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



သံလည်း ပိုမိုပြင်းထန်လာ၏။

"ငါနဲ့ ဦးသောင်းချမ်းတို့ တောအုပ်တွေစုတဲ့နေရာမှာ ရှိတဲ့အုန်းပင်တွေဆီကို ရောက်တော့ ငါက အုန်းပင်ပေါ်ကို တက်တယ်။ ဦးသောင်းချမ်းက အုန်းပင်အောက်က စောင့်နေတယ်။ ငါလက်ထဲမှာ သေနတ်ကော ဓားမြှောင်ကော ပါသွားတယ်။ သေနတ်ကတော့ ဦးသောင်းချမ်းက ငါ့လက်ထဲမှာရှိနေစေချင်တဲ့အတွက် ငါယူသွားရတယ်။ ဓားကတော့ ငါ့လက်ထဲမှာရှိနေရင် ပိုပြီးခရီးရောက်မှာမို့ ငါယူပြီး အုန်းပင်ပေါ်ကို တက်သွားတယ်။ အုန်းခိုင်ကို ဓားနဲ့မဖြတ်လို့ဘာနဲ့ဖြတ်မလဲ။ အဲဒါကြောင့် လက်နက်နှစ်ခုစလုံးက ငါ့လက်ထဲမှာ ပါသွားရတာ။ အဲဒီလို အုန်းပင်ပေါ်ကို ငါတက်နေတုန်း အုန်းပင်အောက်က ဦးသောင်းချမ်းကို လူထူးဆန်းတွေက ဝိုင်းထားကြတယ်။ ငါလည်း လူထူးဆန်းတွေက အုန်းပင်အောက်ဆင်းလာရင်း သူတို့ကို သေနတ်နဲ့ပစ်တယ်။ လူထူးဆန်းနှစ်ယောက်ကို သေနတ်မှန်သွားချိန်မှာထွက်ပြေးတဲ့ ဦးသောင်းချမ်းလည်း မြားမှန်ပြီး လဲကျသွား





တယ်"

မိုးဟိန်းက စကားကို ခဏရပ်လိုက်၏။ နက်ကျော်၏မျက်နှာကို သေသေချာချာ အကဲခတ်ကြည့်နေ၏။ ထို့နောက် မိန်းကလေး၏ မျက်နှာကိုကြည့်၏။ မိန်းကလေးကလည်း မိုးဟိန်းကို ငေးစိုက်ကြည့်နေ၏။ သူမ၏ မျက်လုံးထဲတွင် အရည်ကလေးများ တောက်ပနေ၏။ သူမ၏ မျက်နှာတွင် စိုးရိမ်စိတ်များ လွှမ်းနေဆဲဖြစ်၏။ ကျောက်ဒိုးက ဂါထာမန္တန်များကို ရွတ်ဆိုရင်း မိုးဟိန်းနှင့် နက်ကျော်ကို တစ်လှည့်စီ ကြည့်နေ၏။

"အဲဒီလို ဦးသောင်းချမ်း လဲကျသွားချိန်မှာပဲ လူထူးဆန်း ငါးယောက်က ငါ့ကို ဖမ်းတယ်။ အဲဒီနောက်တော့ လူထူးဆန်းတွေက ငါတို့ကို ဖမ်းသွားကြတယ်။ ကုန်းမြင့်တစ်ခုကို တက်နေချိန်မှာ ဦးသောင်းချမ်းက ငါ့ကို ထွက်ပြေးဖို့ အဂ်လိပ်လို ပြောတယ်။ ထွက်ပြေးတဲ့ လွတ်အောင်ထွက်ပြေးတဲ့ ငါက ဦးသောင်းချမ်းပါမှ ထွက်ပြေးမယ်လို့ ပြောတယ်။ ဦးသောင်းချမ်းက ငြင်းတယ်။ သူပြေးလို့မရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ မင်းထွက်ပြေးပြီး ကျောက်ဂူကိုရောက်အောင်သွား ကျန်သူတွေနဲ့ ပူးပေါင်းပြီး သူ့ကိုလာကယ်ပါလို့ ပြောတယ်"

မိုးဟိန်းက စကားကို ရပ်လိုက်၏။ ထို့နောက် နက်ကျော်ကို ကြည့်၏။ နက်ကျော်က မိုးဟိန်းကို ပြုံးကြည့်နေ၏။ နက်ကျော်အပြုံးသည် မိုးဟိန်း၏ စကားကို ကျေနပ်သော အပြုံးဟု နားလည်လိုက်၏။

"အေးဗျာ . . . အဲဒါဆိုရင်တော့ ခင်ဗျား မမှားပါဘူး။ တစ်ခုခုတော့ အသေအချာ စဉ်းစားပြီး လုပ်ကြတာပေါ့"

နက်ကျော်သည် သူ့စကားဆုံးသည်နှင့် လေကလေးချွန်ကာ ကျောက်ဂူအပြင်သို့ထွက်သွားလေ၏။ မိုးဟိန်းသည် အလွန်မောပန်းနေသဖြင့် ကျောက်တုံးကြီးကို မှီကာ မျက်လုံးအစုံကို မှိတ်ထားလိုက်လေ၏။

"အစ်ကို ရေတစ်ခွက်လောက် သောက်လိုက်ပါလား။ အစ်ကိုကြည့်ရတာ သိပ်ပင်ပန်းနွမ်းနယ်နေပုံရတယ်။ ညီမပြီးတော့ အစ်ကို့မှာ ပွန်းပဲ့ဒဏ်ရာတွေက မနည်းဘူး။ ညီမ





ဘာလုပ်ပေးရမလဲ ပြောပါ အစ်ကို"

မိုးဟိန်းက မျက်လုံးကိုဖွင့်ကာ မိန်းကလေးကို ကြည့်၏။ မိန်းကလေးသည် မိုးဟိန်း၏ ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်နေ၏။

"အေးကွာ . . . ရေအေးအေး တစ်ခွက်လောက်တော့ သောက်ချင်တယ်။ ကူညီပါဦး"

မိန်းကလေးက မိုးဟိန်းအနားမှ ထသွား၏။ သိပ်မဝေးသောနေရာမှ ရေကိုယူလာခဲ့၏။ ခရုခွံထဲတွင် ထည့်ယူလာခြင်းဖြစ်၏။ မိုးဟိန်းက မိန်ကလေးပေးသော ရေကို ဖြည်းဖြည်းချင်း သောက်နေ၏။

"ခရုတွေမီးကင်ထားတယ်။ စားမလား။ အုန်းသီးတွေ ခွဲထားတာလည်းရှိတယ်"

မိုးဟိန်းမှာ အလွန်ဆာလောင်နေ၏။ သို့သော် စားချင်စိတ်မရှိသောကြောင့် ခေါင်းခါပြလိုက်မိ၏။ ကျောက်ံ့ိုးသည် ကျောက်တုံးကို ခေါင်းမှီကာ မှိန်းနေ၏။ သူ့ပါးစပ်မှတော့ ဂါထာမန္တန်များကို ရွတ်ဆိုနေမြဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျောက်ဒိုးက သိပ်ကြောက်တတ်တာပဲနော် အစ်ကို"

"ဟုတ်တယ်"

"အင်း"

"ကျွန်မကိုလည်း တပည့်တစ်ယောက်လို သဘော ထားပါ အစ်ကို"

"အင်း"

"အခု ကျွန်မတို့ရောက်နေတာ ကျွန်းတစ်ကျွန်း ပေါ်မှာနော်"

"အင်း"

"ဒီကျွန်းပေါ်ကို ကျွန်မရောက်တော့ သိပ်ကြောက် နေမိတယ်။ ဘယ်မှလည်း မသွားတတ်တော့ ဟိုတိုးဒီတိုး နဲ့ ကျောက်ဂူအနားကိုရောက်တော့ မောပန်းပြီး သတိမေ့ သွားတယ်။ ကျွန်မနဲ့အတူပါလာတဲ့ သူတွေတော့ ဘယ်လို ဖြစ်ကုန်ကြသလဲ မသိဘူး။ သူတို့နဲ့ ကျွန်မ ကျွန်းကိုမြင်ရ တဲ့အချိန်မှာ အသက်ကယ်လှေနဲ့ ကျောက်ဆောင်တိုက်မိ





ပြီး သူတို့နဲ့ ကွဲသွားခဲ့ကြတာပါ။ သူတို့လည်း ပင်လယ်ထဲ မှာ ကူးခတ်နေကြတယ်။ ကျွန်မလည်း ကူးခတ်နေမိတယ်။ ကျွန်မက ကံကောင်းချင်တော့ အိပ်ရာလိပ်ကြီးတစ်ခုကို သွားဖက်မိတယ်အစ်ကို။ အဲဒါကြောင့် အခုလို အသက် ရှင်နေနိုင်တာပါ"

"အိပ်ရာလိပ် ဟုတ်သလား"

"ဟုတ်တယ် အစ်ကို"

"အခု ဘယ်မှာကျန်ခဲ့သလဲ"

"ကျောက်ဆောင်တွေကြားမှာ ကျွန်မ သွင်းညှပ် ထားခဲ့တယ် အစ်ကို"

မိုးဟိန်းကထထိုင်၏။ အိပ်ရာလိပ်ဆိုသောစကား ကို မိုးဟိန်းက စိတ်ဝင်စားသွား၏။ အိပ်ရာလိပ်ထဲတွင် ခေါင်းအုံး၊ ခြင်ထောင်၊ စောင်၊ အခင်း၊ မွေ့ယာ စသည်တို့ ပါဝင်ပေမည်။ ထိုသို့သော ပစ္စည်းများသည် အခုလို အဝတ် အစားရှာမရအောင် မရှိသလောက်ဖြစ်နေသော သည် ကျွန်းပေါ်တွင် တန်ဖိုးကြီးမားလှသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"နေရာကို ခင်သီတာ မှတ်မိသလား"

"သွားကြည့်ရင် မှတ်မိမလားမပြောတတ်ဘူး"

"ကဲ . . . သွားကြရအောင်။ ကျောက်ဒိုး"

"ဗျာ"

"မင်း . . . ကျောက်ဂူထဲမှာ စောင့်နေ"

"ဗျာ . . . ဗျာ"

"ဘာဖြစ်နေတာလဲကွ"

"ကျွန်တော် ကြောက်တယ်။ တစ်ယောက်တည်း မနေရဲဘူး"

"ကျွတ် . . . မင်းကလည်း"

"ကြောက်တာတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ။ ကျွန်တော့်ကို ခေါ်သွားပါ"

"လာ . . . လိုက်ခဲ့"

မိုးဟိန်းသည် ကျောက်ဒိုးကိုပါခေါ်ကာ ကျောက်ဂူအပြင်ဘက်သို့ ထွက်လာခဲ့၏။

"ဘယ်သွားမလို့လဲ ကိုမိုးဟိန်း"





နက်ကျော်က ခပ်လှမ်းလှမ်းမှ တောစပ်တွင် ရပ်နေရင်းမှ လှမ်းမေးသည်။

"ငါတို့ အိပ်ရာလိပ်လိုက်ရှာရအောင်"

"ဘယ်မှာလဲ"

"ခင်သီတာရဲ့အသက်ကို အဲဒီအိပ်ရာလိပ်က ကယ်တင်ခဲ့တာကွ"

ကျောက်ဒိုးက ဝင်ပြောသည်။

"မင်းကိုပါ အဲဒီအိပ်ရာလိပ်က ကယ်သွားမှာတဲ့လား"

နက်ကျော်က ကျောက်ဒိုးကို နောက်သည်။

"အဲဒါတော့ ဘယ်သိမလဲကွ"

ကျောက်ဒိုးက ဂါထာမန္တန်များကို ရွတ်ဆိုနေပြန်၏။

"တစ်နေ့ တစ်နေ့ မင်းတော်တော် ကုသိုလ်ရမယ့်သူ"

"ရတနာ သုံးပါးဆည်းကပ်တဲ့သူကို မရဏက



www.burmeseclassic.com

www.burmeseclassic.com



ဖယ်တယ်ကွ"

"အေးအေး . . . ကောင်းတယ် ကောင်းတယ်"

"ဒီလိုကွ နက်ကျော်ရ။ အခုဆိုရင် ငါတို့မှာ တစ်ထည်ရေစိုလို့ တစ်ထည်လဲစရာ မရှိဘူး မဟုတ်လား။ အဲဒီ အိပ်ရာလိပ်ကို ရလိုက်ရင် မင်းတို့ ငါတို့အတွက် အဝတ်အတော်ကလေး ဖူလုံသွားနိုင်တယ်။ ခင်သီတာက ငါတို့ ထက် ပိုပြီး အရေးကြီးတယ်ကွ"

"အဲဒါက ဘယ်မှာလဲ"

"အဲဒီနေရာကို ခင်သီတာ သိတယ်"

"အသေအချာတော့ မဟုတ်ပါဘူး ကိုနက်ကျော် ရယ်။ သီတာထားခဲ့တဲ့နေရာကို သွားကြည့်ရင် မှတ်မိမယ် ထင်တာပဲ"

"ကဲ . . . သွားကြမယ်လေ"

မိုးဟိန်း၏ စကားအဆုံးတွင် လေးဦးသား ခရီး ဆက်ခဲ့ကြ၏။

"ဟောဒီမှာ ခြေရာတွေ"





မိုးဟိန်းသည် ကမ်းစပ်သို့ခြေချမိသည်နှင့် ခြေရာတို့ကို သတိထားကြည့်ခဲ့မိသည်မို့ ခြေရာတို့ကို တွေ့ခြင်း ဖြစ်၏။ ခြေရာတို့ကို မြင်သောအခါ မိုးဟိန်းမှာ အတော် ကလေး ဝမ်းသာသွား၏။

"အဟီး . . . ကြောက်စရာကြီး။ သရဲတွေရဲ့ ခြေရာ များလား မသိပါဘူးဗျာ"

ကျောက်ဒိုးက ကြောက်သောလေသံဖြင့် ပြောနေ ၏။

"ဟာ . . . ဒီကောင်ကလည်း ကြောက်တာက ပါလာပြန်ပြီ။ မဟုတ်ဘူးကွ။ ရေသရဲတို့ ရေသဘက်တို့ရဲ့ ခြေရာတွေလည်း မဟုတ်ဘူးဗျ။ ဒါ . . . ခင်သီတာရဲ့ ခြေရာ"

"ဗျာ"

ကျောက်ဒိုးက ခြေရာကို စေ့စေ့စပ်စပ် ကြည့်နေ ၏။

"ခင်သီတာက လူမှဟုတ်ရဲ့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟော့ကောင် ဘာတွေလျှောက်ပြော နေ တာလဲ"

"မြေရာတွေက ဟိုရောက်ဒီရောက်နဲ့ဆိုတော့ ကြောက်စရာကြီးဗျာ"

"တော်သေးတယ်။ ပင်လယ်ရေက ဒီနေရာကို ရောက်မလာသေးလို့ မြေရာတွေကို တွေ့နေရတာ။ အိပ်ရာလိပ်ကိုသာ တွေ့မယ်ဆိုရင်တော့ ငါတို့ ကံကောင်းတာပဲ"

တကယ်တော့ မိုးဟိန်းသည် လူကြီးတစ်ယောက် ပီသအောင် ရှေ့ရေးနောက်ရေးကို တွေးဆခြင်းဖြစ်၏။ ရေရှည်နေထိုင်နိုင်ရေးအတွက် ပစ္စည်းများကို ရသလောက် စုဆောင်းကြရမည်။ လောလောဆယ်တွင်လည်း မိုးဟိန်းတို့သည် ဦးသောင်ချမ်း၏အသက်ကို ကယ်တင်နိုင်ရေး အတွက် ကြိုးပမ်းရဦးမည်ဖြစ်၏။

သူတို့သည် အတော်ကလေး သွားမိလျှင် ရေစပ်သို့ ရောက်လာကြ၏။ သူတို့သည် ကျောက်ဆောင်များ ကြားတွင် အိပ်ရာလိပ်ကို လိုက်ရှာကြ၏။





"ဟာ . . . ဟိုမှာ မည်းမည်းကြီး ဘာလဲ"

ကျောက်ဒိုးက လက်ညှိုးထိုးပြပြီး မျက်စိကို စုံမှိတ်ထား၏။ အားလုံးကျောက်ဒိုးညွှန်ပြရာသို့ လှမ်းကြည့်၏။

"ဟာ . . . အိပ်ရာလိပ်ကြီး သောင်စပ်မှာ တင်နေတာပဲ။ လာဟော့"

မိုးဟိန်းက ဝမ်းသာအားရ ပြောရင်းပြေးသွား၏။ နက်ကျော်၊ ကျောက်ဒိုးနှင့် ခင်သီတာတို့က သူ့နောက်မှ ပြေးလိုက်လာကြ၏။ မိုးဟိန်းက အိပ်ရာလိပ်ကို ပခုံးပေါ်သို့ ထမ်းတင်လိုက်၏။ ရေစိုနေသောကြောင့် အတော်လေးနေ၏။ သို့သော် မိုးဟိန်းက ထမ်းနိုင်၏။ အိပ်ရာထဲမှ ရေများက အောက်သို့ ကျနေကြ၏။

"ဟော . . . ဟော"

ခင်သီတာနှင့် ကျောက်ဒိုးက အဝေးတစ်နေရာဆီသို့ လက်ညှိုးများကို ပြိုင်တူထိုးပြနေကြ၏။ မိုးဟိန်းက သူတို့ လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်၏။ လူ့သတ်အာဏာ ပါးကွက်သားများအသွင် ဝတ်ဆင်ထားသော လူထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



များကို တွေ့လိုက်ရသည်။ သူတို့ကို အတော်ဝေးသော နေရာတွင် မြင်နေရသည်။ သူတို့သည် မိုးဟိန်းတို့ကို မြင် တွေ့သွားသည်ထင်၏။ သူတို့ မျက်နှာမူပြီး ပြေးလာနေ သည်က မိုးဟိန်းတို့ရှိနေသော အရပ်သို့ ဖြစ်နေ၏။

"ပြေး"

မိုးဟိန်းက အားလုံးကို ပြေးရန်ပြောပြီးမှ သူကိုယ် တိုင်လည်း အိပ်ရာလိပ်ကိုထမ်းကာ တောထဲသို့ ဝင်ပြေး၏။

"ဟော့ကောင် . . . ကျောက်ဒိုး ပါးစပ်ပိတ်ထား နော်"

မိုးဟိန်းက ကျောက်ဒိုးကို သတိပေးရင်း ကျောက် ဒိုးလက်ကို ဆွဲကာပြေးသည်။ အိပ်ရာလိပ်ထဲမှ ရေများက စီးကျနေသဖြင့် အိပ်ရာကတစ်စထက်တစ်စ ပေါ့လာသည်။ သူတို့သည် အတန်ငယ်ပြေးမိလျှင် တောစပ်သို့ ရောက် လာလေ၏။ တောထဲသို့ ရောက်လျှင် ကျောက်ဂူရှိရာသို့ မပြေးဘဲ မြေဦးတည့်ရာသို့ ဆက်ပြေးလာခဲ့၏။ နားလိုက် ပြေးလိုက်နှင့် ပြေးနေရင်းမှ သူတို့သည် ချောက်ကမ်းပါး





တစ်ခုထဲသို့ တွယ်ကပ်ပြီး ဆင်းလာခဲ့ကြလေ၏။

ပြေးရင်းလွှားရင်း နက်ကျော်က အုန်းသီးသုံးလုံး ကို သယ်လာ၏။ မိုးဟိန်းက ကျောက်ဒိုးကို လိပ်ဥများ ကောက်လာစေ၏။

"ယခု အခြေအနေအရဆိုရင်တော့ သူတို့က ငါတို့ ကို လိုက်ရှာနေကြတာ သေချာတယ်။ ကျောက်ဂူကို လော လောဆယ် ပြန်လို့မဖြစ်သေးဘူး။ သူတို့က နယ်မြေကျွမ်း တော့ တစ်နေရာတည်းမှာ ကြာကြာနေလို့လည်း မဖြစ်ဘူး။ အမြဲစခန်းချနေဖို့ မလွယ်ဘူး။ ဒီလိုပဲ တစ်နေရာမှာ တစ်ည နှစ်ညအိပ်လိုက် ရှောင်တိမ်းလိုက် လုပ်နေရမှာပဲ"

"ဟုတ်တယ်"

မိုးဟိန်းစကားကို နက်ကျော်က ထောက်ခံလိုက် ၏။

"တော်တော်ဒုက္ခရောက်တာပဲနော်"

ကျောက်ဒိုးက ဂါထာမန္တန်များကို ရွတ်ဆိုနေရင်း မှပြော၏။ နက်ကျော်သည် မိုးဟိန်းကို ကြည့်နေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးကို လှည့်ကြည့်ရင်း သဘောကျစွာ ရယ်နေ၏။

"ဒုက္ခ၊ သူခတွေ ပြောမနေနဲ့။ မင်းဂါထာမန္တန်နဲ့ ရွတ်တာလည်း တိုးတိုးရွတ်။ တော်ကြာ လူထူးဆန်းတွေက ခြေရာခံမိသွားလို့ အားလုံး ဒုက္ခရောက်ကုန်မယ်"

"ကဲ . . . အဲဒါတွေ အသာထားဦး။ အခုလော လောဆယ် ငါတို့ဒီမှာ စခန်းချကြမယ်။ ဟိုကိုပြန်လို့မဖြစ်သေးဘူး။ ကျောက်ဂူထဲမှာ ကျန်ခဲ့တဲ့ပစ္စည်းတွေက သိပ်အရေးမကြီးပါဘူး မီးခြစ်ကော ရှိသေးရဲ့လား"

မိုးဟိန်းက ပြော၏။

"အင်း . . . ပါလာတယ်"

နက်ကျော်က မီးခြစ်ကို ထုတ်ပြ၏။

"အင်း . . . အဲဒါက အရေးကြီးတာ။ ဒါပေမဲ့ မီးဖိုလို့မဖြစ်ဘူး။ ညဘက် မီးရောင်မြင်ရင် ဟိုကောင်တွေ ရောက်လာနိုင်တယ်"

"စိတ်ချပါ ကိုမိုးဟိန်း"

"ခင်သီတာလည်း ဘာမှအားမငယ်နဲ့။ ကျောက်ဒိုး





ကလည်း မကြောက်နဲ့"

"ဟုတ်ကဲ့။ အစ်ကိုတို့နဲ့တွေ့ရတာ သီတာ အားတက်မိပါတယ်။ သေပြီလို့ ထင်ထားတာ အခုလို အသက်ရှင်နေရတာကိုပဲ ကျေနပ်မိပါတယ်။ သီတာ မကြောက်ပါဘူး။ သေတွင်းကတောင် လွတ်ခဲ့သေးတာပဲ အစ်ကိုတို့ရာ။ သီတာ သေရမှာကို မကြောက်ပါဘူး"

"အေး . . . အဲဒီလို စိတ်ဓာတ် မွေးထားတာ ကြိုက်တယ်"

မိုးဟိန်းက သဘောကျစွာဖြေပြီး အိပ်ရာလိပ်ရှိရာသို့ ထသွား၏။

"အိပ်ရာလိပ်ကိုဖြေကြည့်ရအောင်"

"လုပ်လေ"

နက်ကျော်က ပြောရင်းမိုးဟိန်း၏နောက်သို့ ရောက်လာ၏။ ခင်သီတာကလည်း မိုးဟိန်းအနီးသို့ လျှောက်လာ၏။ ကျောက်ဒိုးက အုန်းသီးခွဲစားရန်အတွက် ကျောက်အချွန်တစ်ခုကို ရှာဖွေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေက နှစ်ရှည်လများ နေထိုင်ရမယ်ဆိုရင် သိပ်တန်ဖိုးရှိတဲ့ပစ္စည်းတွေပဲ နက်ကျော်ရ"

"ဟုတ်ပါတယ်"

"သီတာအသက်ကို ကယ်တင်ခဲ့တဲ့ ပစ္စည်းမို့ သီတာက ပိုပြီးတန်ဖိုးထားပါတယ် အစ်ကို"

မိုးဟိန်းက အိပ်ရာလိပ်မှ ကြိုးများကို ဖြေနေရင်း ခင်သီတာကိုကြည့်သည်။ ခင်သီတာနှင့် နက်ကျော်ကလည်း ဝင်၍ ကြိုးဖြေပေး၏။ အိပ်ရာလိပ်အတွင်းမှ ပစ္စည်းများကို ကြည့်ရှုကြသည်။

"ဟာ . . . ဒီမှာဓား"

"ဟော . . . ဒီမှာ သေနက်တစ်လက်"

"ဟော . . . ဟော . . . ဒီမှာက မီးခြစ်တစ်လုံး။ ဂက်စ် (Gas) နဲ့သုံးတဲ့ မီးခြစ်"

"ဟောဗျာ . . . စီးကရက်တစ်တောင့်လည်း ပါလာတယ်။ သောက်ကြည့်ပါဦး ရေတွေစိုလို့ ဘာပဲဖြစ်ဖြစ် အခြောက်လှန်းပြီး ဖြစ်သလိုတော့ သောက်ရမယ်။





ဆေးလိပ်ငတ်နေတာကြာပြီ"

ကျောက်ဒိုးက သူတို့အနားသို့ရောက်လာ၏။ မိုးဟိန်းက သေနတ်ကို သေသေချာချာ ကိုင်တွယ်ကြည့်နေ၏။ (၃၈)ဗို့ ပစ္စတိုဖြစ်နေ၏။ ကျည်ကပ်တွေလည်းပါလာ၏။ ဓားကရှစ်လက်မခန့် ရှည်သောဓားမြှောင်။

အေပီစီဆေးပုလင်း၊ ကိုဒါနင်ဆေးပုလင်းများကိုလည်း တွေ့ရ၏။ ထိုဆေးဝါးများသည် မိုးဟိန်းတို့အတွက် သိန်းသန်းမက တန်ဖိုးရှိလှ၏။

"ဟောဒီအကျီတွေနဲ့ လုံချည်တွေကိုတော့ ခြောက်သွေ့အောင်လှန်းပြီးရင် ဝေစုခွဲကြမယ်။ တစ်ယောက် တစ်ထည်စီတော့ ရနိုင်ပါတယ်။ ပစ္စည်းတွေကိုတော့ ဝေမျှသုံးကြတာပေါ့။ ဆေးပုလင်းတွေကိုတော့ ခင်သီတာက သိမ်းထားပေးပါ။ အိပ်ရာပစ္စည်းတွေကိုလည်း ခင်သီတာပဲ သိမ်းထားပေါ့။ လိုအပ်မှသုံးမယ်"

အားလုံးက မိုးဟိန်းပြောသော စကားကို ငြိမ်သက်စွာ နားထောင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဓားကိုတော့ အားလုံးသုံးဖို့ထားရမယ်။ အင်းတစ်ခုတော့ရှိတယ်။ ဒီဓားက ရန်သူနဲ့တွေ့တဲ့အခါမှာ တိုက်နိုင်ခိုက်နိုင်တဲ့ ဓားဖြစ်တာကြောင့် နက်ကျော်က ယူထား။ သေနတ်ကိုတော့ ငါယူထားမယ်။ ဒီတစ်ခါတော့ ရန်သူတွေ ရောက်မလာဖို့ အရေးကြီးတယ်။ ဒါနဲ့ ဒီညမှာ ငါတို့လေးယောက် ဒီနေရာထက် စိတ်ချရတဲ့နေရာမှာ အိပ်နိုင်ဖို့ အရေးကြီးတယ်။ ကောင်းကောင်းမစားရရင် နေပါစေ။ ကောင်းကောင်းအိပ်ရမှ ဖြစ်မယ်"

"ဟုတ်တယ်"

နက်ကျော်က ဝင်ပြောၿ၏။ ကျောက်ဒိုးက ခေါင်းညိတ်နေ၏။ ခင်သီတာက သူမအတွက်ပေးသော ပစ္စည်းများကို နေရောင်ရသော နေရာသို့သွားကာ အခြောက်လှန်းနေ၏။

"ရော့ . . . ကျောက်ဒိုး မင်းအတွက်"

မိုးဟိန်းက ပုဆိုးတစ်ထည်နှင့် အနွေးထည်တစ်ထည်ကို လှမ်းပေးရာ ကျောက်ဒိုးက ဝမ်းသာအားရဖြင့် ယူ





လေ၏။ နက်ကျော်ကလည်း အင်္ကျီတစ်ထည်နှင့် ပုဆိုးတစ်ထည်ရ၏။ မိုးဟိန်းက ပုဆိုးတစ်ထည်သာရ၏။ ယခုလောလောဆယ်တွင် မိုးဟိန်းတွင် ဘောင်းဘီတစ်ထည်ရှိနေ၏။ ဖိနပ်တော့မည်သူမှမရှိကြတော့ချေ။ မိုးဟိန်းကိုယ်တိုင် ပင်လယ်ထဲသို့ ဆင်းရမည်ဆိုသောအခါ ဘွတ်ဖိနပ်ကို ချွတ်ပစ်လိုက်၏။

"ကျောက်ဒိုး ပင်လယ်ထဲမှာ ဖိနပ်သွားရှာပါလား"

"ဟာဗျာ မဟုတ်တာဘဲ"

"မင်းဖိနပ်စီးရအောင်လေ"

"မစီးချင်ပါဘူး"

ကျောက်ဒိုးကိုကြည့်ပြီး ကျန်သုံးယောက်က ရယ်မောနေမိကြလေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )
## ကယ်တင်ရှင်နှစ်ဦး

"နက်ကျော်"

"ဗျာ"

"ထကွာ"

နက်ကျော်က ထထိုင်လေ၏။ အနားတွင် ချထား သော ဓားကိုလည်း ဆုပ်ကိုင်ထား၏။

"ကိုမိုးဟိန်း ဘာဖြစ်လို့လဲ"





"ဘာမှမဖြစ်ဘူး။ မင်းနဲ့ငါ ဘုရင်မ စခန်းထဲကို ဝင်ကြရအောင်"

"လုပ်လေ"

"အခြေအနေပေးရင် မင်းနဲ့ငါ ဦးသောင်းချမ်းကို ကယ်တင်ကြမယ်"

"အင်း . . . ကောင်းတယ်"

သူတို့နှစ်ဦး ထရပ်လိုက်ကြ၏။

"ကျောက်ဗိုးနဲ့ ခင်သီတာ"

"ဟော့ . . . မနိုးနဲ့လေ။ သူတို့ အိပ်မောကျနေ တယ်။ ဒီအတိုင်းထားခဲ့တာကောင်းတယ်။ ကျုပ်တို့မရှိဘူး ဆိုတာသိရင် သူတို့ကြောက်နေကြဦးမယ်။ ပြီးတော့ ကျောက်ဗိုးဆိုတဲ့ကောင်က ဘာမှအစွမ်းအစရှိတာမဟုတ် ဘူး။ နေခဲ့ပါဆိုရင်လည်း နေရဲမှာ မဟုတ်ဘူး။ အဲဒါကြောင့် အခုလို ထားခဲ့တာ သိပ်ကောင်းတယ်။ သူတစ်ရေးနိုး လာဦးတော့ ကျုပ်တို့ အိပ်နေတယ်ပဲ ထင်မှာပဲ"

"အင်းလေ . . . အဲဒါပဲ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက် အမြင့်သို့ တက်လာခဲ့ကြ၏။

"နက်ကျော်"

"ဗျာ"

"ငါတို့ အခုဘယ်ရောက်နေသလဲဆိုတာ သိသလား"

"ဟင့်အင်း"

"ငါတို့ တောင်ပေါ်တက်ကြရအောင်။ အဲဒီ တောင်ထိပ်ပေါ်ကနေ မီးရောင်ကိုရှာမယ်"

"တောင်ပေါ်က ခရီးထောက်တယ်။ အမြင့်ဆုံး အုန်းပင်ပေါ်က တက်ကြည့်တာ အချိန်တိုတိုအတွင်းမှာ ခရီးရောက်တယ်"

"အေး . . . ဟုတ်တယ်"

မိုးဟိန်းက နက်ကျော်အကြံပေးသည့်အတိုင်း အုန်းပင်ရှိရာသို့မသွားဘဲ သစ်ပင်မြင့်မြင့်ကိုရှာ၏။ သေနတ်ကို နက်ကျော်ကိုပေး၏။

"သေနတ်မလိုပါဘူးဗျာ။ အရေးဆိုရင် ဓားက





အတော်ခရီးရောက်နိုင်ပါတယ်။ ခင်ဗျားသာ သစ်ပင်ပေါ်ကနေ မီမီရရ ပစ်ဖို့လိုတယ်"

"အေး"

မိုးဟိန်းက သစ်ပင်ပေါ်သို့ တက်သွား၏။ အတော်မြင့်မြင့်သို့ရောက်သည်နှင့် မီးရောင်ကိုမြင်ရ၏။ မီးလင်းနေသော အဆောက်အဦများက မိုးဟိန်းတို့ ရောက်နေသောနေရာနှင့် သိပ်မဝေးချေ။ ခန့်မှန်းချက်အရဆိုလျှင် နှစ်မိုင်လောက်သာ ဝေးနိုင်စရာရှိ၏။ မိုးဟိန်းက စိတ်ကျေနပ်အောင် မှတ်သားပြီးမှ သစ်ပင်အောက်သို့ ပြန်ဆင်းလာခဲ့၏။ တောငှက်တို့လည်း မိုးဟိန်းသစ်ပင်ပေါ်သို့ တက်စဉ်ကလည်း လန့်ပြီး ပျံသန်းသွားကြသည်။ သစ်ပင်ပေါ်မှ ပြန်ဆင်းသော်လည်း ပျံသန်းသွားကြ၏။

"မီးရောင်တွေ့လား"

"တွေ့တယ်။ ဒီနေရာနဲ့ သိပ်မဝေးဘူး။ ငါတို့ သွားကြမယ်။ အချိန်အခါကောင်းတုန်း လှုပ်ရှားလိုက်ရအောင်"

နှစ်ဦးစလုံး သတိကောင်းစွာထားပြီး မီးရောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

သောနေရာသို့ လာခဲ့ကြ၏။ တစ်နေရာတွင် မိုးဟိန်းတို့သည် လူထူးဆန်းတစ်စုကို အသံကြားသဖြင့် ချုံထဲဝင်ကာ ပုန်းအောင်းနေလိုက်ကြ၏။ သူတို့လွန်သွားမှ ခရီးဆက်ခဲ့ကြ၏။ သို့သော်လည်း သူတို့နှစ်ဦးသည် နောက်ပိုင်းရန်ကို စိတ်မအေးနိုင်အောင်ရှိလေ၏။

သည်အတိုင်းဆိုလျှင်သည် လူထူးဆန်းတွေက မိုးဟိန်းတို့လူစုကို နေ့မနား ညမနားလိုက်ရှာနေသည်က သေချာနေပြီ။

"ဒီလူထူးဆန်းတွေက ခင်သီတာတို့ အိမ်ပျောက်နေတဲ့နေရာကိုတော့ ရောက်မသွားနိုင်ပါဘူးနော်"

"ဘယ်ပြောနိုင်ပါ့မလဲ နက်ကျော်ရယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ မှတ်ရတော့မှာပေါ့"

"ကျုပ် ဒီလိုလုပ်ချင်တယ်"

"ဘယ်လိုလဲ"

"ကျုပ် . . . ဒီကောင်တွေကို ချုံခိုတိုက်ချင်တယ်"

"ကောင်းတယ်ကွ။ ငါတို့ သူတို့နောက်ကို တိတ်တဆိတ်လိုက်သွားပြီး တိုက်ခိုက်ကြမယ်"

သူတို့နှစ်ယောက်သည် သူတို့အနားမှ ထွက်ခွာသွားသော လူထူးဆန်းများ၏နောက်သို့ ဆက်လိုက်ကြ၏။ လူထူးဆန်းများသည် မီးများထွန်းညှိကာ နားနေကြလေ၏။ သူတို့သည် ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်တွင် နားနေကြခြင်းဖြစ်၏။ သစ်ပင်ကြီးအောက်တွင် အတော်ကလေးရှင်းနေပြီး ချုံနွယ်များက ဘေးမှဝိုင်းရံထား၏။ ထို့ကြောင့် မိုးဟိန်းတို့နှစ်ဦးက သူတို့ကိုကောင်းစွာမြင်နေရ၏။

"သခင်မရဲ့ အမိန့်တော်ကြောင့်သာ အခုလောက်အပင်ပန်းခံပြီးလိုက်နေရတာ။ တကယ်ဆိုရင် ငါတို့ ဘာမှ ပင်ပန်းစရာမလိုပါဘူး။ ငါတို့အဖို့ရန်သူတွေကို တစ်နေ့မဟုတ်တစ်နေ့မိမှာပဲ"

"ဟုတ်တယ်။ ကိုယ်တော်ကြီးပြောတာ ဟုတ်တယ်။ ကျွန်တော်မျိုးတို့အတွက် ဘာမှခက်ခဲတာ မဟုတ်ပါဘူး။ ဒီရန်သူတွေကို လွယ်လွယ်ကလေးနိုင်နိုင်တာပေါ့။ သူတို့ ဒီကျွန်းပေါ်က ဘယ်ကိုမှထွက်ပြေးနိုင်မှာ မဟုတ်



မြတ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒင်းတို့ ကြာကြာပုန်းမနေနိုင်ပါဘူး။ အဆာရေစာငတ်ရင် ထွက်လာကြမှာပဲ။ ဒီတော့မှ အသာကလေး ဖမ်းလိုက်ရုံပဲ"

"အေးပေါ့ . . . သို့ပေမယ့်လည်း ဘုရင်မက သိပ်စိုးရိမ်တတ်တယ် မဟုတ်လား။ ဒီကျွန်းကြီး ရန်သူ့လက်ထဲကို ကျရောက်သွားမှာ သခင်မက သိပ်စိုးရိမ်နေတာ။ ဟုတ်တော့ ဟုတ်တယ်။ နင်တို့ငါတို့အဖို့ နေစရာ ဘယ်အပျောက်ခံနိုင်ပါ့မလဲ။ တို့တစ်တွေရဲ့ ဘိုးဘွားမယ်တော်တွေ၊ ခမည်းတော်တွေ လက်ထက်တော်တုန်းကလည်း မြို့စားနယ်စား နယ်မြေတွေကို ဖယ်ရှားပေးရလို့ အခုလို ဒီမှာလာပြီး ဘဝရပ်တည်နေရတာ မဟုတ်လား။ ဒီတစ်ခါ ထပ်ရှုံးရင် ဘယ်နှယ့်လုပ်မလဲ။ အားလုံးသေဲကုန်ကြမယ်"

သူတို့စကားကိုနားထောင်ရသည်ဆိုရင်ပဲ လူထူးဆန်းတွေရဲ့သဘောထားကို မိုးဟိန်းတို့ နားလည်သွားရ၏။ တကယ်တော့ လူထူးဆန်းများသည် မိုးဟိန်းတို့ကဲ့သို့ မြန်မာ့လူမျိုးများဖြစ်ပေလိမ့်မည်။ သူတို့သည် တစ်ခေတ်





တစ်ခါက စစ်ရှုံးသည်။ အောင်နိုင်သူတွေက သူတို့နယ်မြေများကို သိမ်းဆည်းသွားသည်။ အသက်အသေမခံနိုင်၍ သစ်ဖောင်ကြီးများဖြင့် ပင်လယ်ကို ဖြတ်၏။ ထိုသို့ ပြေးလွှားရင်းသည် ကျွန်းပေါ်သို့ ရောက်လာခြင်းဖြစ်ပေလိမ့်မည်။

တကယ်တမ်းတွေးကြည့်လျှင် သူတို့ဘဝသည် အလွန်သနားစရာ ကောင်းလှ၏။ ကျွန်းပေါ်တွင် နှစ်ရှည်လများစွာ နေလာခဲ့သည့်အတွက် နား၊ မျက်စိ (ဉာဏ်နည်းပါးခြင်း)တို့ ပိတ်နေကြပြီ။

သူတို့သည် ဤကျွန်းကို တစ်ကမ္ဘာထင်နေကြလေ၏။ ဤကျွန်းကို ရောမကျွန်းကြီးဟု ထင်နေကြသည်။ တိုင်းပြည်ကြီးတစ်ခုဟု ထင်နေကြ၏။

တကယ်ဆိုလျှင် သူတို့လူစုသည် အလွန်သေးငယ်သော ကျွန်းကလေးပေါ်တွင် သောင်တင်နေကြခြင်းဖြစ်၏။ သို့ဖြစ်ခြင်းကြောင့် သူတို့သည် မြန်မာပြည်ကြီး ဘယ်လောက်ပြောင်းလဲနေသည်၊ ဘယ်လောက်တိုးတက်နေသည်ကို မသိကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူတို့သိရလေအောင် ကြိုးပမ်းခဲ့ရသော် ဘယ်လောက်ကောင်းလိမ့်လေမည်နည်း။ သည်လိုသူတို့နားလည်အောင် လုပ်ဖို့ဆိုသည်ကလည်း လွယ်လှသည်တော့ မဟုတ်ချေ။

"ပစ်မလား"

မိုးဟိန်းက ငြိမ်၍ကြည့်နေသည်ကို နက်ကျော်က တိုးတိုးကလေးမေးလေ၏။

"နေဦး"

မိုးဟိန်းက နက်ကျော်၏ လက်ကို ကိုင်ထားရင်း ပြော၏။

"အခုအတိုင်းဆိုရင် ဒီကောင်တွေ ဒီမှာအိပ်မယ် ထင်တာပဲကွ"

"ဟုတ်တယ်။ ကောင်းတယ်။ သူတို့အိပ်သွားရင်တော့ ကျုပ်တို့အတွက် အခွင့်အရေးပေါ့"

"ဟုတ်တယ်"

သူတို့သည် စကားမပြောကြတော့ လူထူးဆန်း





များသာဆက်လုပ်ကြမလဲဟု ငြိမ်၍ကြည့်နေကြလေ၏။

"ဒီမှာ အိပ်စက်ကြမယ်။ သခင်မအတွက် ငါတို့တစ်တွေ အိပ်စက်ပြီး အားမွေးကြစို့ရဲ့"

အားလုံးထဲတွင် မီးရောင်အောက်၌ အရပ်အမြင့်ဆုံး၊ အသားလည်း အဖြူဆုံး၊ ကိုယ်လုံးကိုယ်ထည်လည်း အထွားဆုံးဖြစ်သော လူကြီးက အမိန့်ပေးလိုက်သည်နှင့် နောက်လိုက်များသည် ဝမ်းသာအားရနှင့် အိပ်စက်ရန်ပြင်ဆင်ကြလေ၏။

အားလုံး၏ဝတ်ဆင်မှုသည် အပေါ်ပိုင်း၌သာ ဘာအဝတ်အစားမှ ဝတ်မထားကြချေ။ အောက်ပိုင်းတွင်သာ တောင်ရှည်ပုဆိုးလို ပုဆိုးမျိုးကို ခါးတောင်းမြှောင်အောင် ကြိုက်ထားကြလေ၏။ သူတို့၏ ပေါင်တိုင်းတွင်လည်း ထိုးကွင်းများထိုးထားကြ၏။ ပေါင်အားလုံးသည် ဆေးမှင်ရောင်များဖြင့် မည်းနေ၏။

"ဘယ်လိုလဲ ပိုင်လိမ့်မယ်ထင်တယ်"

နက်ကျော်က အသံကို ငြိမ်ငြိမ်ကလေးနေအောင်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး တစ်လုံးချင်းကို တိုးတိုးကလေးပြောၿ၏။ မိုးဟိန်းက နက်ကျော်၏လက်ကိုကိုင်ထားပြီး ငြိမ်ငြိမ်ကလေးနေရန် ထား၏။ ထို့နောက်သူတို့နှစ်ဦးသည် လူထူးဆန်းများကို ကြည့်နေမိကြပြန်၏။ လူထူးဆန်းဦးရေးမှာ အများကြီးတော့ မဟုတ်ချေ။ စုစုပေါင်းငါးယောက်သာ ဖြစ်လေ၏။

မိုးဟိန်းတို့က နှစ်ယောက်။ သူတို့ကမိုးဟိန်းတို့ ထက် အင်အားနှစ်ယောက်သာနေ၏။

"နက်ကျော်"

"ဗျာ"

"မင်းဓား ငါ့ကိုပေး"

"ဟုတ်ကဲ့"

"မင်းက ဒီမှာနေရာယူပြီး သေနတ်နဲ့ သေသေချာချာချိန်ထား ငါက ပစ်ဆိုရင်ပစ်။ ငါအမိန့်မရတဲ မင်း ဘာမှမလုပ်နဲ့။ ငြိမ်ငြိမ်လေးနေကြားလား"

"ဟုတ်ကဲ့။ ဒါပေမဲ့ ကျွန်တော် ပြောချင်တယ်"

"ကျွန်တော် ဓားနဲ့အားလုံးကို ဝင်မွှေမယ်။ ခင်ဗျား





နေရာယူထား ဘယ်နှယ့်လဲ"

"ငါနဲ့ ဖြစ်ပါတယ်ကွာ"

"ကျွန်တော်ကဓားနဲ့ပတ်သက်ရင် သိပ်ကျွမ်းတာ ဗျ"

မိုးဟိန်းက တွေဝေကာ နက်ကျော်ကို ကြည့်၏။ တစ်ယောက်ကိုတစ်ယောက် သေသေချာချာ မြင်ရသည် တော့မဟုတ်။ သို့သော်လည်း ခပ်ရေးရေးတော့မြင်နေရ၏။

"တကယ်ပြောတာပါဗျ။ ကျွန်တော်က သိုင်း သမားပါ"

တကယ် ဟုတ်မဟုတ်တော့ မသိပေ။ နက်ကျော် ဆိုသည့်ကောင်က မိုက်ရူးရဲပုံစံတော့ မဟုတ်ချေ။ ထို အပြင် နက်ကျော်သည် ပျော်ပျော်ရွှင်ရွှင်နှင့် ပေါ့ပေါ့ဆဆ နေတတ်သူဖြစ်သော်လည်း အလွန်ခွေးအေးပုံရလေ၏။ ထို့ကြောင့် မိုးဟိန်းက နက်ကျော်ကို တာဝန်ပြန်ပေးလိုက် ရ၏။

"ကောင်းပြီ . . . မင်းသွား။ အခြေအနေမဟန်ရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းလွတ်ရာကိုရှောင် ငါကျည်တစ်ထောင့်ချင်းပစ်မယ်"

"ဟုတ်ကဲ့"

နက်ကျော်က မိုးဟိန်းစကားဆုံးသည်နှင့် ချုံ
အပြင်သို့ ထွက်လိုက်၏။ လူထူးဆန်းအားလုံးက အိပ်နေ
ကြသည်တော့ မဟုတ်ချေ။ ခေါင်းဆောင်လုပ်သူသည် ဟို
သည်လမ်းလျှောက်နေလေ၏။ နက်ကျော် ပထမဦးဆုံး
တိုက်ခိုက်ရမည်က ထိုသူပင်ဖြစ်၏။ နက်ကျော်က တစ်
လှမ်းချင်းပင် ထွက်လာခဲ့၏။ အတော်ကလေး လျှောက်မိ
လျှင် ထိုသူ၏နောက်ပိုင်းသို့ နက်ကျော်ရောက်သွားလေ၏။

ထိုသို့ရောက်သည်နှင့် နက်ကျော်က ထိုလူ၏
နောက်ကျောပြင်ကို ဓားဖြင့်အရှိန်ပြင်းပြင်းထိုးစိုက်လိုက်
လေ၏။ ထိုသူက အော်ဟစ်ရန် ကြိုးစားလိုက်သေး၏။ သို့
သော်လည်း နက်ကျော်သည် ဓားနှင့်ထိုးပြီးသည်နှင့် လျင်
မြန်စွာဖြင့် ထိုသူ၏လည်မျိုကို စန်ဆွဲချရင်း ပါးစပ်ကို ပိတ်
ထားလိုက်လေ၏။

မိုးဟိန်းက အပြင်သို့ အလျင်အမြန်ထွက်လိုက်၏။





နက်ကျော်က ချုံထဲမှ ထွက်လာသော မိုးဟိန်းကို လှမ်း
ကြည့်၏။ မိုးဟိန်းက လက်ဝါးကာပြလိုက်ပြီး နက်ကျော်အနီး
သို့ တိုးကပ်လာခဲ့၏။

"ဒီလိုလုပ် . . . သူတို့ကို အပြတ်ရှင်းမယ်"

"ကောင်းပြီ"

ထိုသို့နှစ်ယောက်သား တိုင်ပင်ပြီးချိန်တွင် အိပ်
ပျော်နေသော တစ်ယောက်က နိုးလာ၏။ လန့်နိုးသည်နှင့်
ထိုလူက သူ့လူများကို ရူးရူးဝါးဝါး အော်ဟစ်ပြီး အချက်ပေး
၏။

မိုးဟိန်းက အချိန်ဆွဲမနေတော့ချေ။ နက်ကျော်နှင့်
အတူ ကျန်လူလေးဦးကို လျင်မြန်စွာ တိုက်ခိုက်လိုက်၏။
သူတို့အားလုံး ငြိမ်သက်သွားလေ၏။

မိုးဟိန်းနှင့် နက်ကျော်က သူတို့၏ဒူးလေး၊ မြား၊
လှံ၊ ဓားများကိုယူပြီး ထိုနေရာမှ အမြန်ပင်ထွက်ပြေးခဲ့ကြ
လေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )
## လျှပ်တစ်ပြက်တိုက်ခိုက်မှုများ

မိုးဟိန်းနှင့် နက်ကျော်သည် ဘုရင်မ၏စခန်းသို့ ခရီးဆက်ခဲ့ကြလေ၏။ နှစ်နာရီလောက်သွားလာခဲ့တော့မှ ဘုရင်မ၏စခန်းအနီးသို့ ရောက်လာခဲ့ကြလေ၏။

မြင်ကွင်းက ရှင်းရှင်းကြီးတော့ မဟုတ်ချေ။ သို့သော်လည်း အရာရာကို ပိုးတဝါး မြင်နေရ၏။

"တွေ့လား . . . မြို့ရိုးတွေ အစောင့်တွေ၊





အိမ်တွေ"

မိုးဟိန်းက ဖြေ၏။

"ဟုတ်ကဲ့"

နက်ကျော်က တွေ့ကြောင်းပြန်ဖြေ၏။

"ငါတို့အထဲကို ဝင်နိုင်ရင်ကောင်းမယ်"

"ဖြစ်ရမှာပေါ့"

"ပေါ့ပေါ့ဆဆ လုပ်လို့တော့ မဖြစ်ဘူးနော် နက်ကျော်"

"စိတ်ချပါ"

"ဒါဖြင့် အထဲကို ဝင်ကြမယ်"

"အင်း . . . အစောင့်ကိုတော့ အပြတ်ရှင်းမှ"

"အေး . . . ဟုတ်တယ်"

သူတို့နှစ်ယောက်သည် မြို့ရိုးအနီးသို့ ချဉ်းကပ်လာခဲ့ကြ၏။ မြို့ရိုးသည် လူတစ်ရပ်စာမက မြင့်လေ၏။ မိုးဟိန်းအရပ်နှင့်ပင် လက်တစ်မြောက်စာမက မြင့်သေး၏။

"နက်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ငါအရင်တက်မယ်"

မိုးဟိန်းသည် မြို့ရိုးကို စုန်လှားကာ တက်လိုက်၏။ ထို့နောက် နက်ကျော်က လိုက်တက်လာ၏။ သူတို့ နှစ်ယောက်သည် မြို့ရိုးထဲသို့ ရောက်လာကြ၏။ အစောင့်တစ်ယောက်ကို စတင်တိုက်ခိုက်ရန် အနီးသို့ ချဉ်းကပ်လာခဲ့၏။

အစောင့်၏လက်ထဲတွင် လှံတစ်ချောင်းကို ဆုပ်ကိုင်ထားလေ၏။ နက်ကျော်က ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

"တိုက်"

မိုးဟိန်းက အချက်ပေးလိုက်သည်နှင့် နက်ကျော်က အစောင့်ကို ဓားဖြင့် ဝင်ထိုး၏။ အစောင့်လဲကျသွားသည်။ ထို့နောက် သူတို့နှစ်ဦးသည် အထဲသို့ ဝင်လာခဲ့ကြ၏။

အိမ်တွေက မြို့ရိုးအတွင်း ပတ်ပတ်လည်တွင် တည်ဆောက်ထားခြင်းဖြစ်၏။ အလယ်ဗဟိုလို နေရာမျိုး





The Early Bird BOOK HOUSE

မှာတော့ ဘုရင်မ၏နန်းတော်ရှိနေ၏။

"ရန်သူ"

အတော်ကလေး အတွင်းဘက်သို့ ဝင်မိသည်နှင့် မိုးဟိန်းနှင့် နက်ကျော်တို့ ရောက်ရှိနေကြောင်း အော်ဟစ်အချက်ပေးသံတစ်သံက ထွက်ပေါ်လာလေတော့၏။

မိုးဟိန်းနှင့် နက်ကျော်က နောက်သို့ ပြန်မဆုတ်ချေ။ ရှေ့သို့ဆက်တိုးကာ တိုက်ပွဲကိုစလေ၏။ ဘုရင်မ၏ လူအင်အားက မိုးဟိန်းတို့ကို ဝိုင်းလာကြ၏။

"သူတို့အင်အားက သိပ်များနေတယ်"

မိုးဟိန်းက အခြေအနေကို သုံးသပ်ပြီး နက်ကျော်ကို ပြော၏။ နက်ကျော်ကလည်း နားလည်သည်။

"ဟုတ်တယ်"

မိုးဟိန်းကပြောပြီး နက်ကျော်၏လက်ကို ဆုပ်ကိုင်ပြီး အမှောင်ထုအတွင်းသို့ ဆုတ်သွား၏။ ရန်သူများသည် မိုးဟိန်းနှင့်နက်ကျော်ကို အသေအချာ မြင်တွေ့ပုံမပေါ်ချေ။ သူတို့သည် မှန်းဆပြီး လိုက်နေခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းတို့ကလည်း ယခုအချိန်အထိ ကျည်ဆန်တစ်တောင့်မှ မလွှတ်ရသေးချေ။ အသံတိတ် လှုပ်ရှားနေခြင်းဖြစ်၏။

"ရန်သူ ဝိုင်း . . . လိုက် . . . ချ . . . သတ်"

အော်ဟစ်သံများသည် နန်းတော်တစ်ခုလုံးဆူညံနေ၏။ မိုးဟိန်းနှင့် နက်ကျော်က ပထမဦးစွာ ဓားဖြင့် ခုတ်၏။ မရသည့်အဆုံးမှာတော့ သေနတ်များကို အသုံးချလေတော့၏။

သေနတ်များကို အသုံးချသော်လည်း ကျည်ဆန်များကို လိုသလောက်မဖြုန်းနိုင်ချေ။ ချွေချွေတာတာ ပစ်ရင်းဖြင့် သူတို့သည် မြို့ရိုးအပြင်သို့ရောက်အောင် ထွက်ခဲ့ကြလေ၏။

မြို့ပြင်သို့ ရောက်သည်နှင့် မိုးဟိန်းနှင့် နက်ကျော်တို့သည် တစ်ယောက်တစ်နေရာဆီ လမ်းခွဲပြေးကြလေ၏။ သို့သော်လည်း တစ်နေရာသို့အရောက်တွင် သူတို့နှစ်ဦး ပြန်ဆုံမိကြ၏။





"ဘယ်သူလဲ"

"နက်ကျော်"

သူတို့နှစ်ဦးသည် ပြန်ဆုံမိကြသည်နှင့် ဆက်ပြေးကြလေ၏။ တောကျွမ်းသော မုဆိုးများအလား ရန်သူများက သူတို့နောက်သို့ ထက်ကြပ်မကွာ လိုက်လာကြ၏။ မနားမနေ ပြေးလိုက်ကြသည့်အချိန်ပေါင်း အတော်ကလေးကြာသွားလေမှ မိုးဟိန်းနှင့် နက်ကျော်တို့သည် လူထူးဆန်းများ၏ အဝိုင်းကိုခံလိုက်ကြရတော့၏။

သို့ဖြစ်၍ မိုးဟိန်းနှင့် နက်ကျော်တို့က အနီမှိုင်းကျောက်တုံးကြီးများ၏အောက်တွင် ကပ်နေကြသည်။ လူထူးဆန်းများက အမြင့်ပိုင်းမှ ထွက်ပေါက်ကို ပိတ်ကာ ဝိုင်းထားကြလေ၏။

"နက်ကျော်"

"ဗျာ"

"အားအနည်းဆုံး ထွက်ပေါက်က မင်း အရင်ထွက်။ ငါပစ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အရင်ထွက် ကျွန်တော်ပစ်ပေးမယ်။ ခေါင်းဆောင်လွတ်သွားဖို့ အရေးကြီးတယ်"

"မဟုတ်သေးဘူး။ ငါ့အမိန့်ပေးနေတယ်"

"ခင်ဗျားထွက်ပါ"

"အမိန့်ပေးနေတာနော် နက်ကျော်"

မိုးဟိန်းက စိတ်ဆိုးမာန်ဆိုးဖြင့် နက်ကျော်ကို တွန်းထုတ်လိုက်၏။ ထိုအချိန်တွင် အပေါ်မှမြားမိုးက ရွာလာ၏။ နက်ကျော်က အတင်းဝပ်ချရင်း မိုးဟိန်းကို ထွက်ရန်ပြော၏။

"ဟေ့ကောင် . . . မင်းမထွက်ရင် မင်းကို ငါပစ်မယ်နော်"

မိုးဟိန်းက ပို၍စိတ်ဆိုးလာသဖြင့် သေနတ်ကို နက်ကျော်ဘက်သို့ ချိန်ရွယ်ထားလိုက်၏။ နက်ကျော်က မကျေနပ်ပေမယ့် အမိန့်မို့ နာခံလိုက်ရ၏။

သူသည် မိုးဟိန်းကို လက်ပြလိုက်၏။ ထိုသို့ လက်ပြပြီးသည်နှင့် မိုးဟိန်းကလည်း သုံးလေးချက်ပစ်





သည်။

နက်ကျော်သည် အပေါ်သို့ အတင်းဖြတ်ပြေးပြီး တက်လေ၏။ နက်ကျော်က နေရာယူပြီး ပစ်ခတ်ပေးသည်နှင့် မိုးဟိန်းက နက်ကျော်၏အနားသို့ တက်လာ၏။

သည်လိုနှင့် သူတို့နှစ်ယောက်သည် လူထူးဆန်း အမြောက်အမြားကို ကျဆုံးစေပြီး နောက်ထွက်ပေါက်တစ်ခုမှ လွတ်မြောက်သွားကြပြန်၏။

"နက်ကျော်"

"ဗျာ"

"မင်းဟာ သိမ်စိတ်ကောင်းတဲ့သူပဲ"

"ခင်ဗျားလည်း ခေါင်းဆောင်ကောင်း တစ်ယောက်ပါပဲ"

နှစ်ယောက်သား အမောဖြေရင်း ရန်သူ့အခြေအနေကို အကဲခတ်နေကြ၏။ သူတို့အဖို့ အတော်ဟန်ကျနေကြပြီဖြစ်လေ၏။

လူထူးဆန်းများသည် မိုးဟိန်းတို့နောက်သို့ ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း မလိုက်ရဲကြတော့ပေ။

မိုးဟိန်းတို့နှစ်ယောက်၏ လက်ချက်ဖြင့် သူတို့အဖွဲ့ဝင်အတော်များများ ဒဏ်ရာရသွားကြ၏။ တချို့လည်း သေဆုံးသွားကြ၏။ သို့ဖြစ်၍ သူတို့သည် အတင့်မရဲကြတော့ချေ။ ယခင်ကကဲ့သို့ မိုးဟိန်းတို့နောက်သို့ ပြောင်ပြောင်တင်းတင်း မလိုက်ရဲကြတော့။

သူတို့သည် မိုးဟိန်းတို့နှစ်ယောက်ကို ခိုးကြောင်ခိုးဝှက်လိုက်လံတိုက်ခတ်နေလေ၏။

သို့မို့ကြောင့် မိုးဟိန်းနှင့် နက်ကျော်တို့သည် လူထူးဆန်းများ၏ လက်တွင်းမှ လွတ်မြောက်လာကြခြင်း ဖြစ်လေ၏။

× × ×

မိုးဟိန်းနှင့် နက်ကျော်တို့သည် ကျောက်ဒိုးနှင့် ခင်သီတာတို့ရှိရာသို့ ပြန်ရောက်လာကြလေ၏။ အသက်နှင့်ကိုယ်အိုးစားမကွဲဘဲ ပြန်ရောက်လာကြောင်းကို ကျောက်





ဒိုးနှင့် ခင်သီတာတို့ မသိကြသေးချေ။

မိုးဟိန်းနှင့် နက်ကျော်တို့ ပြန်ရောက်လာသည်အထိ သူတို့နှစ်ယောက်မှာ အိပ်မောကျကောင်းနေတုန်းပင်။ ကျောက်ဒိုး အိပ်ရာက နိုးလာသည့်အချိန်တွင် မိုးဟိန်းနှင့်နက်ကျော်တို့က အပေါ်ကလေး အမောအပန်း ဖြေပြီးကြလေပြီ။

"ကျွန်တော် တစ်ရေးနိုးတုန်းက ခင်ဗျားတို့ကို ခေါ်ကြည့်သေးတယ်။ ခင်ဗျားတို့ကို မတွေ့ရ မကြားရတော့ ကျွန်တော် သိပ်ကြောက်တာပဲဗျာ။ ခင်ဗျားတို့ ဘယ်ကို လျှောက်သွားနေကြတာလဲ"

"အေး . . . မင်းက ကြောက်နေ။ သေအောင်ကြောက်နေ။ ငါတို့က အသက်မသေရုံ ပြေးလာခဲ့ရတာ"

နက်ကျော်က ကျောက်ဒိုး နားလည်အောင် ပြောပြလိုက်၏။ ခင်သီတာကလည်း အိပ်ရာမှ နိုးလာ၏။ မျက်နှာကို သစ်သည်ဆိုရုံလေးသာ သစ်၏။

ရေကို ချွေတာအသုံးပြုနေရသည်မို့ စိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မလုပ်နိုင်ကြသေးချေ။ မိုးဟိန်းက ခင်သီတာကို အသေအချာကြည့်နေ၏။

ခင်သီတာက မပြုံမဖြင်ဘဲလှပနေ၏။ အခုလိုမပြုံမပြင်တာတောင် ဒီလောက်လှနေရင် ပြင်လိုက်ဆင်လိုက်ပါက ရန်ကုန်သဘော်ဆိပ်ကမ်းတွင် မိုးဟိန်း မြင်တွေ့ခဲ့ရသော အလှမျိုးကို ပြန်မြင်ရမည်သာ ဖြစ်၏။

ခင်သီတာက မိုးဟိန်း၏ရှေ့တွင် ကျုံ့ကျုံ့ကလေးလာထိုင်၏။

"အစ်ကိုတို့ ညက အပြင်သွားသလား"

ခင်သီတာက မိုးဟိန်းကိုမေး၏။

"ဟုတ်တယ် ခင်သီတာ"

"သီတာလေ တစ်ရေးနိုးတိုင်း နားစွင့်ကြည့်နေတာနဲ့ သိပ်အိပ်မပျော်ဘူး။ စောစောလေးကမှ အိပ်ပျော်သွားတာ။ အစ်ကိုတို့အတွက် သိပ်စိတ်ပူနေမိတယ်"

"ကျေးဇူးတင်ပါတယ် ခင်သီတာ။ အစ်ကိုတို့လည်း ဦးခေါင်ချမ်းကို ကယ်တင်လို့ရလို့ရငြားဆိုပြီး သွား





ကြတာ။ လား . . .လား . . . နန်းတော်ထဲကိုရောက်ပြီးမှ သေပြေးရှင်ပြေး ပြေးခဲ့ရတာ"

"ဟာဗျာ . . . ခင်ဗျားတို့ကတော့ တကယ့်သူရဲကောင်းတွေပဲ။ ဒီလိုသာဆိုရင် ခင်ဗျားတို့က သူတို့ကို သွားပြီး ရန်ရှာတာပဲဗျ။ မကြာခင် ကျုပ်တို့အားလုံးတော့ သူတို့လက်ထဲရောက်တော့မယ် ထင်ပါရဲ့ဗျာ"

ကျောက်ဒိုးက ညည်းညည်းညူညူဖြင့် ပြော၏။ သူ့ပါးစပ်မှ ဂါထာမန္တန်တွေကို ရွတ်ဖတ်နေ၏။

သူတို့အုပ်စုတွင် ကျောက်ဒိုးက ဘေးမဲ့ဖြစ်လေ၏။ ထို့ကြောင့် မိုးဟိန်းတို့သည် ကျောက်ဒိုးအတွက် ဘာမှ မပူပန်ကြချေ။

ကျောက်ဒိုးကလည်း သူ့အသက်အတွက်ပဲ စိုးရိမ်နေသူဖြစ်လေ၏။ တခြားဘာကိုမျှ စဉ်းစားနိုင်စွမ်းမရှိချေ။ သူတို့နှင့်ပူးပေါင်းပြီး အားကြိုးမာန်တက် တိုက်ပွဲဝင်မည်ဟု ဘယ်သောအခါမှ မစဉ်းစားချေ။

မည်သို့ပင်ရှိစေ။ အားလုံးကြည့်လိုက်မှ သူတို့



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်တည်း။ သေတ္တရှင်ဘက်တွေဆိုတော့လည်း ဘာမှမတတ်နိုင်ရေ။ အားနည်းသူကို အားများသူက တွဲခေါ်ရမည်ဟုသာ သဘောထားမိကြလေ၏။

"အစုအတိုင်းဆိုရင် ငါတို့တော့ ပြေးနေရတော့မှာပဲ"

မိုးဟိန်းက အတော်ပင် စိတ်ပျက်နေဟန်ဖြင့် ဖြေရင်း ခွဲပြီးသားအုန်းသီးတစ်လုံးက အုန်းဆံတစ်ခုကို ယူစားနေလေ၏။ ပြေးလွှားခဲ့ရသဖြင့် သူ့ဗိုက်ထဲမှာ ဆာလောင်နေပြီ။

"အခြေအနေကိုလည်း သိပါရစေလား အစ်ကိုတို့ရယ်"

ခင်သီတာက သိချင်ဇောဖြင့် မေးနေ၏။

"အခြေအနေကတော့ ဒီကျွန်းပေါ်မှာ သူတို့ရန်သူတွေ ရောက်နေတဲ့အကြောင်း သူတို့ကောင်းကောင်းသိနေကြတယ်။ သူတို့နားလည်အောင် ရှင်းပြဖို့ဆိုတာလည်း သိပ်မလွယ်ဘူး။ သူတို့ကလည်း အစွဲအလမ်းကြီးပုံရတယ်။





သူတို့ကို အစ်ကိုတို့က လိုက်လံတိုက်ခိုက်နေတယ်လို့ ထင်နေကြတယ်။ သူတို့အတွက် အစ်ကိုတို့ဟာ ဒုက္ခသည်တွေမှန်း နားမလည်ကြဘူး။ သူတို့ကို လိုက်တိုက်နေတဲ့ ဟိုးရှေးရှေးက အယူအဆအတိုင်း တစ်သဝေမတိမ်း မှတ်သားထားကြတော့ သိပ်ခက်နေတာပေါ့"

"သီတာ အယူအဆကို ပြောရရင် သူတို့နားလည်အောင် ပြောပြရင်ဖြစ်နိုင်မလား။ သီတာကတော့ သူတို့နဲ့ ရင်ဆိုင်ပြီး သူတို့ဘုရင်ဆိုတာကို ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်အကြောင်းတွေကို ပြောပြရင် သူတို့နားလည်မှာလား မသိဘူး"

"အင်း . . . ခင်သီတာပြောတာ မဆိုးဘူး"

နက်ကျော်က ထောက်ခံစကားဝင်ပြော၏။ မိုးဟိန်းက ခင်သီတာ၏စကားကို အတော်အတန်ကြာအောင် စဉ်းစားနေပြီးမှ . . .

"ဒီလိုဆိုရင် ပိုသဘာဝကျမယ် ထင်တယ်"

ဟု တစ်လုံးချင်းပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ပြောပါဦး မိုးဟိန်း"

နက်ကျော်က စကားထောင်းဆိုလေ၏။

"ဒီလို သူတို့ထဲက ခေါင်းဆောင်တစ်ယောက်ယောက်ကို ဖမ်းမိရင် သဘောတရားတွေကို အကြာကြီး ပြောပြ၊ ရှင်းပြ နားလည်အောင် ရှင်းပြကြပြီး ပြန်လွှတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"အဲဒီလိုလုပ်ရင် ဘယ်လိုအကျိုးဖြစ်ထွန်းမလဲ"

ကျောက်ဒိုးက ဂါထာရွတ်နေရင်းမှ လှမ်းမေး၏။

မိုးဟိန်းက ကျောက်ဒိုး၏ မျက်နှာကိုကြည့်နေ၏။

"အဲဒီလိုလုပ်ရင် နားလည်သွားပြီး သူတို့ ဘုရင်မကို ရှင်းပြကြလိမ့်မယ်။ ဒီတော့ သူတို့ဘုရင်မက ငါတို့ ဒုက္ခရောက်နေတာကို နားလည်သဘောပေါက်လာပြီး တွေ့ဆုံညှိနှိုင်းတာတွေဖြစ်လာခဲ့ရင် အဆင်ပြေနိုင်စရာ အကြောင်းရှိတာပေါ့"

"အဲဒီလိုအဆင်ပြေရင်တော့ အစ်ကိုတို့ စွန့်စားတာဟာ သိပ်ကောင်းတာပေါ့ အစ်ကိုရယ်။ သူတို့က





သဘောမပေါက်ခဲ့ရင်တော့ သူတို့ဖမ်းဆီးတာကို သီတာတို့ ခံရမှာပဲ"

"ဒါတော့ ဘယ်တတ်နိုင်မလဲ ခင်သီတာရယ်။ ဖြစ်သမျှအကြောင်း အကောင်းပေါ့။ အခုလို ပြေးနေရင် ကြာကြာပြေးနေလို့ ရနိုင်ပါ့မလား။ သူတို့ကလည်း အစ်ကိုတို့ကို ကြာကြာထားမလား။ သူတို့အတွက် အစ်ကိုတို့ဟာ ရန်သူတွေလို့ သဘောထားကြတာ မဟုတ်လား။ အစ်ကိုတို့ကိုလည်း သူတို့ကလိုက်ရှာနေတယ်။ အစ်ကိုတို့အထဲက ဦးသောင်းချမ်းကလည်း သူတို့လက်တွင်းမှာ ရောက်နေတယ်။ အခုအချိန်လောက်ဆို ဦးသောင်းချမ်းတစ်ယောက် အသက်ရှင်နေပါ့မလား မသိဘူး"

"ဦးသောင်းချမ်း သေပြီလား"

ကျောက်ဒိုးက စိုးရိမ်သောအသံဖြင့် မေးလေ၏။

"ဘယ်ပြောလို့ရမလဲ။ ဦးသောင်းချမ်းက သူတို့နဲ့ အဆင်ပြေအောင် ပြောတတ်ရင်တော့ သေချင်မှသေမယ်။ သို့မဟုတ်ရင်တော့ သေချင်သေသွားနိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သိပ်ကြောက်စရာကောင်းမှာပဲနော်။ သူ ကျွန်တော်တို့ဆီကိုလာပြီး ကိုယ်ထင်ပြနေမလား မသိဘူး"

ကျောက်ဒိုးက မျက်နှာငယ်လေးဖြင့် ပြောနေ၏။

"မင်းကြောက်နေပြန်ပြီလား ကျောက်ဒိုးရာ"

"ဟာ . . . အစ်ကိုတို့ရာ ကျွန်တော် သိပ်ကြောက် နေမိတယ်ဗျာ။ ကျွန်တော်က လူသာဖြစ်နေရတာ ဘာ ကြောင့်ကြောက်တတ်နေမှန်း မသိပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသဖြစ်နေမိတယ်"

ကျောက်ဒိုးက ပြောပြီးသောအခါ ဂါထာမန္တန်များ ကို ဆက်ရွတ်နေပြန်၏။

"ကိုင်း . . . ငါတို့တစ်နေရာကို ပြောင်းကြမယ်။ ဒီနေရာမှာ ကြာကြာနေလို့မဖြစ်ဘူး။ သူတို့ကလည်း တွက် ထားမှာပဲ။ ငါတို့တွေ ပုန်းရင် အခုလို လှိုဏ်တွေ၊ မြောင်တွေ၊ ချိုင့်ဝှမ်းတွေမှာဆိုတာ သူတို့ သိကြမှာပဲ။ ဒီတော့ ငါတို့ရွေး ရမှာက တောလည်းသိပ်နက်တဲ့ တောင်ကုန်းအမြင့်နေရာ ကို ရွေးချယ်တာ အကောင်းဆုံးပဲ"

မြို့တ်စာပေ



"ကိုမိုးဟိန်း သဘောပဲလေ"

နက်ကျော်ကပြော၏။ ထို့နောက် ပစ္စည်းများကို သိမ်းဆည်းကြသည်။ ပြီးလျှင် သူတို့လေးဦးသည် ခရီး ဆက်ကြလေ၏။

မိုးဟိန်းတို့ ခရီးဆက်နေကြစဉ် သူတို့နောက်သို့ လိုက်နေကြသော လူထူးဆန်းတစ်ဖွဲ့နှင့် ရင်ဆိုင်တိုးရတော့ ၏။ မိုးဟိန်းက သူ့လူများကို အကာအကွယ်ယူထားစေပြီး

"ငြိမ်ငြိမ်နေ။ သူတို့အုပ်စုတက်လာမှပစ်"

မိုးဟိန်းက နက်ကျော်ကို သတိပေး၏။ လူထူး ဆန်းများ၏လက်ထဲတွင် မြား၊ ဒူးလေး၊ လှံ၊ ဓားတွေနှင့်။

ကျောက်ဒိုးက မျက်နှာတွင် သွေးမရှိအောင် ကြောက်အားပိုပြီး မြေကြီးပေါ်တွင် ဝပ်နေလေ၏။ တစ်ကိုယ် လုံးလည်း တုန်နေ၏။ ခင်သီတာသည် သူမကိုင်ဆောင် ထားသောဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် မိုးဟိန်း၏ဘေးတွင်ငြိမ်နေ၏။ သူမ၏ မျက်နှာလေးက တင်းမာနေ၏။

မြို့တ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ပစ်"

မိုးဟိန်းက အချက်ပေးရင်း စတင်ပစ်ခတ်လေ၏။ သူတို့အုပ်စုကြီးသည် ကစဉ့်ကလျား ဖြစ်သွားကြလေ၏။ သေသူက သေပြီး ပြေးသူက နောက်ဆုတ်ပြေး၏။

သူတို့ထံမှ ရှေ့သို့တက်ပြီး တိုက်ခိုက်ရန် အမိန့်ကပေါ်လာလေ၏။ သို့ဖြစ်သောကြောင့် အမိန့်ကို နာခံကြသော လူထူးဆန်းများသည် ရှေ့သို့ပြန်လည် တိုးတက်လာခဲ့ကြ၏။ ဒူးလေး၊ မြားတွေကလည်း မိုးဟိန်းတို့ထံသို့ ပြန်လည်ရောက်လာကြ၏။ ဓားတွေ၊ လှံတွေလည်း ရောက်လာသည်။ ရှောင်ရင်းတိမ်းရင်းဖြင့် သူတို့နောက်ဆုတ်လာကြတော့၏။

မိုးဟိန်းတို့နောက်သို့ လူထူးဆန်းများကလည်း တစ်တပ်တစ်အားဖြင့် ဝိုင်းလိုက်လာကြ၏။ ထိုစဉ် မိုးဟိန်းနှင့်နက်ကျော်က အတင့်ရဲစွာ တိုက်ခိုက်သည့်အတွက် သူတို့လူစုများ ကစဉ့်ကလျားဖြစ်သွားစဉ် နက်ကျော်က လှံမှန်သွားသဖြင့် မြေကြီးပေါ်သို့ လဲကျသွား၏။





ကျောက်ဒိုးက ကြောက်အားလွန်ပြီး မတ်တတ်ကြီးရပ်ကာ ငြိမ်နေ၏။ ရှေ့လည်းမတိုး နောက်လည်းမဆုတ်ချေ။ မိုးဟိန်းက ကျောက်ဒိုးကို နောက်ဆုတ်ရန် သတိထားပေး၏။

နက်ကျော်ကိုလည်း ဝင်ကယ်ရန် ကြိုးစားသေး၏။ သို့သော် ရန်သူက နက်ကျော်ကို ဝိုင်းထားလိုက်ကြ၏။

ကျောက်ဒိုးသည် နောက်မဆုတ်ဘဲ ငြိမ်နေရာမှ နက်ကျော်ထံမှ လွင့်စင်ကျသွားသော ဓားကို ပြေးကောက်၏။ ကျောက်ဒိုးက ဓားကို ပြေးကောက်နေစဉ် မိုးဟိန်းက ပစ်လည်းပစ် ဓားကိုလည်း အသုံးချကာ တိုက်ခိုက်နေ၏။

ကျောက်ဒိုးက ကြောက်ယမ်း ယမ်းလိုက်သည့်အတွက် လူထူးဆန်းများ ဖရိုဖရဲဖြစ်သွားကြ၏။ ကျောက်ဒိုးက ကံကောင်းသည်။ ဘာဒဏ်ရာမှ မရချေ။

ကျောက်ဒိုးသည် နောက်သို့ လုံးဝမဆုတ်တော့ချေ။ သူ့ပါးစပ်မှလည်း မိုးဟိန်းတို့ကို လွတ်ရာသို့ အမြန်ဆုံးပြေးရန် အော်ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မိုးဟိန်းက နောက်မဆုတ်ချေ။ အတတ်နိုင်ဆုံး ရှေ့သို့တိုး၍ တိုက်ခိုက်နေ၏။ သို့သော် နက်ကျော် မြေသို့ကျသွားသည့်နောက်တော့ မိုးဟိန်းက ခင်သီတာ၏လက်ကို ဆွဲကာ ပြေးလေတော့၏။

လူထူးဆန်းများက နောက်မှ ညာသံပေးလိုက်သော်လည်း မိုးဟိန်းတို့က သူတို့လက်တွင်းမှ ကောင်းမွန်စွာ လွတ်မြောက်လာခဲ့လေ၏။

လူထူးဆန်းများက မျက်ခြည်ပြတ်ပြီး ကျန်နေခဲ့သောကြောင့် အလွန်ကြီးမားသော သစ်ပင်ကြီး တစ်ပင်၏ သစ်ခေါင်းထဲသို့ နှစ်ယောက်သားဝင်ကာ ပုန်းအောင်းရင်း အမောအပန်း ဖြေနေမိကြလေ၏။

"သီတာ"

"ရှင် . . . အစ်ကို"

"အစ်ကိုဟာ ခေါင်းဆောင်ကောင်းတစ်ယောက် မဟုတ်တော့ဘူး"

"ဘာကြောင့်လဲ အစ်ကို"





"အစ်ကိုက ကျောက်ဒိုးလောက်မှ မစွန့်စားခဲ့မိပါလား သီတာရယ်"

"ဒါကတော့ ဒီလိုရှိတယ်ထင်တယ် အစ်ကို။ ကို နက်ကျော်တို့ဟာ အခုအချိန်မှာ အတတ်နိုင်ဆုံး လွတ်အောင်ပြေးရမှာကို သူတို့က အတင်းဝင်တိုးတာဆိုတော့ မိုက်တာပဲပေါ့ အစ်ကို။ တကယ်တော့ သူတို့ဟာ အစ်ကို ပြောတာကို မခံနာခဲ့ကြဘူး။ သူတို့က ရဲရဲတင်းတင်း ဝင်တိုက်ကြတယ်။ အစ်ကို့ဆန္ဒက အားလုံးမသေမပျောက် ပြေးစေချင်တယ်။ အဲဒီလို မဟုတ်လား"

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ အစ်ကို သဘောအတိုင်းဆိုရင်လည်း သူတို့လက်ထဲ အားလုံးကျရောက်တော့မှာပဲ။ အခု သူတို့နှစ်ယောက် မိုက်ရဲလို့ အစ်ကိုတို့ လွတ်ခဲ့တာပေါ့။ နက်ကျော်အတွက်လည်း ဝမ်းနည်းတယ်။ ကျောက်ဒိုးအတွက်လည်းဝမ်းနည်းတယ်။ ကျောက်ဒိုးက သိပ်ကြောက်တတ်ပေမယ့် အခုလို သေရေး ရှင်ရေးထဲမှာ သူဟာ အစ်ကိုတို့အတွက် စွန့်စားသွားတယ် သီတာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ဟာ အစ်ကိုတို့အတွက် သူ့ရဲကောင်းတွေပါပဲ သီတာ"

"အင်း . . . ဖြစ်ခဲ့တာတွေက ဘာတတ်နိုင်မှာလဲ။ သီတာနဲ့အစ်ကိုတို့ ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားကြမယ်ဆိုတာသာ စဉ်းစားကြရတော့မှာပဲ။ သူတို့မသေကြသေးရင် အစ်ကိုနဲ့သီတာက ကယ်တင်ကောင်း ကယ်တင်နိုင်လိမ့်မယ် မဟုတ်လား"

"အင်း . . . အဲသလိုပဲ ဖြေရတော့မှာပဲ သီတာရယ်"

နှစ်ဦးစလုံး စကားဆက်မပြောတော့ဘဲ ငြိမ်နေမိကြ၏။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက်ပွေ့ကပ်နေကြ၏။ နှစ်ယောက်စလုံးဘယ်လိုမှ မခံစားကြရသည်က အမှန်ပင် ဖြစ်လေ၏။

သူတို့စိတ်ထဲတွင် အခုလောလောဆယ် ရင်ဆိုင်နေရသည့်သေတွင်းမှ ဆက်လက်လွတ်မြောက်ရေးအတွက်ကိုသာ အစွမ်းကုန်ကြိုးစားနိုင်ဖို့ စိတ်ထဲတွင် စိတ်ကူးနေမိ





ကြလေ၏။

"သီတာ"

"ရှင်"

"ဒီအထဲမှာ ဒီလိုပဲနေကြရင် ကောင်းမယ်"

"ဟုတ်တယ် အစ်ကို"

"တစ်ခုတော့ရှိတယ် သီတာ"

"ပြောပါ အစ်ကို"

"သီတာနဲ့အစ်ကိုဟာ လူသားတွေနော်"

"ပြောမနေပါနဲ့ အစ်ကိုရယ် သီတာနားလည်ပါတယ်။ အစ်ကိုတို့ကိုလည်း သီတာယုံကြည်ပါတယ်"

ထို့နောက် သူတို့နှစ်ယောက်သည် စကားမပြောကြဘဲ အကြာကြီးမှိန်းနေကြလေ၏။

သီတာသည် မိုးဟိန်း၏ ကိုယ်ပေါ်တွင် ခေါင်းမှီပြီး မှေးစက်နေကြခြင်းဖြစ်၏။ မိုးဟိန်းကလည်း သီတာကို ယုယုယယပင် ဖွေးပိုက်ထားရင်း မှေးစက်နေလေ၏။ သည့်လိုမှ မအိပ်လျှင်လည်း သူတို့နှစ်ယောက်အဖို့ အိပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ကြမည် မဟုတ်ချေ။

အပြင်ဘက်တွင် မည်းမှောင်ပြီး တိတ်ဆိတ် ငြိမ်သက်နေလေ၏။ မိုးဟိန်းသည် သီတာ့ကို ပွေ့ဖက်ထားရင်း မှေးခနဲ အိပ်ပျော်သွားလေ၏။

× × ×





အခန်း ( ၅ )

## ဈေးပေါင်းကရဝိတ်လှေကြီး

အဘယ်မျှကြာအောင် အိပ်ပျော်သွားကြလေသည်ကို သူတို့သတိမပြုမိကြချေ။

သူတို့အိပ်ပျော်ရာမှ ရှေ့ဆင့်နောက်ဆင့် နိုးလာကြသောအခါတွင်တော့ တစ်လောကလုံးတွင် အမှောင်ထုက လွှမ်းနေသဖြင့် အပြင်ဘက်သို့ဘာမှ မမြင်ရ။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"သီတာ"

"အတော်ညဉ့်နက်နေပြီ ထင်တယ်နော်"

"ဟုတ်တယ် အစ်ကို၊ အင်းလေ သိပ်ပင်ပန်းလာကြတော့လည်း ဒီလိုပဲ အိပ်ပျော်သွားကြတာပေါ့။ ကဲ . . . အစ်ကို တစ်ကိုယ်လုံးလည်း ညောင်းနေကြပြီ။ အပြင်ကို ထွက်ကြရအောင်"

"အင်း . . . ကောင်းတယ်။ သတိတော့ ထားနော်။ သီတာ"

"သတိထားပါတယ် အစ်ကိုရယ်"

နှစ်ယောက်စလုံး သစ်ပင်ကြီး၏ သစ်ခေါင်းထဲမှ အောက်သို့ ဆင်းကြလေ၏။

"ဟင်"

"ဟာ"

သူတို့သည် အောက်သို့ခြေချပြီးသည်နှင့် သစ်ခေါင်းထဲ ပြန်ဝင်ကြရလေ၏။ သူတို့နှစ်ယောက် ဝင်ပုန်းနေသော သစ်ခေါင်းနှင့် အတော်ဝေးလေး လှမ်းသော သစ်ပင်





အုပ်များကြားမှ မီးရောင်များ မြင်လိုက်ရသောကြောင့်ဖြစ်၏။

"သီတာ"

"ရှင် . . . အစ်ကို"

"သူတို့ အစ်ကိုတို့နောက်မှာ ရောက်နေကြပါလား"

"ဟုတ်တယ် အစ်ကို"

မိုးဟန်းရော ခင်သီတာပါ အသံပါ တုန်ရီနေကြ၏။

"အစ်ကို"

"သီတာ အစ်ကိုတို့ ဒီအထဲမှာ နေလို့မဖြစ်တော့ဘူး၊ လာပြေးကြမယ်"

"ဘယ်လိုပြေးမှာလဲ အစ်ကိုရယ်"

"ခြေဦးတည့်ရာပေါ့ သီတာရယ်။ သူတို့ကို အစ်ကိုတို့က ဘယ်လိုမှ တိုက်ခိုက်လို့နိုင်မှာ မဟုတ်ဘူး"

"အင်းလေ . . . ပြေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်သား သစ်ခေါင်းထဲမှ ထွက်လာခဲ့ကြ၏။ ထို့နောက် မီးရောင်နှင့် ဝေးရာသို့ သူတို့နစ်ယောက် ပြေးလာခဲ့ကြလေ၏။ နားလိုက်ပြေးလိုက်နှင့် အတော်ကြာအောင် ပြေးလိုက်ကြသောအခါ သူတို့နှစ်ယောက် အတော် ပင်ပန်းနေကြပြီ။ အထူးသဖြင့် ခင်သီတာကပို၍ ပင်ပန်းနေရှာပြီ။ သူမလည်း မိုးဟိန်းကို အားပြုနေရရှာ၏။ သူမကိုယ် သူမအား ရွေ့မဆက်နိုင်တော့ချေ။ သို့ဖြစ်၍ မိုးဟိန်းက ခင်သီတာကို ဖေးမကာ ဆက်ပြေးနေ၏။ သည်လိုနှင့် သူတို့သည် ကျောက်ဆောင်များကြားသို့ ရောက်လာခဲ့ကြ၏။

ရေသံတို့ကို ကြားနေရသောကြောင့် ပင်လယ်ကမ်းစပ်တစ်နေရာသို့ ရောက်နေကြကြောင်း သူတို့ကောင်းစွာ သဘောပေါက်လိုက်မိ၏။

လေကလည်း အလွန်အေး၍ တိုက်ခတ်နေသည့် လေအားကလည်း အလွန်ကောင်းနေ၏။ ကြောက်လန့်တကြား ပြေးခဲ့ရသောကြောင့်လည်း မိုးဟိန်းတို့သည် မည်





သည့်နေရာသို့ ရောက်နေကြောင်း မှန်းဆ၍ မရနိုင်သေးချေ။ သူတို့သည် ပြေးနိုင်မှ လွတ်တော့မည့်ဆိုသည့် အခြေအနေကြောင့် ပြေးနေရခြင်းဖြစ်၏။

မိုးဟိန်းတို့အတွက် မျှော်လင့်ချက်သည် ကင်းဝေးနေ၏။

သူတို့သည် ကျွန်းပေါ်သို့ ရောက်နေသော လူသားများဖြစ်လေ၏။ လူသားများကို လူသားများက ကယ်တင်ရမည့်အစား လိုက်လံသတ်ဖြတ်နေကြသည်ကလည်း မိုးဟိန်းတို့အဖို့ အလွန်ဝမ်းနည်းစရာ ကောင်းနေ၏။

လူသားအချင်းချင်း အမဲလိုက်ခံနေရသည့်အဖြစ်လောက် မိုးဟိန်းအတွက် စိတ်မကောင်းဖြစ်ရသည့် အဖြစ်က မရှိသလောက်ပင်။

ဘုရင်မဆိုသော အမျိုးသမီးသည် အဘယ်မျှ ရက်စက်လေသည်မသိ။

မိုးဟိန်းတို့တွေ့နေရသော လူသတ်အာဏာပါးကွက်သားပုံစံနှင့် လူများကလည်း ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော အသွင်ကို ဆောင်နေကြ၏။

ရုပ်ရည်တွေကိုတော့ မိုးဟိန်းတို့က အသေအချာ မတွေ့ရ၍ မသိရချေ။ သို့သော်လည်း မိုးဟိန်းတို့သည် အလွန်စရိုက်ဆိုးသောသူတို့ကို ရင်ဆိုင်ရမည်ကိုပင်အလွန် ပင် ရွံ့ရှာကြောက်လန့်နေမိ၏။

"သီတာ"

"ရှင်"

"အစ်ကိုတို့ ဘယ်ရောက်နေသလဲဆိုတာကို သတိထားမိလား"

"အင်း"

"ဘယ်ကိုရောက်နေသလဲ"

"ပင်လယ်နဲ့ အနီးဆုံးနေရာကိုပေါ့"

"ဘာပဲဖြစ်ဖြစ် အစ်ကိုတို့ ပင်ပင်ပန်းပန်းဖြစ်နေတာကို အေးမြတဲ့ ပင်လယ်လေက ထွေးသိပ်ဖော်ရသေးတဲ့အတွက် တော်သေးတာပေါ့ သီတာရယ်"

"ဟုတ်ပါရဲ့ အစ်ကိုရယ်။ သီတာလည်း အမောပြေ





သွားတာပဲ။ နောက်ပြီးတော့ အကြောက်ပြေသွားသလိုရှိတယ် အစ်ကို"

"ကဲ . . . သီတာ ဝအောင်သာ အိပ်ပစ်လိုက်တော့ ဖြစ်သလိုပေါ့ကွယ်"

နှစ်ယောက်စလုံးသည် ကျောက်တုံးကြီးကိုမှီပြီး အိပ်စက်လိုက်ကြလေ၏။

× × ×

အိပ်ရာကနိုးသည်နှင့် သူတို့တွင် ဆာလောင်ခြင်းက စိုးမိုးနေ၏။

မိုးဟိန်းက ခင်သီတာကို သေသေချာချာကြည့်နေ၏။ ခင်သီတာက နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်။ နေရောင်က သူတို့နှစ်ယောက်၏ မျက်နှာပေါ်သို့ ကျရောက်နေပြီဖြစ်သော်လည်း ခင်သီတာလည်း မနိုးသေးချေ။

ပင်ကိုယ်အလှရှိသောသူသည် မည်သည့်အချိန် မည်သည့်အခါတွင်ကြည့်ကြည့် လှကြသည့် သဘောသဘာဝအတိုင်း အခုလည်း ခင်သီတာ၏ မျက်နှာကလေး



www.burmeseclassic.com

www.burmeseclassic.com



သည် အလှရည်များ တောက်ပနေလေ၏။

မိုးဟိန်းသည် ခင်သီတာကို ရန်ကုန်ဆိပ်ကမ်းတွင် စတင်မြင်တွေ့စကတည်းက စိတ်ဝင်စားခဲ့၏။ ခင်သီတာ၏ အလှကွန်ယက်ထဲတွင် မရုန်းသာမလွန့်သာ ဖြစ်ခဲ့ရလေ၏။

ယခုလို နှစ်ယောက်တည်း ကျွန်းတစ်ကျွန်းတွင် အသက်လုရင်း လွတ်လပ်စွာ နေထိုင်ရသည်ဆိုပြန်တော့ တစ်ခါတစ်ရံတွင် မိုးဟိန်းက စိတ်ကစားမိပါလေ၏။

သို့သော်လည်း မိုးဟိန်း စိတ်သွားတိုင်းကိုယ်မပါခဲ့ပါချေ။ မိုးဟိန်းသည် သူတို့အားလုံးထဲတွင် တာရားဝင်တင်မြှောက်ခြင်းခံရသော ခေါင်းဆောင်ဖြစ်ပါလေ၏။

သို့ဖြစ်သောကြောင့်လည်း ခေါင်းဆောင်ပီသဖို့လိုအပ်ခြင်းသည် အရည်အချင်းတစ်ရပ်ဖြစ်နေ၏။

မိုးဟိန်းအဖို့ ခေါင်းဆောင်မှု ညံ့ဖျင်းလေသလားတော့ မသိချေ။ မိမိ၏ ဘဝတူ သုံးယောက်က လူထူးဆန်းများ၏ လက်တွင်းသို့ ဒဏ်ရာများဖြင့် ကျရောက်သွားရလေ





ပြီဖြစ်၏။

ကျွန်းပေါ်တွင် အသက်ရှင်ပြီး လွတ်လပ်စွာ သွားလာနိုင်သေးသူဆိုလို့ မိုးဟိန်းနှင့် ခင်သီတာတို့သာ ကျန်သေး၏။

သူတို့နှစ်ယောက်လည်း ဘယ်တော့မှ လူထူးဆန်းတွေ၏ လက်ချက်ဖြင့် သေရမည်လည်း မသိချေ။

သို့မဟုတ်ပါကလည်း လူထူးဆန်းတွေ၏ လက်ထဲတွင် အရှင်လတ်လတ်ဝကွက်အအပ်ခံရမည်လား မသိချေ။

ခင်သီတာကိုကြည့်နေရင်း မိုးဟိန်းက သူ့စိတ်ကိုတည်ငြိမ်အောင် ထိန်းထားလိုက်၏။ ပြီးတော့ မျက်နှာကိုလွှဲကာထိုင်ရာမှ ထလိုက်၏။

ထို့နောက် မိုးဟိန်းသည် ကုန်းမြင့်မြင့်များဘက်သို့ လှမ်းမျှော်ကာ ငေးကြည့်နေမိ၏။ သည်လိုကြည့်ခြင်းသည် လူထူးဆန်းများက ချောင်းမြောင်းနေမည်လားဆိုသည့် စိုးရိမ်စိတ်များကြောင့် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက်တွင် မိုးဟိန်းသည် ပင်လယ်ပြင်ဘက်သို့ ကြည့်မိပြန်သည်။ ပင်လယ်ပြင်ကြီးသည် နေရောင်နနအောက်တွင် ပြားပြားဝပ်လျက်ရှိ၏။ ဟိုးအဝေးကြီးဆီသို့လည်း ထင်ထင်ရှားရှားမမြင်ရပါချေ။

မိုးဟိန်းသည် ပင်လယ်ပြင်ကြီးကိုကြည့်ရင်း အားကိုးစိတ်ဖြင့် ရှာဖွေနေမိလေ၏။ ပင်လယ်ကူးသင်္ဘောကြီးများလည်း ကျွန်း၏ဘေးမှ ဖြတ်သန်းသွားလေမည်လားဆိုသည့် အတွေးဖြင့် ဖြစ်လေ၏။ ဦးသောင်ချမ်းကတော့သည်ကျွန်းသည်ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာလေ့မရှိသောနေရာဟု ပြောခဲ့၏။

သည်အတိုင်းဆိုတော့ မိုးဟိန်းတို့ကို မေခလာပင်လာကယ်မည့် အခြေအနေမရှိ။ ကုသိုလ်ကိုပဲ ပုံချရလေတော့မလား မပြောနိုင်တော့ပါချေ။

မိုးဟိန်းသည် ပင်လယ်ပြာကြီးကို အကြာကြီးငေးမောကြည့်နေပြီးမှ ဗိုက်ထဲမှာ ဆာလောင်မွတ်သိပ်လာသောကြောင့် စားသောက်ရမည့် အသီးအရွက် အပင် သား





ကောင်တို့ကို ရှာဖွေနေမိ၏။

ဤကျွန်းပေါ်တွင် အလွယ်တကူ မြင်တွေ့နေရသည်က အုန်းသီးဖြစ်လေ၏။ အုန်းသီးအလွန်ပေါသောကျွန်းဖြစ်၏။

မိုးဟိန်းတွင် သေနတ်လည်းရှိ၏။ ဓားလည်းရှိ၏။ သို့ဖြစ်၍ တော်ရုံတန်ရုံအတွက်တော့ ထိုပစ္စည်းများသည် အတော်အသုံးဝင်နေ၏။ မိုးဟိန်းက အုန်းပင်ရှိရာသို့ မသွားသေးဘဲ ပင်လယ်ကမ်းခြေမှ ခရုများကို အလျင်လိုက်ကောက်နေမိ၏။

ထို့အပြင် ရေရှိုမှာ မိုးဟိန်းတို့ မြင်တွေ့နေကျဖြစ်သော ကကတစ်လို ငါးမျိုးကိုလည်း မိုးဟိန်းရရှိလိုက်၏။ အရှင်တော့ မဟုတ်ချေ။ လှိုင်းပုတ်ပြီးသဲသောင်ပေါ်တွင် ကျန်ရစ်ခဲ့ရာမှ သေနေသော ငါးဖြစ်၏။ သုံးကောင်တောင် ရလိုက်ခြင်းဖြစ်၏။

သို့ဖြစ်၍ မိုးဟိန်းတို့တွင် စားစရာသောက်စရာရသွား၏။ မီးခြစ်ကလည်း မိုးဟိန်းတွင်ရှိနေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး အဆင်ပြေနေ၏။

မိုးဟိန်းသည် ငါးများကို မီးကင်ပြီးစားနိုင်ရန် အတွက် ထင်းခြောက်များကို လိုက်ကောက်နေ၏။ ထို နောက် ကျောက်တုံးကြီးတစ်တုံး၏ဘေးတွင် မီးမွှေးပြီး ငါး များကို မီးကင်နေလေ၏။

"အစ်ကို"

ခင်သီတာက နိုးလာပြီး မိုးဟိန်းအနားသို့ ရောက် လာ၏။ မိုးဟိန်းက ငါးကိုမီးကင်နေရင်းမှ မော့ကြည့်၏။

"သီတာ နိုးလာပြီလား"

"ဟုတ်တယ် အစ်ကို သီတာ နိုးနိုးချင်း အစ်ကို့ကို ရှာမတွေ့တော့ လန့်သွားတာပဲ"

"ဘာကြောင့်"

မိုးဟိန်းက နားမလည်သည့်အတွက်မေး၏။

သို့ဖြစ်၍ ခင်သီတာက ချစ်စဖွယ် မျက်နှာကလေး ကို အလှရည်ပိုတောက်အောင် အပြုံးကလေးခြယ်သလိုက် ၏။





"အစ်ကိုများ သီတာကို ပစ်ပြေးသွားသလားလို့"

မိုးဟိန်းက သဘောကျစွာ ရယ်မောလိုက်၏။

"ဖြစ်ရလေ သီတာရယ်။ မင်းကို ကိုယ်ပစ်မပြေး ပါဘူး။ ကိုယ်တို့အားလုံးထဲမှာ ကိုယ်က ဦးဆောင်ရတဲ့သူ မဟုတ်လား။ အခုဆိုရင် သီတာနဲ့ ကိုယ်ပဲ လွတ်လွတ်လပ် လပ် ကျန်တော့တယ်လေ။ ဒါကြောင့်ကိုယ်က ရှေ့ကာ မားမား မတ်မတ် ရပ်မှာပါ။ သီတာ့ကို ကိုယ်ပစ်မပြေးပါဘူး"

မိုးဟိန်းက မျက်နှာခပ်တည်တည်ဖြင့် သူ့သဘော တားကို ရှင်းပြလိုက်၏။ ထိုအခါ ခင်သီတာက ယုံ့ယုံ့ကလေး ပြုံးရင်း မိုးဟိန်း၏ ဘေးနားတွင် လာထိုင်၏။

"အစ်ကို ဒီငါးတွေက"

"ဟုတ်တယ် သီတာ။ ကိုယ်တို့ ဒီကျွန်းပေါ်ရောက် ကတည်းက အခုမှပဲ ငါးစားရတော့တယ်"

"ဟုတ်ပါရဲ့ အစ်ကို။ ဒါနဲ့ အစ်ကို သီတာတို့ ထမင်းမမြင်ရတာလည်း ကြာပြီနော်။ နောက်ပြီး ရေလည်း မချိုးရ၊ ရေလည်း ဝဝမသောက်ရနဲ့ တော်တော်တော့ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြတာပဲနော်"

"အေးလေ . . . အသက်သေရမယ့် အခြေအနေနဲ့ စာရင်တော့ အခုလို အသက်ရှင်နေတာက တော်သေးတယ် ထင်တာပဲ"

"အင်းလေ ဒါနဲ့ ကိုနက်ကျော်တို့ ကျောက်ဖိုးတို့လည်း သေသလား ရှင်သလား မသိဘူးနော်။ ကျောက်ဖိုးက သိပ်ကြောက်တတ်တဲ့ သူဖြစ်ပေမယ့် သက်စွန့်ဆံဖျားတော့ ရုန်းကန်တိုက်ခိုက်နိုင်တယ်နော်"

"သူ . . . သူ စွန့်စားခဲ့လို့ အစ်ကိုတို့ အခုလို လွတ်လာတာပေါ့ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ် အစ်ကို။ သူတို့ကို သီတာမြင်ယောင်ပြီး သနားနေမိတယ်"

"ဘယ်တတ်နိုင်မလဲ သီတာရယ်။ လူသားအချင်းချင်း ကြင်နာသနားခြင်းဆိုတာ ကိုယ်တို့အားလုံးမှာ ကိန်းဝပ်နေတာပဲ။ သို့ပေမယ့်လည်း အခြေအနေအရ ဘာမှမလုပ်နိုင်တာကိုတော့ စိတ်ကို ဖြေသိမ့်ရုံပဲရှိတယ်လေ။ ကဲ . ."





လာစားကြရအောင် သီတာ"

မိုးဟိန်းနှင့် ခင်သီတာတို့သည် သဲရှူရှူပေါ်တွင် ထိုင်ချရင်း ငါးကင်ကိုစားရန် ပြင်ဆင်ကြလေ၏။

"သီတာရော့ စား"

"ဟုတ်ကဲ့ အစ်ကို"

ခင်သီတာက မိုးဟိန်းမျက်နှာကိုကြည့်ရင်း ငါးကင်ကိုယူ၏။

"အစ်ကိုလည်းစားလေ။ သီတာကိုချည်း ကျွေးမနေပါနဲ့။ နှစ်ယောက်စလုံးအတွက် ခွန်အားက အရေးကြီးတယ် မဟုတ်လား"

"ဟုတ်တယ် ပြေးကြမယ်။ ခုန်ကြမယ်။ နောက်ဆုံး အောင်ပွဲခံကြရမယ်"

မိုးဟိန်းက အားရပါးရ ပြောရင်း ငါးကို အကောင်လိုက် စားလိုက်၏။ ခင်သီတာကတော့ အသားများကို ဖြည်းဖြည်းချင်းခွာစားနေလေ၏။

သူတို့လည်း ငါးကင်ကို စားသောက်ကြပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရေဆာလာသဖြင့် ရေကို လိုက်လံရှာဖွေကြလေ၏။ ရေကိုတော့ အလွယ်တကူ မရမှန်းသူတို့သိကြလေ၏။ ရလိုရငြား ရှာဖွေနေခြင်းသာဖြစ်၏။

နောက်ဆုံးရေကို ရှာဖွေမရသဖြင့် သူတို့သည် အုန်းပင်အောက်သို့ ရောက်သွားကြလေ၏။

"သီတာ အောက်က လွတ်ရာမှာ သွားနေနော်။ ကိုယ် အပင်ပေါ်ကိုတက်မယ်"

"ဟုတ်ကဲ့ အစ်ကို သတိထားတက်နော်။ ချော်ချက်ကျမှ အရေးဆိုရင် သီတာတို့ နှစ်ယောက် ဒုက္ခရောက်နေမယ်"

"စိတ်ချပါ သီတာရယ်"

မိုးဟိန်းသည် ခင်သီတာ၏ စိုးရိမ်သံလေးကို ကျေ… ကျေနပ်နပ် တုံ့ပြန်ရင်း အုန်းပင်ပေါ်သို့ တက်သွား၏။

သည်နေရာ တစ်ဝိုက်တွင် အုန်းပင်က အတော်… ကလေးများသည်။ သို့သော် အုန်းပင်အားလုံးက မြင့်မားနေ… ၏။





မတတ်နိုင်ပါချေ။ ရေငတ်ပြေဖို့အတွက် အခုလိုပဲ လုပ်ရပေတော့မည်။

မိုးဟိန်းသည် အုန်းပင်ပေါ်သို့ တက်လာခဲ့ပြီးနောက် အမြင့်မှနေ၍ မြင်နိုင်သမျှတို့ကို ကြည့်နေ၏။ ထိုသို့ကြည့်ရင်း ပယ်လယ်ကမ်းစပ် တစ်နေရာတွင် ကရဝိတ်လို လှေကြီးတစ်စင်းကို တွေ့ မြင်မိလေ၏။

"ဟာ"

မိုးဟိန်းတအံ့တဩပင် အော်လိုက်မိ၏။ အသံအကျယ်ကြီးတော့ မဟုတ်ပါချေ။ ခပ်တိုးတိုးလေး အော်လိုက်မိခြင်းဖြစ်လေ၏။

အုန်းပင်အောက်မှ ခင်သီတာက မိုးဟိန်းအသံကို ကြားမိသောကြောင့် မိုးဟိန်းကို လှမ်းကြည့်နေ၏။

"သီတာ"

"ရှင် . . . အစ်ကို"

"ပင်လယ်ကို ဖြတ်ကူးနိုင်မယ့် လှေတော့တွေ့ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ် သီတာ"

မိုးဟိန်းသည် နောက်ထပ် စကားမပြောတော့ဘဲ အုန်းသီးခိုင်တစ်ခိုင်ကိုသာ ဓားဖြင့်လှီးဖြတ်ချလိုက်၏။ မြေကြီးပေါ်သို့ အုန်းသီးခိုင် ပြုတ်ကျသည့်အသံက တစ်တောလုံး ဟိန်းအောင်ဆူညံသွား၏။ သို့ဖြစ်၍ မိုးဟိန်းက အတော်ကလေး စိုးရိမ်သွား၏။

တောဟိန်းသံကြောင့် လူထူးဆန်းများက မိုးဟိန်းတို့နောက်တို့ လိုက်မလာနိုင်ဟု မပြောနိုင်ချေ။ ခြေရာမကောက်မိနိုင်ဟုလည်း မပြောနိုင်ချေ။

မည်သို့ပင်ရှိစေ လုပ်ခဲ့ပြီးပြီမို့ ဘာမှမတတ်နိုင်ချေ။ မိုးဟိန်းက ကရဝိတ်လို လှေကြီးကိုသာ သေသေချာချာ ကြည့်နေမိ၏။

လူသွားလူလာတော့ မတွေ့ရချေ။ ရေပေါ်တွင် ရပ်ထားခြင်းဖြစ်ပြီး လူကိုမတွေ့ရသည့်အတွက် လူမရှိပါလေစဆိုသည်ကို မိုးဟိန်း မစဉ်းစားနိုင်အောင်ဖြစ်နေ၏။

မြတ်စာပေ



မိုးဟိန်းက အုန်းပင်အောက်သို့ရောက်သည်နှင့် အုန်းသီးကို ဖောက်၏။ အုန်းရေတွေက ပြည့်လျှမ်းနေ၏။ မိုးဟိန်းက ခင်သီတာ့ထံသို့ အုန်းသီးတစ်လုံးလှမ်းပေး၏။

"သောက်လေ သီတာ"

"အစ်ကိုလည်း သောက်လေ"

"သောက်မှာပေါ့ သီတာရယ်၊ အခု ကိုယ်သိပ်ဝမ်းသာနေတယ်"

"လှေကြီးက ဒီနေရာနဲ့ အတော်ဝေးသလားဟင်"

"ဝေးတော့ သိပ်ဝေးမယ် မထင်ဘူး။ ဟိုဘက်တစ်ကွေ့ရဲ့ ချောင်ကျတဲ့အထဲမှာပဲ ထင်တယ်"

"လူတွေကော တွေ့သလား အစ်ကို"

"တစ်ယောက်မှ မရှိဘူး သီတာ။ ဒီလှေကြီးဟာ ရှေးလက်ရာလို့ ပြောရမယ်၊ လူထူးဆန်းတွေ ပိုင်ဆိုင်တဲ့ ရှေးဟောင်းလှေကြီး ဖြစ်နေမလားတော့ မသိဘူး"

"အဲဒါဆိုရင် သီတာတို့ ပင်လယ်ထဲရောက်အောင် ဘယ်လိုသွားကြမလဲဟင်"

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သီတာတို့ချည်း ပြေးတော့မှာလား အစ်ကို"

"အတတ်နိုင်ဆုံးတော့ ဦးသောင်ချမ်း၊ နက်ကျော်၊ ကျောက်ဒိုးတို့ကိုတော့ သွားရောက်ကယ်တင်ရမှာပဲ။ ကယ်တင်နိုင်ရင်တော့ သိပ်ကောင်းမှာပဲ သီတာရယ်"

"အင်းလေ သူတို့ကလည်း အသက်ရှင်လျက်ရှိနေမယ်ဆိုရင်တော့ ကယ်တင်နိုင်ပါစေလို့ သီတာ ဆုတောင်းနေမိတယ်။ သီတာလည်း အစ်ကိုနဲ့အတူ ရှန်းကန်ပါမယ့် အစ်ကိုရယ်"

"ဟုတ်တယ် သီတာနဲ့ ကိုယ်ဟာ သေလည်းအတူတူ ရှင်လည်းအတူတူပဲ"

သူတို့နှစ်ယောက်သည် အုန်းရေများသောက်ကြ၏။ အုန်းသီးဆံကိုလည်းဓားဖြင့် ကလပ်ထုတ်ပြီး စားသောက် ကြလေ၏။

စားသောက်ပြီးလျှင် နှစ်ယောက်သား ခဏနားကြ၏။ ထို့နောက်တွင် မိုးဟိန်းနှင့် သီတာတို့က ကရဝိတ် လှေကြီးရှိရာတို့ ခရီးဆက်လက် ထွက်ခွာလာခဲ့ကြ၏။





သူတို့သည် တောထဲတွင် ပြေးလွှားနေရင်း သားရဲတိရစ္ဆာန်များကို မတွေ့ရသေးချေ။ သူတို့တွေ့ခဲ့ရသည်က ရှဉ့်၊ ပူး၊ ယုန်ကလေးများသာဖြစ်၏။ အခြားဘာကောင်မှ မတွေ့ရသေးချေ။ သို့ဖြစ်သောကြောင့်လည်း သူတို့အဖို့ ကံကောင်းနေ၏။

အကယ်၍ သူတို့သည် ကျားများ၊ ဆင်များ၊ ကျွဲရိုင်းများ၊ မြွေဆိုးများနှင့် ရင်ဆိုင်ရမည်ဆိုပါကလည်း မိုးဟိန်းတို့ အခုလောက်အထိ အသက်ရှင်နေနိုင်တော့မည် မဟုတ်ချေ။

"အစ်ကို"

"ဘာလဲ သီတာ"

"တကယ်လို့များ ကရဝိတ်လှေကြီးမှာ ဘယ်သူမှ မရှိရင် သီတာတို့ လွတ်နိုင်မှာပဲနော်"

"ဟုတ်တယ် လွတ်နိုင်မှာပဲ။ သို့ပေမယ့်လည်း ချက်ချင်းတော့ မပြေးနိုင်သေးဘူး သီတာ"

"ကိုနက်ကျော်တို့၊ ကျောက်ဒိုးတို့၊ ဦးသောင်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ကယ်တင်နိုင်ဖို့ လုပ်ရမယ်မဟုတ်လား"

"အေး . . . အဲဒါပဲပေါ့။ အဲဒါကို အရေးကြီးဆုံးလို့ သဘောထားပြီး လုပ်ရမှာပဲ"

"တကယ်လို့များ သူတို့နဲ့ စုစုရုံးရုံးရှိသေးတုန်းက-သာ အဲဒီ့ ကရဝိတ်လှေကြီးကို တွေ့ရရင် သိပ်ကောင်းမှာပဲနော်။ အားလုံးအတွက် ပျော်ရွှင်စရာ ဖြစ်သွားမှာပဲ"

"ဟုတ်တယ် သီတာ"

"အင်းလေ အခုလည်း ကံကောင်းသေးရင် ဖြစ်နိုင်တယ်"

နောက်ထပ် သူတို့စကားမပြောကြတော့ချေ။ သူတို့သည် တောင်အမြင့်ပေါ်မှနေ၍ ပင်လယ်ပြင်ကိုကြည့်နေကြလေ၏။ ပင်လယ်ပြင်တွင် ရေက ပြာလဲ့နေချေ၏။

အခုနေရာမှကြည့်မှ ကရဝိတ်လှေကြီးသည် အတော်ကြီးကြောင်း သိရလေ၏။ ကျကျနန မွမ်းမံတည်ဆောက်ထားသော လှေကြီးဖြစ်၏။ အလွန်ပင် လက်ရာမြောက်ပြီး သားနားလှပနေ၏။





"ကရဝိတ်လှေကြီးက အတော်ကြီးတာပဲနော်။ လက်ရာလည်း သိပ်မြောက်တာပဲ အစ်ကို"

"ဟုတ်တယ် ရန်ကုန်က ကရဝိတ်လောက်တော့ မလှပဘူး ထင်တာပဲ"

"ဒါကတော့ အစ်ကိုရယ် ဟိုက ခေတ်မီတဲ့အတွေးအခေါ်နဲ့ မဟုတ်လား။ အခု မြင်နေရတာက နှစ်ပေါင်းအတော်များများက လက်ရာမျိုးပဲ"

"အေးလေ . . . ဘာပဲဖြစ်ဖြစ် ကိုယ်တို့အတွက်ကတော့ ထွက်ပြေးလွတ်မြောက်ဖို့က အရေးကြီးဆုံးပဲ"

ရောက်နေသော နေရာတွင် နှစ်ယောက်သား ထိုင်ကာ အမောအပန်းဖြေနေကြပြီးနောက် သူတို့နှစ်ဦးသည် ကရဝိတ်လှေကြီးရှိရာသို့ ဆက်လက်ခရီးဆက်ခဲ့ကြ၏။

အတော်ကလေးမြင့်သော တောင်မြင့်မှ ဆင်းရခြင်းဖြစ်သည်က တစ်ကြောင်း လမ်းကို ကိုယ့်ဘာသာထွင်၍ ဆင်းရသည်ကတစ်ကြောင်း၊ နေရာတိုင်းလိုမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားကျောက်ဆောင်တွေလို မာကြောပြီး ပြောင်ချောချော ဖြစ်နေသည်ကတစ်ကြောင်း၊ ထို့ကြောင့် မိုးဟိန်းနှင့် ခင်သီတာတို့သည် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ကာ ဆင်းလာခဲ့ကြ၏။

မိုးဟိန်းသည် တောင်ကြောအဆင်းတစ်လျှောက်လုံး ခင်သီတာကို လက်ကိုင်လိုက်၊ ခါးကိုင်လိုက် တစ်ခါတစ်ရံတွင်တော့ ခင်သီတာ၏ ကိုယ်လုံးကလေးကို ပွေ့ဖက်ပြီး အောက်သို့ ချပေးရ၏။

သည်လို လုပ်ပေးရဖန်များလာတော့လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကြပုံတွေက တစ်မျိုးဖြစ်လာကြ၏။

မည်သို့ဖြစ်စေ သူတို့နှစ်ယောက်စလုံးသည် အပျော်ခရီးထွက်ခဲ့ကြသော သူများမဟုတ်ကြလေသောကြောင့် စိတ်ထဲမှ လှုပ်ရှားမှုများကို အတတ်နိုင်ဆုံး ချိုးနှိမ်ထားရလေ၏။

သူတို့နှစ်ယောက်သည် တောင်ကြောမှအဆင်း





တွင် နားလိုက်သွားလိုက်နှင့် အတန်ကြာအောင် သွားမိလျှင် ပင်လယ်ကမ်းစပ်သို့ ရောက်လာကြလေ၏။ အခြေအနေကတော့ အလွန်ကောင်းနေ၏။ မည်သည့် အန္တရာယ်နှင့်မှ ရင်မဆိုင်ရသေးချေ။

"သီတာ အစ်ကို ဟိုဘက်နားကိုသွားပြီး အနီးကပ်လေ့လာဦးမယ်။ သီတာက ဒီနားမှာ ချောင်ခိုပြီးနေဦး၊ ဟုတ်ပြီလား။ ဘာကြောင့်လည်းဆိုရင် တကယ်လို့ အဲဒီအထဲမှာ လူထူးဆန်းတွေရှိနေခဲ့ရင် သူတို့က လိုက်တိုက်ကြမှာပဲ။ အဲဒီအခါမှာ ကိုယ်ကအယောင်ပြပြီး ပြေးမယ်။ သီတာက ညဘက်အထိ ဒီနေရာမှာပဲ ပုန်းနေပေါ့။ ညဘက်ရောက်တော့ အစ်ကိုက ပြန်လာခဲ့မယ်လေ။ ဒါက ဖြစ်လာခဲ့ရင် လှုပ်ရှားမယ့် အခြေအနေကို သီတာသိအောင်ပြောပြထားတာပါ"

"အစ်ကိုရယ် ဖမ်းမိချင်မှ မိစေတော့ပေါ့။ သေခါမှ သေကြရော။ သီတာနဲ့ အစ်ကိုဟာ ဘဝတူတွေပဲ။ အတူတူ ခံစားကြမယ်။ ဖြစ်ပါစေ သီတာ့မှာလည်း အားနဲ့မာန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အစ်ကိုနဲ့အတူ နှစ်ယောက်ယှဉ်ပြီး သေရဲ သတ်ရဲပါတယ်"

ခင်သီတာလည်း မိုးဟိန်း၏ စကားကို ငြိမ်လျက် နားထောင်နေပြီးမှပြော၏။ မိုးဟိန်းက စဉ်းစားသွားလေ၏။ တကယ်တော့လည်း မိုးဟိန်းက ခင်သီတာကို မထားခဲ့ချင်ပေ။ ခင်သီတာတစ်ယောက်တည်းအားငယ်နေမည်ကို မိုးဟိန်းက မလိုလားချေ။

ဖြစ်ပါစေ။

ခင်သီတာ ပြောသလိုဖြစ်ပါစေ၊ မိုးဟိန်း၏ အနားတွင်သာ ခင်သီတာကို ရှိနေစေချင်၏။

အကယ်၍ ပြေးကြရမည်ဆိုပါကလည်း ခင်သီတာရော သူရောလွတ်အောင်သာ ပြေးသင့်လေ၏။ တစ်ယောက်ယောက်ကို ချန်မထားလိုပါချေ။

"ဟုတ်တယ် မဟုတ်လား အစ်ကိုရယ်"

"အေးလေ သီတာ့သဘောပဲ"

"တစ်ခုတော့ ရှိတယ်နော် အစ်ကို"





"ဘာများလဲ သီတာ"

"တခြားတော့ မဟုတ်ပါဘူး။ သီတာ ဒီမှာတစ်ယောက်တည်း မနေရဲလို့ ပြောတယ်ဆိုတာ မဟုတ်ဘူးဆိုတာကိုတော့ အစ်ကို ယုံစေချင်တယ်"

"ယုံပါတယ် သီတာ ယုံကြည်ပါတယ်"

"ကဲ . . . ဒါဖြင့် ဟိုဘက်နားက ကရဝိတ်လှေကြီးနားကို သွားကြမယ်"

"ကောင်းပြီ"

နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက်ကိုင်ထားကြ၏။ ထို့နောက် ကရဝိတ်လှေကြီးကို မြင်သာသော ကွေ့အစွန်းသို့ ထွက်ခွာလာခဲ့ကြ၏။

"ဟယ် . . . အတော်လှတာပဲနော် အစ်ကို"

မြင်သာသောနေရာတွင် သူတို့နှစ်ယောက် အကာအကွယ်ယူရင်း ကြည့်နေမိကြသည်။ သို့ဖြစ်၍ ကရဝိတ်လှေကြီးကို သေသေချာချာ မြင်ကြရသည်။ ထိုသို့မြင်ရသောကြောင့်လည်း သူတို့ မျက်စိထဲတွင် ထူးဆန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုလို လူထူးဆန်းများ၏ လက်ထဲတွင်သည့်မျှ လှပထယ်ဝါသော ကရဝိတ်လှေကြီးရှိနေခြင်းသည် သူတို့ပင် နဂိုကတည်းက တည်ဆောက်ထားခြင်းလေလော။

သို့မဟုတ်ပါက သည်ကရဝိတ်လှေကြီးသည် ကျွန်းဘက်သို့ ရောက်လာစဉ်သူတို့က တိုက်ခိုက်အနိုင်ယူကာ ထိုလှေကြီးကို ပိုင်ဆိုင်သွားခြင်းပေလော။ မည်သို့မျှ အတတ်မဖြေနိုင်ချေ။

လှေကြီးက အလွန်ပင် ကြီးလေ၏။

အချွန်အတက်တွေကလည်း အလွန်လှလေ၏။ ထို့အပြင် ဆေးစုတ်ချက်တွေကလည်း အတော်ပင် လှနေပေသေး၏။

သည်အတိုင်းဆိုပါက သည်ကျွန်းပေါ်တွင် အနုပညာလက်ရာမြောက်သူများရှိနေမည်က မလွဲချေ။

လူထူးဆန်းများထဲတွင် ရိုင်းစိုင်းသူရှိသလို ယဉ်ကျေးသူများလည်း ရှိနေမည်က သေချာနေ၏။

မိုးဟိန်းနှင့် ခင်သီတာတို့သည် အနီးကပ် တောင်





တန်းကလေးကို ဖြတ်ပြီးနောက် ကျောက်ဆောင်ကြီး တစ်ဆောင်ဆီသို့ အပြေးကလေး ကပ်လိုက်ကြ၏။

"သီတာ"

"ရှင် . . . အစ်ကို"

"လှေတွေတွေ့သလား"

"တွေ့တယ်"

"အများသားနော်"

"အခုလောက်မြင်ရတာတောင် ခုနစ်ယောက်နော်"

"အင်း . . . အစောင့်တွေလည်း ချထားတယ်။ အခုမြင်ရတဲ့ အစောင့်တွေက ဟိုဘုရင်မနန်းတော်လို့ထင်ရတဲ့ နေရာက အစောင့်တွေထက် သားနားတယ်။ နောက်ပြီး နန်းဝတ်နန်းစားဝတ်စုံတွေနဲ့"

"ဟုတ်တယ် အစ်ကို"

ခင်သီတာက မိုးဟိန်းပြောသမျှကို နားထောင်ပြီး ခေါင်းညိတ်ပြနေ၏။ ကရဝိတ်လှေကြီးကို ကြည့်နေမိပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဟာ"

"အို"

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ကြတော့ချေ။ မြင်ရသည့် မြင်ကွင်းက တအံ့တဩပါလား။

ကရဝိတ်လှေထဲမှ ဆင်းလာသူသည် အလွန်ချော အလွန်လှ ဘယ်လိုသဘောမျိုးနှင့်မျှ အလှဘွဲ့ကို ဖွဲ့ဆိုမပြနိုင်လောက်အောင် ချောမောလှသော မိန်းကလေးတစ်ဦး ဖြစ်နေလေ၏။

သူမ၏ ရှေ့မှစစ်သည်တော်များ၊ မှူးမတ်ကြီးများ သူမနောက်မှလည်း စစ်သည်တော်များ။ တခြားပညာရှိကြီးများနှင့် ဝန်းရံနေလေ၏။

သူမကို သေချာစွာမြင်နေရလေ၏။ တကယ့်ဘုရင်မများ ဝတ်ဆင်သော အဝတ်အစားများနှင့် အလွန်လှပနေ၏။





အဆောင်အယောင်တွေကလည်း အလွန်တန်ဘိုးရှိသော ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်ရတနာ အမျိုးမျိုးကလည်း နေရောင်အောက်တွင် တဖိတ်ဖိတ်တောက်ပနေ၏။

"သိတာ"

"အစ်ကို"

"သိပ်လှတဲ့ ဘုရင်မနော်"

"အိပ်မက်ထဲက နတ်သမီးလေးများလားကွယ်"

ခင်သီတာမှာကြည့်ရင်းကြည့်ရင်း ရင်မောလာ၏။ မိုးဟိန်းမှာလည်း ဘုရင်မကို မြင်မြင်ချင်း စွဲစွဲလန်းလန်းကြီး ဖြစ်သွားရလေ၏။

အတော်ကြာတော့ ဘုရင်မကို ခြံရံလျက် အားလုံးသောအဖွဲ့သည် သောင်ဖွေးဖွေးနုနုမှ တစ်ဆင့် တောလမ်းလေးအတိုင်း တက်လာလေ၏။

မိုးဟိန်းတို့နှင့် အတော်ကလေး နီးနီးကပ်ကပ် ရှိနေသောကြောင့် မိုးဟိန်းတို့သည် ထင်ထင်ရှားရှား မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခွဲရလေ၏။

ဘုရင်မအသားအရေများသည် နုအိနေလေ၏။ ဝါဂွမ်းလေးပမာ နုအိနေခြင်းဖြစ်လေ၏။

မျက်နှာလေးက ဝိုပြီးဖြည့်တင်းကာ အလှရည် အလွန်တောက်နေသည်။ ပုံပြင်ထဲက နတ်သမီးတွေထက်ပင် အလှရည်အလွန်တောက်နေ၏။

ရုပ်ရှင်ဇာတ်ပွဲထဲတွင် အလွန်လှပသော နန်းဝတ်နန်းစား အဝတ်အစားဖြင့် သရုပ်ဆောင်ပြကြသော မင်းသမီးများထက် တုနှိုင်းမရအောင် လှပသော အလှပိုင်ရှင်ဖြစ်လေ၏။

ခြေလှမ်းကလေးတွေ လှမ်းပုံကလည်း တကယ် ကုရွေတစ်သန်းဆိုသည့် အလှမ်းမျိုးဖြစ်လေ၏။ ညင်သာညက်ညောလှ၏။

မိုးဟိန်းအဖို့မှာတော့ သေလွန်ပြီး နတ်ပြည်မှ အထူးအဆန်းအလှတွေထံသို့ ရောက်သွားသလို ဖြစ်နေ၏။

မိမိဘေးတွင်ရှိနေသည့် အလွန်လှပသည်ဆို





သော ခင်သီတာသည် ဤအလှပိုင်ရှင်ကြောင့် တကယ့် အကျည်းတန်သူဖြစ်သွားရလေ၏။

"အစ်ကို"

လှတန်းကြီး ပျောက်သွားတော့မှ ခင်သီတာသည် တုန်ရီသောအသံဖြင့် မိုးဟိန်းကိုခေါ်၏။

"သီတာရယ်"

မိုးဟိန်းက အိပ်မက်မှ လန့်နိုးသလို ပြန်လည် တုံ့ပြန်ရင်း မောဟိုက်ခြင်းကို ထိန်းသိမ်းနေလေ၏။

"လှလိုက်တဲ့ မင်းသမီးလေးပါလား အစ်ကို ရယ်"

"အစ်ကိုတို့ နတ်ပြည်များ ရောက်နေကြသလား ကွယ်"

"အဲဒီ့လိုတောင် ထင်မှတ်မှားလောက်တယ်။ မင်းသမီးလေးတင် လှတာမဟုတ်ပါဘူး အစ်ကိုရဲ့၊ သူ့ကိုခြံရံသွားတဲ့ အပျိုတော်တွေကလည်း လှကြတယ်နော်"

အပျိုတော်တွေ ဘယ်ရွေ့ဘယ်မျှ လှပခြင်းကို မိုးဟိန်းမကြည့်မိချေ။ အခု ခင်သီတာပြောမှ မကြည့်မိမှန်း



www.burmeseclassic.com

www.burmeseclassic.com



သတိရသွား၏။

"အစ်ကို"

မိုးဟိန်းက ငိုင်တွေနေသည့်အတွက် ခင်သီတာက သတိပေးသလို ခေါ်ကြည့်၏။

"သီတာ"

"အစ်ကို ဘာလို့ ဒီလောက်တောင် ငိုင်သွားရတာလဲဟင်"

"ဟင် . . . သီတာရယ်"

"အစ်ကိုရယ် သီတာ သိပါတယ်။ အစ်ကို အဲဒီ မင်းသမီးလေးကို သိပ်စွဲလမ်းသွားတယ် မဟုတ်လား"

မိုးဟိန်းက အမှန်အတိုင်းဝန်ခံလိုက်ချင်၏။ သို့သော်လည်း ခင်သီတာကို အားနာ၏။ ခင်သီတာကို သနား၏။ ခင်သီတာ စိတ်အားငယ်နေမည်ကို မိုးဟိန်းမလိုလားချေ။

"ပြောပါ အစ်ကိုရယ်"

ခင်သီတာက သူ့ကိုမရမက မေးနေ၏။ မိုးဟိန်းက စိတ်ကို တင်းထားလိုက်၏။





"သီတာရယ်"

"အစ်ကို . . . ရှင်"

"သီတာကို . . . သီတာကို အစ်ကိုချစ်တယ်"

ဘာကြောင့် အဲသလို ပြောလိုက်မိသည်ကို မိုးဟိန်းမသိချေ။ ပြောမိပြောရာကို ပြောလိုက်မိလေသလားတော့ မသိချေ။

မိုးဟိန်းစကားကြောင့် ခင်သီတာ မျက်လုံး ဝင်းဝင်း လက်သွားလေ၏။ မိုးဟိန်းကလည်း တအံ့တသြပင်ကြည့်နေမိ၏။

"သီတာ"

"ရှင်"

"သီတာ့ကို အစ်ကိုချစ်တယ်"

"ကွယ် . . . အစ်ကိုရယ်"

ခင်သီတာလည်း ရှက်စနိုးလေး မျက်လွှာချသွားလေ၏။

"သီတာ အစ်ကို့ကို ချစ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ်"

"ပြောပါ သီတာရယ်"

"ကွယ် . . . အစ်ကိုကလည်း"

"အစ်ကိုလေ အဲဒီ မင်းသမီးကိုမြင်တယ်ဆိုရင်ပဲ သီတာ့ကို ချစ်မိသွားတယ်ကွယ်"

တကယ်တော့ မိုးဟိန်း၏ ရင်ထဲတွင် စွဲလမ်းသွားမိသည်က မင်းသမီးလေးဖြစ်လေ၏။ သို့သော်လည်း ခင်သီတာ့ကို မိုးဟိန်း မရက်စက်နိုင်ပါချေ။ ခင်သီတာ့ကို မျက်နှာမငယ်စေချင်ပါ။

"ပြောပါ အချစ်ရယ်"

"အို . . . မောင်ရယ်"

ခင်သီတာက မိုးဟိန်းကို အခေါ်အဝေါ် ပြောင်းလဲသွား၏။ ခင်သီတာ၏ ကိုယ်လုံးကလေးသည်လည်း အဓိပ္ပာယ်လေးနက်စွာဖြင့် မိုးဟိန်း၏ ရင်ခွင်ထဲသို့ တိုးဝင်သွားလေ၏။

မိုးဟိန်းသည် ခင်သီတာကို ပွေ့ဖက်ငြိမ်သက်



BURMESE CLASSIC .com



နေပြီး သူတို့အခြေအနေကို သတိရကာ လူချင်းခွာလိုက်ကြလေ၏။

"မောင်"

"သီတာ"

"သီတာတို့ ဒီကဘယ်ကိုသွားကြမလဲကွယ်"

"ဟိုကရဝိတ်လှေကြီးထဲကို သွားကြမယ်"

"ဖြစ်ပါ့မလားကွယ်"

"ဖြစ်အောင်ကြိုးစားမယ် သီတာရယ်။ အဲ့ဒီလှေကြီးထဲကိုရောက်ရင် အရင်ဆုံးဘာလုပ်ကြမယ် ထင်သလဲ"

"ပြောပါ မောင်ရယ်"

"တကယ် မောင်စီစဉ်တာကို တကယ်မသိတာလား"

"ပြောပါ မောင်ရယ်။ သီတာ နားထောင်နေပါတယ်"

"မောင်နဲ့သီတာ အဲဒီလှေကြီးထဲမှာ လက်ထပ်ကြမယ်လေ။ တလောကလုံးကို သီတာနဲ့မောင်ဟာ အကြင်



www.burmeseclassic.com

www.burmeseclassic.com



လင်မယား ဖြစ်ကြကြောင်း ကြေညာမယ်လေ"

"ဟာကွာ"

"အဟုတ်"

"ကြေညာပါပြီတဲ့ ဘယ်သူက သိမှာမို့လဲ"

"တလောကလုံးက သိမှာပေါ့"

နှစ်ဦးစလုံး သဘောကျစွာ ရယ်မောမိကြ၏။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာပွေ့ဖက်ထားလိုက်မိကြ၏။

အတန်ကြာတော့ သူတို့နှစ်ယောက်သည် ကရဝိတ်လှေကြီးကို ကြည့်နေမိကြပြန်၏။

"ဟင်"

ခင်သီတာ ပါးစပ်မှ အံ့ဩသွားသံ ထွက်ပေါ်လာ၏။

"ဟုတ်တယ် သီတာ အစောင့်တွေရှိတယ်။ သူတို့ကို မောင်တို့ တိုက်ရမယ်"

"ဖြစ်ပါ့မလား မောင်ရယ်။ အစောင့်တွေက အများ



BURMESE CLASSIC .com



ကြီးရယ်"

"ဒါတော့ ဒါပေါ့ သီတာရယ်"

မိုးဟိန်းတွင် ခွန်အားချင်စိတ်တွေက လွှမ်းမိုးနေ၏။ ခင်သီတာ့ကို သူချစ်ရေးဆို၏။ ခင်သီတာကလည်း သူ့ကို ချစ်၏။

ဒါတွေက မဆန်းချေ။ သို့သော်လည်း မိုးဟိန်းရင်ထဲတွင် ခံစားနေရလေပြီ။ ဘယ်သို့ပင် စိတ်ကိုပြောင်းပစ်သော်လည်း မိုးဟိန်း စွဲလမ်းနေမိသည်က စောစောက မြင်တွေ့လိုက်ရသော မင်းသမီးလေး။

အလွန်ချောအလွန်လှသော မင်းသမီးလေး။

သူမကိုမှ မိုးဟိန်းက တကယ်စွဲလမ်းနေမိပါချေပြီ။ မိမိတို့ကို လိုက်လံ သတ်ဖြတ်နေသော မင်းသမီးလေးကိုမှ မိုးဟိန်းက စွဲလမ်းနေမိလေပြီကိုး။

သည့်အတွက် မိုးဟိန်း၏ စိတ်တွေက ပြောင်းလဲလာခဲ့၏။ ဘာမဆို မိုက်မိုက်ကန်းကန်းလုပ်ချင်လာမိ၏။

သို့သော်လည်း ခင်သီတာက မိုးဟိန်း၏ဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ဆိုသည့် အသိကြောင့် မိုးဟိန်းက ထင်တိုင်း မစိုင်းရဲသေးချေ။

× × ×





BURMESE CLASSIC .com

အခန်း(၆)

စွန့်စားခြင်းနှင့်အတူ

"သီတာ"

"ရှင် . . . မောင်"

"မောင်တို့ လှေကြီးဆီကို ချဉ်းကပ်သွားရအောင်"

"သဘောလေမောင် အရဲစွန့်ကြရမှာပဲ"

"ဟုတ်တယ် သီတာ"

မိုးဟိန်းသည် လှေကြီးရှိရာသို့ ငေးမောကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ လှေကြီးပေါ်မှ အစောင့်တွေကတော့ အေးအေး ဆေးဆေးပင်၊ ဟိုမှသည်မှ သွားလာနေကြ၏။

"မောင်"

"ဟင် . . . သီတာ ပြောလေ"

"ညဘက်ကျမှ ဝင်စီးရအောင် ပိုမပိုင်ဘူးလား"

မိုးဟိန်းငိုင်ကျသွားလေ၏။ ခင်သီတာ့စကားကို မိုးဟိန်းလက်ခံသွားမိ၏။ ညဘက်တွင် ဝင်စီးပါက အောင်မြင်ဖို့ အခြေအနေပေးနေပေ၏။

"ကောင်းတယ်။ သီတာ အကြံပေးတာ သိပ် ကောင်းတယ်၊ ဒီတော့ မောင်တို့ ဒီနေရာထက် လုံခြုံတဲ့ နေရာမှာ သွားပြီး အနားယူကြမယ်"

"ကောင်းတယ် မောင်"

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ် ယောက် ပွေ့ဖက်လျက် ပို၍လုံခြုံမည်ထင်ရသော ချောင် ကျကျ တောအုပ်ထဲသို့ ထွက်ခွာသွားကြ၏။

သူတို့သည် တောအုပ်တစ်နေရာတွင် ရပ်နားကြ





ပြီး အိပ်စက်ကြလေ၏။ နှစ်ယောက်စလုံးပင် တစ်ယောက် ကို တစ်ယောက် ယုယုယယ ပွေ့ဖက်လျက် အိပ်စက်လိုက် ကြသည့်အတွက် ညနေ နေဝင်လုလုအချိန်တွင်မှ နှစ် ယောက်စလုံး ပြန်လည်နိုးလာကြ၏။

နှစ်ယောက်စလုံး အိပ်ရာမှ နိုးချိန်တွင် အလွန် ဆာလောင်နေမိသည်က ရေဖြစ်၏။ သို့သော်လည်း သည် အနီးအနားတစ်ဝိုက်တွင် ရေမရှိသည့်အတွက် အောင့်အီး နေကြရလေ၏။

မိုးဟိန်းသည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ်က မြင် မက်ခဲ့သော အိပ်မက်ကိုလည်း ပြန်လည်သတိရမိသွား၏။

အိပ်မက်ထဲတွင် မိုးဟိန်းသည် ဘုရင်မ၏ ရှေ့တော် မှောက်သို့ ရောက်ရှိသွား၏။ ဘုရင်မက မိုးဟိန်းအား တယု တယပင် ပြုစုလေ၏။ ထို့နောက် မိုးဟိန်းအား ကြင်နာခြင်း များစွာဖြင့် သူမအပါးတွင် အမြဲစေလေ၏။

ထို့အပြင် ဘုရင်မသည် မိုးဟိန်းက ချစ်ရေးဆို သည်ကိုပင် ဝမ်းမြောက်ဝမ်းသာ လက်ခံပြီးနောက် မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲကို ကျင်းပပေးလေ၏။

ထိုသို့ မင်္ဂလာပွဲကျင်းပနေစဉ်တွင် ဘုရင်မ၏ နောက်လိုက် တပည့်တို့က မိုးဟိန်းအား သတ်ဖြတ်ရန် ပိုင်းလာကြသဖြင့် မိုးဟိန်းထွက်ပြေးခဲ့ရ၏။ မိုးဟိန်းက ဘုရင်မကို လက်ဆွဲခေါ်ကာ ပြေးလွှားနေစဉ် အိပ်မက်လန့်နိုးသွားရလေ၏။

သည့်အိပ်မက်ကို မိုးဟိန်းပြန်လည် သတိရတော့ စိတ်ထဲတွင် တစ်မျိုးကြီး ခံစားနေရလေ၏။ နေမထိထိုင်မသာ ဖြစ်လာရ၏။ သို့သော်လည်း လှေကြီးကို အပိုင်စီးမိဖို့ အကြောင်းရင်းကို တွေးမိပြန်တော့ မိုးဟိန်းသည် စိတ်ကို ပြန်လည်တင်းရလေ၏။

"သီတာ"

"ရှင်"

"မောင်တို့ စတင်လှုပ်ရှားကြရင် ကောင်းမယ်"

"ဟုတ်ကဲ့"

"သီတာရဲ့ စိတ်ထဲမှာ လန်းဆန်းနေရဲ့လား"





"ရေဆာလောင်နေတာကလွဲရင် စိတ်ထဲမှာ လန်းလန်းဆန်းဆန်း ရှိပါတယ် မောင်ရယ်"

"စိတ်မပူပါနဲ့ သီတာရယ် ဟိုရောက်ဒီရောက် ကိုယ့်အိမ်ကိုယ်ရသလို ကောင်းကောင်းမွန်မွန် စားရမယ် ထင်တာပဲ"

"သီတာလည်း အဲသလို မျှော်လင့်နေမိပါတယ် မောင်ရယ်"

ခင်သီတာက အားငယ်သော အသံလေးဖြင့်ပြောရင်း မိုးဟိန်းကို ပြုံးပြနေ၏။

ထို့နောက် မိုးဟိန်းနှင့် ခင်သီတာတို့သည် အမှောင်ထုကို အားကိုးပြီး တောအုပ်ကလေးထဲမှ ထွက်လာခဲ့ကြလေ၏။ တောအုပ်ကလေးကိုလွန်သည်နှင့် ကောင်းကင်ပေါ်မှ လမင်းကြီးကို သူတို့မြင်တွေ့ကြရလေ၏။

လသည် ကွေးကွေးကလေးသာရှိသေး၏။ သို့ဖြစ်၍ အလင်းရောင်က မှိန်ပျပျသာ မြင်နေရ၏။

မိုးဟိန်းသည် အခြေအနေအားလုံးကို လေ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခင်သီတာကို သူ့နောက်တွင် နေရာယူစေပြီး နှစ်ယောက်သားတစ်ယောက်ကို တစ်ယောက် လက်တစ်ကမ်းအကွာဖြင့် စတင်ကာ လှေကြီးရှိရာသို့ လာခဲ့ကြ၏။

လှေကြီး၏ အနောက်ဘက်တွင် တောင်တန်းလေးက ရှိနေ၏။ ထိုတောင်တန်းလေး အဆက်ပြတ်သောနေရာတွင်လည်း ကျောက်ဆောင်များ၊ ချိုင့်ဝှမ်းများ၊ ချုံပုတ်ကလေးများက အကာအကွယ်သဘောမျိုး ရှိနေပြန်၏။

ထိုလှေကြီးဆိုက်ကပ်ထားသော နေရာသည် ပင်လယ်ပြင်မှကြည့်၍ မြင်နိုင်သော နေရာမဟုတ်ချေ။ ပင်လယ်၏ အတွင်းဘက်ကျသော ကွေ့ကြီးတစ်ခုကို အကာအကွယ်ယူပြီး ဆိုက်ကပ်ထားခြင်း ဖြစ်လေ၏။ သို့ဖြစ်သောကြောင့် ပင်လယ်မှနေ၍ လှေကြီးကို မြင်နိုင်ဖို့ဆိုသည်က လွယ်ကူလှသည် မဟုတ်ချေ။

မိုးဟိန်းနှင့် ခင်သီတာတို့သည် သေနတ်နှင့်ဓားကို သက်စောင့်အဖြစ် မိမိရရကိုင်တွယ်ထားလျက် အစွမ်းကုန်ပင် လှေကြီးရှိရာသို့ ချဉ်းကပ်လာခဲ့ကြ၏။





တိမ်တိုက်ထဲသို့ မိုးရွှေလသည် ပြေးဝင်သွားလေ၏။ ထို့ကြောင့် မိုးဟိန်းတို့ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိကျသွား၏။ မိုးဟိန်းနှင့် ခင်သီတာက သိပ်ဝမ်းသာသွားကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ နှစ်ယောက် လှေသို့ချဉ်းကပ်သွားရာတွင်ပို၍ အဆင်ပြေသွားသောကြောင့် ဖြစ်၏။

"သီတာ"

"မောင်"

"မောင်တို့ လှေကြီးနားကိုရောက်တော့မယ် မကြောက်နဲ့နော်"

"မကြောက်ပါဘူး မောင်ရယ်။ မောင်သီတာ့အနားမှာ ရှိနေသ၍ သီတာ မကြောက်တတ်ပါဘူး"

နှစ်ယောက်သား တိုးတိုးပြောရင်း အနီးသို့ ချဉ်းကပ်လာခဲ့ကြရာ အတော်ကလေး ချဉ်းကပ်လာမိသောအခါ သူတို့သည် လှေပဲ့ပိုင်းသို့ ရောက်လာကြလေ၏။ သည်အချိန်တွင် လှေကြီးပေါ်မှ စကားပြောသံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းတို့ ကြားနေရပေပြီ။

"ဘုရင်မရဲ့ ငါးနှစ်မြောက်နန်းသိမ်းပွဲ ဘိသိက် မင်္ဂလာဟာ နှစ်စဉ်နှစ်တိုင်းလိုပဲ စိုပြည်လန်းဆန်းပါပေတယ်"

"ဟုတ်ပေတယ် ဝန်မင်း ဟုတ်ပေတယ်။ ကျုပ်တို့ တစ်တွေရဲ့ သက်တမ်းမှာ ဒီဘုရင်မရဲ့ လက်ထက်တော်ဟာ အလွန်အေးချမ်း သာယာပါပေတယ် မဟုတ်လားဗျ"

"ဟုတ်ပေတယ်ပေါ့ ဟုတ်ပေသပေါ့ ဝန်မင်းရဲ့"

"ဘဘဘုရား ကျွန်တော်မျိုးက အမှုတော်ထမ်း လည်း နသေး အသက်အရွယ်ကလည်း ငယ်သေးတော့ ပညာဗဟုသုတက နည်းပါးတယ် မဟုတ်လား ဘဘဘုရား ရဲ့"

"အိမ်း . . . မောင်မင်း မောင်မင်းသိချင်တာတွေ ကို မေးပေတော့ မောင်စိန္တာရေ"

ဘယ်လိုလူများက ဘယ်လိုရာထူးမျိုး တွေရှိနေ သလဲဆိုသည်ကိုတော့ မိုးဟိန်းတို့ မသိရချေ။ သူတို့ပြောနေ





ကြသည့် စကားများက ဇာတ်ပွဲတွေ ရာဇဝင်ဇာတ်ကား တွေထဲမှာ မြင်တွေ့ရသော ရာဇဝင် ဇာတ်ကားများထဲမှ အသုံးအနှုန်းမျိုး ဖြစ်လေ၏။

"ကျွန်တော်မျိုး အလွန်အမင်းသိချင်တာက ကျွန် တော်မျိုးတို့ရဲ့ ဘဝနောက်ပိုင်းအကြောင်းအရာများပါ ဘဘ ဘုရား"

မောင်စိန္တာဆိုသည့် လူငယ်က အသက်အရွယ် ငယ်ပေမယ့် စကားပြောပုံက ယဉ်ကျေး၏။

မိုးဟိန်းနှင့် ခင်သီတာသည် လှေကြီးထဲသို့ ရောက်နေကြပြီဖြစ်၏။ သူတို့သည် စကားပြောနေကြသူ များနှင့် အနီးကပ်ဆုံးသို့ ရောက်နေကြပြီဖြစ်၏။ ထို့ကြောင့် လည်း မိုးဟိန်းနှင့် ခင်သီတာတို့သည် စကားပြောနေသူများ ကို ကောင်းမွန်စွာ မြင်နေရ၏။

စုစုပေါင်း စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်မှာ ငါးယောက်။

တစ်ယောက်က အတော်အသက်ကြီးနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော အဝတ်အစားကိုကြည့်ခြင်းအားဖြင့် ဝန်ကြီးအသွင်က ပေါ်လွင်နေ၏။ ရာဇဝင်ဇာတ်ကားများထဲတွင် ဝတ်ဆင်ထားသော ဝတ်စုံမျိုးဖြစ်လေ၏။

တစ်နည်းဆိုရသော နန်းတော်ရှု နန်းတော်သားများသည် ရာထူးအဆင့်ဆင့်အလိုက် ဝတ်စုံများကို ဝတ်ဆင်ထားကြခြင်းဖြစ်လေ၏။

ထိုအသက်ကြီးသော သူ၏ရုပ်ရည်သွင်သည် အတော်ကလေး ခန့်ညားလေ၏။ သူထိုင်နေသည်ကပင် မိုးဟိန်းတို့ ပန်းလောက်မြင့်၏။ အကယ်၍ ထရပ်လိုက်မည်ဆိုပါက အတော်အရစ်မြင့်လိမ့်မည်ဟု ခန့်မှန်းရလေ၏။

ကျန်သူများထဲမှ နှစ်ယောက်ကလည်း ရာဇဝင်ဇာတ်ကားများထဲမှ စစ်သူကြီး ဝတ်စုံကို ဝတ်ဆင်ထားကြလေ၏။ သူတို့သည် ကြီးမားသော ဓားကြီးများကို စလွယ်သိုင်းလျက် လွယ်ထားကြ၏။

ကျန်သည့် လူနှစ်ယောက်ကလည်း တံခါးမှူး ဝတ်စုံကို ဝတ်ဆင်ထားကြ၏။ တစ်ယောက်ကတော့ မင်း





ညီမင်းသားများ ဝတ်ဆင်သော ဝတ်စုံမျိုးနှင့် အတော်ကြည့်၍ လှပနေ၏။

"အိမ်း . . .မောင်စိန္တာတို့လို အသက်ငယ်ရွယ်သူတွေက "ပတ္တမြားသစ္စာကျွန်း"နဲ့ ဒီကျွန်းရဲ့ အရှင်သခင်တွေ အရှင်သခင်တွေရဲ့ သစ္စာတော်ခံတွေအကြောင်း တိတိကျကျ မသိကြတာဟာ မှန်ကန်ပါပေတယ်ကွယ်"

"မှန်ပါ့ ဘဘဘုရားမှန်ပါ့။ ကျွန်တော်မျိုးဟာ မယ်မယ်ဘုရားကိုလည်းမြင်ဖူးခဲ့သူမဟုတ်။ အဖဘုရားကိုလည်း တွေ့ဖူးခဲ့သူမဟုတ်လေတော့ ကျွန်တော်မျိုးဘဝမှာ ဘာကိုမှ တိတိကျကျ မသိခဲ့ကြောင်းဟာ မှန်ပါပေတယ် ဘဘဘုရား"

မောင်စိန္တာဆိုသော မင်းညီမင်းသားလို ဝတ်ထားသူက ဘဘဘုရားဆိုသော အဘိုးအို၏စကားကို တစ်လုံးချင်း တုံ့ပြန်နေ၏။ ကျန်သူအားလုံးက ခေါင်းတညိတ်ညိတ် လုပ်နေကြ၏။

"ဟုတ်ပေတယ် မောင်စိန္တာ ဟုတ်ပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းရဲ့ မျိုးဆက်ဟာ အရှင်သခင်ရဲ့ မျိုးဆက်နွယ်ဖွား တွေ ဖြစ်ပေတယ်။ သို့ပေမယ့်လည်းပဲ မောင်မင်း ဖခမည်း တော်ဟာ ပတ္တမြားသန္တာကျွန်းကနေ မိမိဆုံးရှုံးသွားတဲ့ နယ်မြေတွေကို ပြန်ရဖို့အတွက် စစ်သည်တော်တွေနဲ့ ထွက်သွားလိုက်တာ အခုအချိန်အထိ ဒီတိုင်းဌာနကို ပြန် မရောက်ရှာတော့ပေဘူး။ သူ့ရဲ့ မိုက်မဲမှုကို အရှင်သခင်မင်း မြတ်က ခွင့်မလွှတ်ခဲ့ပေဘူး။ သို့ပေမယ့်လည်း မောင်မင်း အရွယ်ရောက်လာတော့ အခု ဆက်လက်စိုးစံမင်းလုပ်တဲ့ သခင်မလေးဟာ မောင်မင်းကို ကြင်နာသနားလို့ မင်းသား များ စံစားရသလို စံစားစေပြီး ဒီငှက်မြတ်နန်းထက်မှာ သခင်မရဲ့ ဩဇာခံအဖြစ် သတ်မှတ်ထားပေခြင်းပေါ့"

"မှန်လှပါ ဘုရား ကျွန်တော်မျိုး ထပ်သိချင်တာက ဒီပတ္တမြား သန္တာကျွန်းကြီးပေါ်ကို ဘယ်လိုကြောင့် ရောက် လာရတယ်ဆိုတာ တိတိကျကျ ဂယနဏ ကျွန်တော်မျိုး သိချင်ပါတယ် ဘုရား"

"အိမ်း . . အိမ်း"





အဘဘုရားမည်သော အမတ်ကြီးသည် စကား ကို ရှေ့မဆက်သေးဘဲ ကြေးကွမ်းအစ်ထဲမှ ကွမ်း၊ ကွမ်းသီး ထုံးဖြူများကိုထုတ်ကာ ကွမ်းယာ ယာစားနေလေ၏။

မိုးဟိန်းနှင့် ခင်သီတာတို့က စကားမပြောဘဲ ငြိမ် ၍ နားထောင်နေမိကြလေ၏။ သူတို့နှစ်ယောက်စလုံး မှင်သက်မိနေကြ၏။ စိတ်ဝင်စားသော စကားလုံးများမို့ မိုးဟိန်းနှင့် ခင်သီတာတို့က သိချင်ကြွားချင်နေမိကြ၏။

သို့မှလည်း မိုးဟိန်းစိတ်ဝင်စားနေသော သခင်မ လေးအကြောင်းကို သိနိုင်ပေမည် မဟုတ်ပါလား။

"ဒီလိုက စတယ်ကွဲ့"

ကွမ်းဝါးနေရင်း ဘဘဘုရားဆိုသော အမတ်ကြီး က တစ်လုံးချင်း စတင်ပြောနေလေ၏။ အားလုံးက ငြိမ်သက်နေကြလေ၏။ မိုးဟိန်းနှင့် ခင်သီတာက တစ်နေ ရာသို့ ကြည့်လိုက်မိသွား၏။ ထိုနေရာသို့ ကြည့်မိသည်နှင့် မိုးဟိန်းနှင့် ခင်သီတာတို့ နှစ်ဦးစလုံး မျက်လုံးပြူးသွားရလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မြင်တွေ့လိုက်ရသည်က တခြားမဟုတ်ပါချေ။ စစ်သည်တော်များက လုံထမ်းပြီး စောင့်နေကြသောကြောင့် ဖြစ်လေ၏။ သို့ဖြစ်သောကြောင့် မိုးဟိန်းနှင့် ခင်သီတာတို့က ဗိုရှလုံခြုံစိတ်ချရသော နေရာသို့ ပြောင်းရွှေ့ကြရလေ၏။

"ပုဂံနိုင်ငံတော်ကြီး တည်ရှိစဉ်တုန်းကတည်းက ဘဘတို့ရဲ့ မြို့စားနယ်စားတွေဟာ တည်ရှိခဲ့တယ်ကွဲ့။ ပုဂံပျက်ပြီးတဲ့ နောက်ပိုင်းမှာတော့ နှစ်ပေါင်း ၉၀၀လောက်မှာ တပင်ရွှေထီးသခင်က နိုင်ငံတော်ကို အုပ်စိုးတော့ ဘဘတို့ရဲ့ နယ်စားပယ်စား နယ်မြေတွေဟာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် စံစားလာနိုင်ခဲ့ပေတယ်။ သို့ပေမယ့်လည်းပဲ ဘဘတို့နယ်စားလယ်စားနယ်မြေကို လုယူဖို့ ကြံတဲ့ "စကြာနန္ဒာ ဆိုတဲ့သူက ပေါ်လာခဲ့ပေတယ်။ နောက်ဆုံးတော့ စကြာနန္ဒာက ဘဘတို့ နယ်မြေတွေကို တိုက်ယူတော့ ခုခံတိုက်ခိုက်ရင်း ဘဘတို့ စစ်ရှုံးခဲ့ပေတာပဲ"

အမတ်ကြီးက သူ့စကားကို ခဏရပ်လိုက်လေ၏။





"အဲဒီတုန်းက ဘဘတို့က ငယ်ငယ်ပဲရှိသေးသလား"

"အိမ်း . . .အဲဒီတုန်းက ဘဘတို့ မမွေးကြသေးဘူးကွဲ့။ သက်ကြီးစကား သက်ငယ်ကြားအနေနဲ့ အခုမောင်မင်းတို့ကို ရှင်းလင်းပြောပြနေတာပဲ မောင်စိန္တာရဲ့ ဘဘတို့လည်း ဒီကျွန်းပေါ်မှာကြီးကြမွေးကြတာပဲ။ နောက်ပြီးတော့ ရှိသေးတယ်။ အခုအချိန်အထိ မောင်စိန္တာသိတဲ့အတိုင်း တိုက်ပွဲတွေက မပြီးသေးဘူး။ အခုဘဘတို့ရဲ့ နယ်မြေကို ရှေးမြေခြားနေတာတောင် စကြာနန္ဒာရဲ့ အဆက်အနွယ်တွေက လိုက်တိုက်နေကြတုန်းပဲ။ သို့ပေမယ့်လည်း သူတို့ အင်အားကလည်းနည်း တစ်ယောက်စ.နှစ်ယောက်စသာ လာရောက်တိုက်ခိုက်တော့ ဘဘတို့အဖို့ စိတ်အေးနေရသေးတာပေါ့။ အခုလောက်ဆိုရင် သခင်မင်းမြတ်တပင်ရွှေထီးရဲ့ သစ္စာတော်ခံတွေကလည်း ဘဘတို့ကို လိုက်လံတိုက်ခိုက်နေမှာပဲ"

"အဲဒါက ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . စကြာနန္ဒာက ဘာဘတို့ကို အရှင်သခင်ရဲ့ သစ္စာတော်ကို မခံလိုတာကြောင့် ထွက်ပြေး တိမ်းရှောင်သွားတယ်လို့ ကုန်းချောပေမယ့်။ ဒီတော့ သခင်မင်းမြတ်ကလည်း ဘာဘတို့မျိုးဆက်ကို ဘယ်နည်းနဲ့မှ အသက်အိုးအိမ်စည်းစိမ်ကို ချမ်းသာပေးမယ်မဟုတ်ဘူး။ ဒါကြောင့် တစ်ခါတစ်ရံ ဘာဘတို့ရဲ့ ပတ္တမြားသန္တာကျွန်းပေါ်ကို လှေကြီးတွေနဲ့ ရန်သူတွေ ရောက်လာကြသေးတယ်။ တိုက်ကြခိုက်ကြသေးတယ်။ သို့ပေမယ့်လို့ အခုတော့ ဘာဘတို့ စစ်သည်အင်အားနဲ့ တိုက်ခိုက်ပုံတွေကို ကြောက်သွားလို့ ထင်ပါရဲ့ကွယ်။ အင်အားနဲ့ အလုံးအရင်း မလာကြတော့ဘူး။ အခုလည်း ကြည့်လေဦး မောင်စိန္ဒာ ဘယ်နေရာ ဘယ်ဒေသက မသိတဲ့ နယ်ချဲ့လိုသူတွေ ကျွန်းပေါ်ကို ရောက်လာပြန်ပေတယ်။ သူတို့မှာလည်း လက်နက်တွေနဲ့။ဒါကြောင့် အစစအရာရာကို သတိထားရပေမယ်"

"မှန်လှပါ အဘဘုရား။ ကျွန်တော်မျိုး သိချင်တာ





လေး မေးလိုပါသေးတယ်"

"အိမ်း . . . မေးမေး"

"အခု ကျွန်တော်မျိုးကြားသိရပါတယ် ဘုရား။ ဘယ်နိုင်ငံမှန်း မသိရသေးသော ကျူးကျော်သုံးယောက်ကို ဘာဘတို့ရဲ့ သစ္စာတော်ခံစစ်သည်တော်တွေက ဖမ်းမိထားတယ်လို့"

"အိမ်း . . . ဟုတ်တယ် ကျူးကျော်စော်ကားသူ သုံးယောက်ကို မိထားပေတယ်။ သို့ပေမယ့် သူတို့သုံးယောက်ထဲက တစ်ယောက်ပဲ အသက်ရှင်နေပေတယ်။ နှစ်ယောက်က ဒဏ်ရာတွေနဲ့ မိထားတာမို့ ဒဏ်ရာကြောင့် သေရှာလေပြီကွဲ့"

သူတို့သည် စကားပြောခြင်းကို ရပ်လိုက်ကြ၏။ မိုးဟိန်းနှင့် ခင်သီတာတို့သည် အမတ်ကြီး၏ စကားများကြောင့် တုန်လှုပ်သွားကြလေ၏။ သူတို့အဖွဲ့၏ သုံးယောက် အဖမ်းခံခဲ့ရ၏။ ထိုသုံးယောက်တွင် တစ်ယောက်သာ အသက်ရှင်နေပြီး ကျန်နှစ်ယောက်က သေသွားရှာပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသေဆုံးသော သူတို့သည် မည်သူတို့ ဖြစ်လေမည်နည်း။ သုံးယောက်စလုံးက လူထူးဆန်းများ၏ လက်ချက်ကြောင့် ဒဏ်ရာရသွားကြလေ၏။ ဦးသောင်းချမ်းတစ်ယောက် အသက်ရှင်နေသေးသည်လော သို့မဟုတ် ကျောက်ဒိုးတစ်ယောက် အသက်ရှင်နေသေးသည်လော။ ပျော်ပျော်နေတတ်သော နက်ကျော်ပင် အသက်ရှင် ကျန်နေသေးသည်လော။

သို့သော်လည်း မိုးဟိန်းတို့က လူစွမ်းကောင်းများ မဟုတ်ကြလေသောကြောင့် ဤမျှထုထည်ကြီးမားသော ကျွန်း၏ပြည်သူတို့ကို မိုးဟိန်းတို့ အောင်မြင်အောင် တိုက်ခိုက်နိုင်စရာ အကြောင်းမရှိ။

တစ်ခုပဲ မိုးဟိန်းတို့တွင်ရှိ၏။ သူတို့ကို မိုးဟိန်းတို့က စည်းရုံးခြင်းဖြင့် အောင်နိုင်ပါက မိုးဟိန်းတို့သည် ကျွန်းမှ လွတ်မြောက်ရေးအတွက် အခြေအနေကောင်းနိုင်ပေ၏။

ကျွန်းပေါ်မှ သူတို့အတွက် အယူအဆများသည် အလွန်ပင် အမြင်ကျဉ်းလွန်းနေပေ၏။ သူတို့သည် စစ်ရှုံး၍





ကျွန်းပေါ်သို့ ရောက်လေခြင်းဖြစ်ဟန်တူ၏။

ဤကျွန်းပေါ်တွင် မိသားစုအဖွဲ့အစည်းတစ်ခုပမာ နေထိုင်ခဲ့ကြသည်လည်း ဖြစ်ဟန်တူ၏။ သို့သော်လည်း သူတို့စစ်ရှုံးခဲ့သည်မှာ အခုမဟုတ်ချေ။ သူတို့သည် ရှေးရှေးသော အခါသမယက စစ်ရှုံးခဲ့ခြင်းဖြစ်၏။ သူတို့စစ်ရှုံးသော ကာလသည် စောစောကပြောသည့်အတိုင်း ရာဇဝင်တွင် ခန့်မှန်းမည်ဆိုပါက တပင်ရွှေထီးမင်းလက်ထက်နှုတ်လောက်ကဆိုသည်က အတော်ပေါ်လွင်နေ၏။

ဒုတိယ မြန်မာနိုင်ငံတော် ပြန်လည်တည်ဆောက်သော လက်ထက်တွင် သူတို့က စစ်ရှုံးကြခြင်းဖြစ်လေ၏။ သူတို့သည် တပင်ရွှေထီးမင်းက သတ်ဖြတ်၍လည်း မဟုတ်ကြောင်း သူတို့ပြောနေသည့် စကားအရသိနေကြ၏။

မိုးဟိန်းနားလည်လိုက်သည်ကတော့ သူတို့သည် တစ်ချိန်က နယ်မြေတစ်ခုခုကို ဘုရင်၏ပေးသနားခြင်းခံရသော အစုအဖွဲ့ ဖြစ်ပေလိမ့်မည်။

ထိုနယ်မြေတွင် အုပ်ချုပ်လူကြီးလုပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် တခြားအစုအဖွဲ့တို့သည် မသင့်မမြစ် ဖြစ်ပေလိမ့်မည်။ ထိုအခါ စကြာနန္ဒာ ခေါင်းဆောင်သောအဖွဲ့က သူတို့ကို တိုက်ခိုက်ပေမည်။ သည်အခါတွင် သူတို့စစ်ရှုံးကြပေမည်။

ထိုသို့ စစ်ရှုံးသောကြောင့် သူတို့လှေကြီးလှေငယ်ဖြင့် ထွက်ပြေးကြမည်။ မောင်ကြီးမောင်ငယ်ဖြင့် ထွက်ပြေးကြမည်။ ဤကျွန်းပေါ်သို့ သူတို့ရောက်လာသောအခါတွင် တစ်ကမ္ဘာစီ ခြားသွားပေပြီ။

ထိုအခါ သူတို့သည် အားလုံးနှင့် အဆက်အသွယ်ပြတ်ပြီး သူတို့တစ်တွေ၏ နားလည်ခြင်းသည် ယနေ့တိုင် မြန်မာနိုင်ငံတော်သည် ဘုရင်စနစ်၊ ဘုရင်ခေတ်ဖြင့် ရှိနေသေးခြင်းဆိုသည့် အချက်ကို သူတို့စိတ်ထဲတွင် စွဲမြဲနေကြပေလိမ့်မည်။

သူတို့ကျွန်းပေါ်သို့ သင်္ဘောပျက်၊ စက်လှေပျက်ပြီး ရောက်ရှိလာကြသူများကိုလည်း သူတို့ကို လိုက်လံတိုက်ခိုက်နေခဲ့သော စကြာနန္ဒာ၏ စစ်သည်တော်များက





လာရောက်တိုက်ခိုက်သည်ဟု အထင်အမြင်မှားကာ ကျွန်းပေါ်သို့ ရောက်ရှိလာသူများကို လိုက်လံတိုက်ခိုက်သတ်ဖြတ်နေခြင်းဖြစ်မည်က သေချာပေ၏။

ထိုအခါ ဤကျွန်းပေါ်မှ ပြန်လည်လွတ်မြောက်သွားသော သူလည်းရှိကောင်းပေမည်။ ထိုသို့ လွတ်သွားခြင်းကြောင့်သာလျှင် ဤကျွန်းပေါ်သို့ မိုးဟိန်းတို့ ရောက်သည်နှင့် ဦးဇသောင်ချမ်းက ကျွန်းပေါ်မှ အဖွကြောင်းအချက်တို့ကို သူကြားဖူးသလောက် ပြောပြနိုင်ခဲ့ခြင်းဖြစ်လေ၏။

အကြောင်းအားလုံးကို ခြုံလိုက်သောအခါ ဤကျွန်းမှ လူများသည် ထူးဆန်းနေသည်က မှန်သော်လည်း မိုးဟိန်းတို့ မြန်မာများဖြစ်သည်မှာ ပို၍သေချာနေ၏။

ထို့အပြင် မိုးဟိန်းတို့လို မြန်မာစကားကို ခပ်ဝဲဝဲ ပြောနေကြခြင်းကြောင့် တစ်နေ့တွင် စည်းရုံးနိုင်ကောင်း စည်းရုံးနိုင်လိမ့်မည်ဟု ထင်နေမိကြ၏။

သို့သော်လည်း အခုလောလောဆယ်မှာတော့ မိုးဟိန်းနှင့် ခင်သီတာတို့သည်ဘာဆက်လုပ်ရမည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေးမရအောင် ရှောင်ပုန်းနေရသောဘဝဖြင့် နေရဦးမည်လား မပြောတတ်။

မိုးဟိန်းကတော့ လှထူးဆန်းတို့၏ အရှင်သခင်ဘုရင်မကလေးမျက်နှာလေးကိုသာ မြင်နေမိလေ၏။ လှထူးဆန်းများနှင့် မိုးဟိန်းတို့ သဘောထားချင်း နားလည်မှုရကာ ပြေလည်နေစေချင်မိ၏။ မိုးဟိန်းက သည်ကျွန်းပေါ်မှ အမြန်ဆုံးလွတ်မြောက်ချင်နေမိ၏။

× × ×

## အခန်း(၇)

## ကရဝိတ်လှေကြီးပေါ်မှာ

"မောင်"

ခင်သီတာက တိုးတိုးကလေးခေါ်လေ၏။ မိုးဟိန်းက ခင်သီတာ၏လက်ကို ဆုပ်ကိုင်ထားရင်းမှ . . .

"သီတာ"

ဟု တိုးတိုးကလေး ပြန်ထူး၏။





"ဘာဆက်လုပ်ကြမလဲ မောင်ရယ်"

"သူတို့ကို အနိုင်ယူကြမယ်လေ သီတာ"

"သူတို့က အင်အားမနည်းဘူးနော် မောင်"

"ဟုတ်တယ် သီတာ။ အင်အားမနည်းဘူး။ သို့ပေမယ့်လည်း မကြောက်ပါနဲ့ သီတာရယ်"

"မကြောက်ပါဘူး မောင်ရယ်။ ဒါပေမဲ့ သတိတော့ လက်လွှတ်လို့ မရဘူးနော် မောင်"

"စိတ်ချပါ သီတာရယ်"

စကားအဆုံးတွင် မိုးဟိန်းက ခင်သီတာ၏ ကိုယ်လုံးလေးကို သူ၏ ရင်ခွင်ထဲသို့ဆွဲသွင်းလိုက်၏။ ထို့နောက် အားရပါးရ အနမ်းမိုးများ ရွာပစ်လိုက်၏။

အချိန်အတန်ကြာအောင် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားကြပြီးနောက် သူတို့ ရှေ့ဆက်ရန် စတင်လှုပ်ရှားကြပြန်၏။

အစောင့်တို့သည် သတိ၊ ဝီရိယဖြင့် လှံထမ်း၊ ဓားလွယ်ပြီး ကင်းလှည့်နေကြလေ၏။ စောစောက စကားဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ပြောဆိုနေကြသည့် သူတို့သည်လည်း သူတို့စကားဝိုင်းကိုသိမ်းကာ အိပ်ဆောင်သို့ ဝင်သူက ဝင်သွားကြလေပြီ။ စောစောက ဖမောင်စိန္တာဆိုသော သူကတော့ သူ၏အစောင့်များကို လိုက်လံစစ်ဆေးနေ၏။

သူတို့သည် ဤကရဝိတ်လှေကြီးကို အထူးဂရုစိုက်နေပုံရလေ၏။ သူတို့၏ ကရဝိတ်လှေကြီးသည် တခြားက ရောက်လာသည်တော့ မဖြစ်နိုင်ချေ။ သူတို့စစ်ရှုံးစဉ်က သူတို့ထွက်ပြေးလာသော လှေကြီးသာ ဖြစ်နိုင်ပေ၏။

ထိုလှေကို သူတို့သည် အမျိုးမျိုးပြုပြင်. ထိန်းသိမ်းထားသောကြောင့်သာလျှင် ယခုတိုင် ကျန်ရှိနေခြင်း ဖြစ်တန်ရာ၏။

"မောင် . . . ဟောဟိုမှာ"

သူတို့သည် အခန်းတစ်ခန်းသို့ ဖြတ်ခဲ့ပြီးနောက် အမှောင်ကျနေသော နေရာတွင် နိုကပ်ရင်း ခင်သီတာက သူတို့တွေ့ မြင်သည်ကို ပြလေ၏။ ရဲမက်တစ်ယောက် ဖြစ်လေ၏။

ခြိုတ်စာပေ



ရဲမက်သည် လှံကိုထမ်းပြီး မိုးဟိန်းတို့ဘက်သို့ လျှောက်လာနေ၏။ သူတို့နှစ်ယောက်သည် အသက်ကိုပင် မဝတဝရှူရင်း လာနေသော ရဲမက်ကို သေသေချာချာ ကြည့်နေမိ၏။

မိုးဟိန်းတို့ အနားသို့ အရောက်တွင် အစောင့်ရဲမက်သည် တစ်ဖက်သို့ ဖြတ်သန်းရန် လှည့်လိုက်သည်နှင့် မိုးဟိန်းက အချိန်ဆိုင်းနေခြင်း မပြုတော့ဘဲ အစောင့်ရဲမက်ကို ဆေးမြှောင်ဖြင့်ထိုးပြီး ပါးစပ်ကို ပိတ်လိုက်၏။ ထို့နောက် အမှောင်ရိပ်ရှိရာသို့ ဆွဲခေါ်လာခဲ့၏။ အစောင့်ရဲမက်သည် တားချက်ကြောင့် တွန့်ခနဲဖြစ်သွားပြီးနောက် မိုးဟိန်းဆွဲခေါ်ရာနောက်သို့ ငြိမ်သက်စွာ ပါလာလေ၏။

မိုးဟိန်းက အစောင့်ထံမှ လှံကို ခင်သီတာထံသို့ လှမ်းပေးလိုက်၏။ ထို့နောက် အစောင့်ထံမှ အဝတ်အစားများကိုချွတ်ပြီး သူ၏ခန္ဓာကိုယ်တွင် ဝတ်ဆင်လိုက်၏။ အစောင့်၏ အဝတ်အစားများတွင် သွေးစွန်းနေ၏။ အစောင့်အား မှောင်ရိပ်ချောင်ကျသောနေရာ၌ ထားခဲ့၏။

ခြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သီတာ"

"မောင်"

"မောင်တို့အတွက် အောင်မြင်ဖို့ အခွင့်အရေးတွေ ရလာပြီ။ ဒီလိုလုပ်မယ်။ မောင်တို့ ဟောဒီ ကရဝိတ်ငှက်ကြီးကို ပင်လယ်ထဲကို မျှောချမယ်။ နောက်တော့မှ ပြည်သူတွေနဲ့အတူ ရဲတွေပါခေါ်လာပြီး သူတို့ကို ခေတ်စနစ်တွေ ပြောင်းလဲသွားပြီဆိုတာကို ဟောပြောစည်းရုံးမယ်။ ဦးသောင်ချမ်း၊ နက်ကျော်၊ ကျောက်ဒိုး သူတို့သုံးယောက်ထဲက အသက်ရှင်နေသူကို ကယ်တင်မယ်။ သူတို့အားလုံးကို ဘဝမှန်ကိုရောက်အောင် မောင်တို့ လုပ်ကြမယ်။ အခုအရေးကြီးတာက သူတို့နဲ့ ဝေးရာကိုပြေးတာဟာ သူတို့အတွက်ရော၊ မောင်တို့အတွက်ပါ အလွန်ကောင်းလိမ့်မယ်"

"ချက်ချင်း ထွက်သွားလို့ ရမှာလား မောင်ရဲ့၊ သူတို့က အများကြီးဥစ္စာ"

"ဟုတ်ပါတယ်လေ၊ သူတို့က အများကြီးပါပဲ။ သို့ပေမဲ့ မကြာခင်မှာ သူတို့အားလုံးကို မောင်တို့က အနိုင်





ရမှာပဲ"

"သီတာက ဘာလုပ်ရမလဲမောင်"

"သီတာကလား၊ သီတာက မောင့်ဘေးနားက လိုက်ခဲ့ပေါ့"

"နောက်တော့"

"မောင့်ချစ်သူနဲ့ မောင်ပင်လယ်ထဲမှာ လက်ထပ်ကြမှာပေါ့"

"ကောင်းပေါ့။ မှန်ပ့ါ မောင်မောင်ဘုရားရယ်"

သူတို့နှစ်ဦးသည် အတော်ကလေးပျော်ရွှင်နေကြလေ၏။ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားရင်း နမ်းနေကြ၏။

"ကဲ . . . သီတာ ရန်သူကို တစ်ယောက်ချင်း လိုက်ရှင်းမယ်"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက်သည် စောစောကထက် ပိုမိုရဲတင်းကာ တစ်ခန်းဝင်တစ်ခန်းထွက် စတင်လှုပ်ရှားကြလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူတို့အခန်းနစ်ခန်းသို့အရောက်တွင် အဆီတစ်မျိုးဖြင့် ထွန်းထားသော မီးရောင်ကြောင့် အခန်းအခြေအနေကို မိုးဟိန်းတို့ ကောင်းမွန်စွာ သိရှိလိုက်ရလေ၏။

အခန်းထဲတွင် ရှေးလူများ၏ အသုံးအဆောင် ပစ္စည်းအနည်းငယ်ကို တွေ့ရလေ၏။

ထို့အပြင် ကမ္ပည်းထိုးထားသော စာတန်းကို လည်း တွေ့ရလေ၏။ ထိုစာတန်းမှာကား . . .

"ဤကရဝိတ်လှေတော်သည် ငါတို့ မျိုးဆက်နှင့် အတူ မပျက်မစီး ထိန်းသိမ်းတော်မူကြရမည်"

မိုးဟိန်းသည် ထိုစာတန်းကိုဖတ်ပြီးနောက် မိုးဟိန်း အတွေးမှန်ကန်နေသည့်အတွက် အတော်သဘောကျသွား လေ၏။

"မောင်"

"သီတာ"

"ဒါ . . .သူတို့နဲ့အတူ ခေါ်ခဲ့တာ ဖြစ်မှာပဲနော်"

"ဟုတ်တယ် သီတာ။ ဒါကြောင့် သူတို့ ထိန်းသိမ်း





ထားတာပေါ့"

"ဒါဆိုရင် နစ်ပေါင်း ဘယ်နည်းတော့မလဲ"

"ဟုတ်တာပေါ့"

"သီတာတို့ အခု ဘယ်ကို ဆက်သွားကြမလဲ"

"ရန်သူတွေဆီကိုလေ"

"မောင်ကတော့ သိပ်သတ္တိကောင်းတယ်ကွယ်"

"ခြော် . . . သီတာရယ်။ မောင့်တို့က လွတ် မြောက်ရေးအတွက် လှုပ်ရှားနေရတာကိုး"

"ဘုရင်မရဲ့မျက်နှာကို မောင် မြင်နေသေးသလား"

ခင်သီတာစကားကြောင့် မိုးဟိန်း တွေဝေသွား၏။ သူအမှန်တိုင်း ပြောလိုက်ပါက ခင်သီတာ စိတ်မကောင်း ဖြစ်ဖွယ်ပေလိမ့်မည်။ သို့သော်လည်း မိုးဟိန်းက ခင်သီတာ စိတ်မကောင်း မဖြစ်ရလေအောင် ရှောင်လွှဲပြောရန်သာ စိတ်ကူးလိုက်၏။

"ဒါတွေမေ့ထားလိုက်ပါ သီတာရယ်။ မောင်တို့ အတွက် သူတို့အားလုံးဟာ ရန်သူတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားဆက်မပြောမိကြတော့ချေ။ သူတို့သည် ရှေ့သို့ဆက်လက်လာခဲ့ကြ၏။ အတော်ကလေး သွားမိသောအခါ အစောင့်ရဲမက်တစ်ဦးကို တွေ့ရပြန်၏။ ထိုအစောင့်ရဲမက်က မိုးဟိန်းနှင့် ခင်သီတာတို့ကို မြင်သွား၏။

မိုးဟိန်းက အလွန်ပါးနပ်စွာ ဟန်ဆောင်ထားသည့်အတွက် အစောင့်ရဲမက်က မိုးဟိန်းကို ကြောင်အမ်းအမ်းနှင့် ကြည့်နေလေ၏။

မိုးဟိန်းက ခင်သီတာ့ကို ခပ်ကြမ်းကြမ်းကလေး ချုပ်ကိုင်ကာ တွန်းထိုးပြီး ဆွဲခေါ်လာသဖြင့် အစောင့်ရဲမက်က ကြောင်အမ်းအမ်းနှင့် ဖြစ်နေခြင်းဖြစ်၏။

"ရန်သူမိလာတယ်"

မိုးဟိန်းက သူတို့လေသံမျိုးဖြင့် အလွန်နီးကပ်အောင်ပြောပြီးနောက် ထိုရဲမက်ရှေ့သို့ ခင်သီတာကို တွန်းထိုးပို့အပ်လိုက်၏။

ထိုအခါ အစောင့်က ခင်သီတာကို ဖမ်းဆီးထား





လိုက်၏။ အစောင့်နောက်သို့ မိုးဟိန်းက လျင်မြန်စွာ တိုးကပ်သွားပြီး ပါးစပ်ပိတ်ကာ ဓားမြှောင်ဖြင့် ခါးကြားသို့ ဆောင့်ထိုးသွင်းလိုက်၏။ အစောင့်သည် အင်အားပျော့ကာ ခွေလဲကျသွား၏။ မိုးဟိန်းက အစောင့်ကို အမှောင်ထဲသို့ ထိုးသွင်းပြီး အစောင့်၏ အဝတ်အစားများကို ချွတ်ယူလိုက်၏။

"သီတာ"

"မောင်"

"ဒါတွေဝတ်"

"ဟာ . . . မောင်ကလည်း တော်မှမတော်တာ"

ခင်သီတာက အပြုံးကလေးဖြင့် ပြော၏။

"အလှပြဖို့ ဝတ်တာမဟုတ်ပါဘူး။ လူဝံလို ဖြစ်ချင်ဖြစ်နေပါစေ။ အရေးကြီးတာက အလုပ်ဖြစ်ဖို့"

ခင်သီတာက အမှောင်ရိပ်တွင် ရဲမက်ဝတ်စုံကို ဝတ်မတော်သောကြောင့် ခြေလက်တို့ကို ခေါက်နေ၏။ တချို့ ရှည်နေသောအဝတ်စကို မိုးဟိန်းက ဖြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပေး၏။

"ကဲ . . . သွားမယ်"

ရဲမက်တွေလို အဝတ်အစားများကို ဝတ်ဆင်ကြ ပြီးနောက် မိုးဟိန်းနှင့် ခင်သီတာက ရှေ့သို့ဆက်တိုးလာခဲ့ ၏။ လှေကြီးက အလွန်ကျယ်ဝန်း၏။ သို့အတွက်ကြောင့် ပင်လယ်လို ခရီးကြမ်းကို သူတို့သွားနိုင်ခြင်းဖြစ်၏။

လှေကြီးထဲတွင် အခန်းတွေကလည်း အလွန်များ လေ၏။ အခန်းတိုင်းကလည်း ကျယ်နေ၏။

သို့ဖြစ်၍ ကရဝိတ်လှေကြီးပေါ်တွင် ရှိနေသူများ ထက် အခန်းက ပိုများနေ၏။ တချို့သောအခန်းများတွင် အိပ်စင်များရှိသော်လည်း လူကိုမတွေ့ရ။

သူတို့နှစ်ယောက်သည် ကံကောင်းထောက်မစွာ ဖြင့် စားသောက်ခန်းထဲသို့ အမှတ်မထင် ရောက်သွားကြ လေ၏။ ရက်ပေါင်းများစွာ ငတ်ပြတ်နေကြသော မိုးဟိန်း နှင့် ခင်သီတာတို့သည် တစ်သက်တွင်တစ်ခါမျှ ဝမ်းမသာ ဘူးသော ဝမ်းသာခြင်းမျိုးကို ခံစားရလျက် စားသောက်





စရာများကို လျင်မြန်စွာ စားသောက်နေကြလေ၏။

အစားအသောက်တွေကတော့ ခင်သီတာတို့ စား သောက်နေကြသော အစားအစာနှင့် သိပ်မကွာချေ။ သူတို့ သည် ထမင်းကို စားကြရ၏။ ထမင်းက အတော်ကလေး ကြမ်းသည်။ မိုးဟိန်းတို့ မြို့ပေါ်တွင် စားသောက်နေကြ သော ထမင်းမျိုးနှင့်တော့ ကွာခြား၏။ ဟင်းကတော့ ဖွယ်ဖွယ် ရာရာ မဟုတ်ချေ။ ရေလုံပြုတ်ဟင်းမျိုးဖြစ်၏။

တချို့အသားခြောက်များကို တွေ့ရသော်လည်း အစိမ်းသက်သက်ချည်း ဖြစ်နေသဖြင့် မိုးဟိန်းတို့ မစားရ ချေ။ လိုရမယ်ရ သဘောမျိုး ရိက္ခာအဖြစ် ယူလာခဲ့ကြ၏။ အကယ်၍ ဤလှေမှပြေးရသော် ရိက္ခာရသည့် သဘောမျိုး မိုးဟိန်းက စိတ်ကူးမိ၍ဖြစ်၏။

"တစ်သက်မှာ တစ်ခါသာ စားသောက်ဖူးတဲ့ အစားအစာလို စားသောက်ကောင်းလိုက်တာ မောင်ရယ်"

"ဟုတ်တယ် သီတာ။ ထမင်းမစားရတာကြာပြီဆို တော့ နတ်သုဒ္ဓါအလားပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးနောက် ရေကို ဝဝကြီးသောက်ကြ၏။ ထိုသို့ ရေသောက်နေစဉ် အဝတ်အစားဆန်းဆန်း ဝတ်ထားသော လူနှစ်ယောက်က စားသောက်ခန်းထဲသို့ ဝင်ရောက်လာ၏။

အမှောင်ရိပ်ထဲတွင်ဖြစ်၍ သူတို့သည် တစ်ယောက်ကိုတစ်ယောက် သိပ်ခွဲခြားလို့မရဟု ထင်ရလေ၏။

မိုးဟိန်းနှင့် ခင်သီတာက ထိုအဝတ်အစားခပ်ဆန်းဆန်းနှင့် လူနှစ်ယောက်ကို ငြိမ်သက်စွာ ကြည့်နေမိကြ၏။ သူတို့သည် မိုးဟိန်းတို့ကို မြင်သည့်အတွက် ရှေ့သို့မတိုးဘဲ ရပ်နေကြ၏။

"ဟေး . . . နင်တို့ ဘာဖြစ်သလဲ"

မိုးဟိန်းက သူတို့စကားပြောသံနှင့် အတတ်နိုင်ဆုံးတူအောင်ပြောပြီး မေးလိုက်၏။

"ငါတို့ ဗိုက်ဆာလို့ ဝင်လာကြတာ"

"ဩော် . . .အေး . . . စားကြ"

မိုးဟိန်းက ခွင့်ပေးလိုက်မှ သူတို့သည် အခန်းထဲ





သို့ ရဲရဲတင်းတင်း ဝင်လာကြလေ၏။ မိုးဟိန်းတို့သည် သူတို့နှစ်ယောက်ကို ဂရုမစိုက်သလို ဟိုလုပ်ဒီလုပ် နေကြ၏။ ထိုလူနှစ်ယောက်သည် သူတို့စားလိုသည်ကို ရွေးချယ်နေကြ၏။

မိုးဟိန်းက ဗိုင်လောက်သည့်ထဲမှ တစ်ယောက်ကို ဓားဖြင့် လှမ်းထိုးလိုက်လေ၏။ ခင်သီတာကလည်း၊ သူမ အနီးမှလူကို ဓားဖြင့် လှမ်းထိုးလိုက်၏။ နှစ်ယောက်စလုံး၊ အဝိုက်မိသွားသည့်အတွက်ကြောင့် နှစ်ဦးစလုံး၊ ငြိမ်သက်သွားကြ၏။

"သူတို့ဝတ်စုံတွေက ရယ်စရာကောင်းတယ်နော်"

"အင်း"

မှန်တော့လည်း မှန်ပေ၏၊ သူတို့ဝတ်ဆင်ထားပုံက ဇာတ်ထဲမှနတ်များ၊ ဝတ်ဆင်ထားပုံနှင့် အလားတူ၏၊ အရောင်လည်း တဖိတ်ဖိတ်တောက်နေလေ၏။

မိုးဟိန်းတို့သည် သူတို့မုန့်မျိုးကို ကျွန်းပေါ်သို့ စတင်ရောက်စဉ်က တစ်ကြိမ်မြင်ဖူးထားသဖြင့် အဆန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ချေ။ သည်ကျွန်းပေါ်တွင် ပုံစံအမျိုးမျိုး ဝတ်ဆင်ထားကြသည်ကို မိုးဟိန်းက သိနေ၏။

စောစောကတွေ့သောရဲမက်တို့သည် အဆင့်မြင့်ကြောင်း သူတို့ ဝတ်ဆင်ထားသည်က သက်သေထူလျက်ရှိ၏။

မိုးဟိန်းတို့နောက်သို့ လိုက်ဖမ်းနေသူတွေက အာဏာပါးကွက်သားများနှင့် တူလှ၏။ ထိုသူတို့ကလည်း အဆင့်ခြားကာ ခွဲခြားထားခြင်းဖြစ်ပေလိမ့်မည်ဟု မိုးဟိန်းက တွေးမိ၏။

နောက်နန်းတော်အတွင်းသို့ မိုးဟိန်းတို့ ရောက်စဉ်က တွေ့ရသော အစောင့်များသည်လည် အဆင့်တစ်မျိုး ဖြစ်လေ၏။

သူတို့သည် မင်းသားကလေးများကဲ့သို့ ဝတ်ဆင်ထားကြလေ၏။ ခေါင်းပေါင်းနှင့် စလွယ်သာ မပါရှိခြင်းဖြစ်လေ၏။ စောစောက စကားပိုင်းတွင် ခေါင်းပေါင်းနှင့် စလွယ်ပါသော မောင်စိန္တာကို မိုးဟိန်းတို့က မြင်တွေ့ဖူးပြီ





ဖြစ်၏။ သူသည် မင်းဆွေမင်းမျိုးဆိုသည်ကို မိုးဟိန်းက ကောင်းစွာနားလည်ထားလေ၏။

"ဇာတ်ပွဲထဲက နတ်တွေနဲ့မတူဘူးလား မောင်"

"ဟုတ်တယ် ဒီကျွန်းပေါ်က လူထူးဆန်းတွေဟာ ပုံစံအမျိုးမျိုး ရှိကြတယ်။ သူတို့နှစ်ယောက်ကိုတော့ မောင်တို့ နတ်ပြည်ပို့ပေးလိုက်ပြီလေ။ တချို့လူထူးဆန်းတွေက စရိုက်ကြမ်းတယ်"

"ဟယ် . . . ကြောက်စရာကြီး"

"ဟုတ်တယ် သီတာ။ ယဉ်ကျေးတဲ့သူတွေလည်း ရှိတယ်။ ကြမ်းတမ်းတဲ့သူတွေလည်း ရှိတယ်။ မယဉ်မရိုင်းတွေလည်း ရှိတယ်။ တစ်နည်းပြောရရင် သူတို့တစ်တွေဟာ နန်းတွင်းသူ၊ နန်းတွင်းသား၊ မင်းဆွေမင်းမျိုး၊ ဝန်ကြီးအမတ်စစ်သူကြီး၊ ရဲမက်၊ အရပ်သူအရပ်သားဆိုပြီး ခွဲခြားထားပုံရတယ်။ ဒါကြောင့်လည်း စုဝေးနေကြတယ်။ ဒီနှစ်ယောက်ကတော့ အဆင့်တစ်မျိုးပဲ။ သို့ပေမယ့် သိပ်မြင့်တဲ့အဆင့်ထဲကတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . မောင်ရယ် ဘာဖြစ်ဖြစ် သီတာ တို့ လွတ်မြောက်ရေးအတွက်တော့ လုပ်ရမှာပဲ"

မိုးဟိန်းတို့သည် တားသောက်ခန်းထဲမှ ထွက်ခွာ လာခဲ့ကြလေ၏။

လှေကြီးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ အချိန်ကာလည်း တစ်စထက်တစ်စ ညဉ့်နက်လာသည့် အတွက် အစောင့်များ၏ လှုပ်ရှားမှုများကို တစ်ခါတစ်ရံ ကြားရရုံမှအပ တခြားအသံများကို မကြားရတော့ချေ။

မိုးဟိန်းနှင့် ခင်သီတာတို့သည် အခန်းကြီး တစ်ခန်းထဲသို့ဝင်ပြီး မှောင်ရိပ်ခိုကာ ငြိမ်သက်နေမိကြလေ၏။ အချိန်အတော်ကြာအောင် ငြိမ်သက်နေပြီးမှ မိုးဟိန်းနှင့် ခင်သီတာတို့သည် အခန်းထဲမှ ထွက်လာခဲ့ကြလေ၏။

ယခုတစ်ကြိမ်တွင် သူတို့သည် တခြားအခန်းသို့ မသွားကြတော့ချေ။ သူတို့နှစ်ယောက်သည် မောင်စိန္တာရှိ ရာသို့ တမင်ရွေးချယ်ပြီး လာခဲ့ကြခြင်းဖြစ်လေ၏။

ထိုသို့ ရွေးချယ်သွားခြင်းကလည်း အကြောင်းရှိ





လေ၏။ သူတို့နှစ်ယောက်သည် မောင်စိန္တာနှင့် ရင်ဆိုင်ရပါက သူတို့လုပ်ချင်သည်ကို လုပ်နိုင်မည်ဖြစ်သည်ဟု ယူဆထားသောကြောင့်ဖြစ်လေ၏။

ဖြစ်တော့ ဖြစ်နိုင်စရာ အကြောင်းရှိလေ၏။ မောင်စိန္တာသည် ဤလှေကြီးတွင် သူက အကြီးအကဲဖြစ်လေ၏။ ရဲမက်တွေက သူ့လက်အောက်တွင် ဖြစ်လေ၏။

"သီတာ"

"မောင်"

"ဒီအတိုင်းဆိုရင် မောင်တို့ အောင်ပွဲခံရမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ မောင်ရယ်"

ခင်သီတာက အားတက်သရော မေးလေ၏။

"တခြားကြောင့်တော့ မဟုတ်ပါဘူး။ မောင်တို့ အခုလောက်အထိ ဒီလှေကြီးထဲမှာ လှုပ်ရှားခွင့်ရနေတဲ့ အတွက်ကြောင့် မောင်တို့က အောင်နိုင်ဖို့ သေချာသလို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပဲ သီတာတော့ ဆုတောင်းနေမိတယ် မောင်"

"ဖြစ်နိုင်အောင်တော့ မောင်တို့ ကြိုးစားနေကြတယ်"

"အင်းလေ"

နှစ်ယောက်သား စကားကိုရပ်ကြပြီးနောက် ရှေ့အခန်းတစ်ခန်းသို့ ဆက်လက် တိုးကပ်သွားကြပြန်လေ၏။ သူတို့သည် အခန်းပေါင်း အဘယ်မျှကို ဖြတ်သန်းခဲ့သည်ကိုလည်း မရေတွက်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် မိုးဟိန်းတို့နှစ်ယောက် ဖြတ်သန်းလာခဲ့ရသော အခန်းပေါင်း အဆောင်ပေါင်းသည် အလွန်ပင်များပြားလှချေ၏။

မည်သို့ပင်ဖြစ်စေတော့ မိုးဟိန်းတို့သည် ယခုအချိန်အထိ ဘေးမသီ ရန်မခသေးဘဲ အောင်ပွဲဆက်လက်ဆင်နွှဲနေနိုင်ခြင်းအတွက် ကံကောင်းနေသည်ဟု ဆိုရမည်ဖြစ်၏။





ထိုသို့ဆက်လက် အောင်ပွဲရခဲ့သော မိုးဟိန်းနှင့် ခင်သီတာတို့သည် လွတ်မြောက်ရေးအတွက် ထွက်ပေါက်ကို ရခြင်းမှတစ်ပါး တခြားဖြစ်နိုင်စရာ အကြောင်းမရှိတော့ပါချေ။

"မောင်"

"သီတာရယ်"

"တကယ်လို့ သီတာတို့ ဒီလှေကြီးကို ပိုင်ဆိုင်လိုက်ကြရင် ရိက္ခာတော့လိုမယ်နော် မောင်"

မုန့်ဆီကြော်က အနှံ့လောက်သာရသေး၏။ မိုးဟိန်း၏ ချစ်လှပါသည်ဆိုသော ခင်သီတာက နှုတ်ခမ်းနာပြနေလေ၏။ မိုးဟိန်းက အသံအုပ်အုပ်ကလေးထွက်အောင် ရယ်မောရင်း . . .

"မစိုးရိမ်ပါနဲ့ သီတာရယ်။ မောင်တို့ ကံပေးလာပြီပဲကွယ်။ ရိက္ခာဆိုတာလည်း အပြည့်အစုံ ဖြစ်လာရမှာပေါ့ မဟုတ်ဘူးလား"

"မောင် ဘုန်းကံကြောင့်ဆိုတာကို သီတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေပါတယ် မောင်ရယ်"

"ကဲ . . . သီတာ မောင်တို့ရှေ့ကအခန်းကို ချောင်းကြည့်ရအောင် စိန္တာအခန်းဆိုရင်တော့ မောင်တို့ အနိုင်ရဖို့ ပိုသေချာသွားပြီ"

"တွေ့ပါစေသား မောင်ရယ်"

"တွေ့စေသား"

ဆုတောင်းကြပြီးနောက်တွင် သူတို့ရှေ့သို့ တိုးသွားကြပြန်၏။ အတော်ကလေး သွားမိသောအခါ အခန်းဝသို့ သူတို့ရောက်လာကြ၏။ မိုးဟိန်းကလည်း အခန်းဝမှနေ၍ အခန်းထဲသို့ ချောင်းကြည့်၏။ မိုးဟိန်း တုန်လှုပ်သွား၏။ အခန်းအတွင်းတွင် ကြီးမားသော မြွေကြီးတစ်ကောင်ကို မြင်တွေ့လိုက်ကြရ၍ ဖြစ်လေ၏။

"သီတာ"

"မောင်"

"ဟို . . . ဟို အခန်းထဲမှ အလွန်ကြီးတဲ့ မြွေကြီး"

"ဟင်"





"ကြောက်စရာကြီး သီတာရယ် ပါးပျဉ်းထောင်နေတယ်"

"ဒီကပြေးကြရအောင်လား မောင်"

"ဟုတ်တယ် ပြေးရမယ်။ မြွေဆိုတာက သူတို့ကို ရန်မူမှ ပြန်ပြီးရန်မူတာ။ အခု မောင်တို့က ချောင်သွားရင် သူတို့က ရန်မူမှာ မဟုတ်ဘူး"

"လာ မောင် ဒီဘက်ကအခန်းတွေကို ကြည့်ရအောင်"

"အင်း . . . ဟုတ်တယ်"

နှစ်ယောက်သား ချောင်တိမ်းခဲ့ကြလေ၏။ ထို့နောက် မိုးဟိန်းနှင့် ခင်သီတာတို့သည် တခြားအခန်းများသို့ ရောက်သွားကြပြန်၏။ အခန်းတစ်ခန်းထဲတွင် လူသုံးယောက်အိပ်ပျော်နေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ မိုးဟိန်းနှင့် ခင်သီတာက အခန်းထဲသို့ ဝင်ကာအိပ်ပျော်နေသူ သုံးယောက်ကို တိုက်ခိုက်လိုက်လေ၏။

ထိုအခန်းမှထွက်ပြီး အခန်းသုံးခန်းအား လွန်လာ



www.burmeseclassic.com

www.burmeseclassic.com



သော် အလွန်လှပကျယ်ဝန်းသော အခန်းတစ်ခုထဲသို့ မိုးဟိန်းနှင့် ခင်သီတာတို့ ဝင်လာခဲ့ကြ၏။ ထိုအခန်းမှာ မောင်စိန္တာ၏ အခန်းဖြစ်နေသဖြင့် မိုးဟိန်းနှင့် ခင်သီတာတို့ ဝမ်းသာသွားမိကြ၏။

မောင်စိန္တာက အတော်အအိပ်ဆတ်သူဟု ဆိုရပေမည်။ ဘာကြောင့်ဆိုတော့ မိုးဟိန်းနှင့် ခင်သီတာတို့ အခန်းထဲသို့ ဝင်မိသည်နှင့် မောင်စိန္တာက အိပ်ရာမှ လူးလဲထကာ လက်သုံးတော်ဓားကို ဆုပ်ကိုင်ထားပြီး ဖြစ်လေ၏။

"မလှုပ်နဲ့"

မိုးဟိန်းက သေနတ်နှင့် ချိန်ရွယ်ထားရင်းပြော၏။

"မောင်မင်းက ဘယ်သူလဲ"

ရဲမက်အဝတ်အစား ဝတ်ဆင်ပြီး သေနတ်ကိုင်ထားသော မိုးဟိန်းနှင့် ခင်သီတာတို့ကို မောင်စိန္တာက စူးရှသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေရင်းမှ မေး၏။

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာပြောဖို့ မလိုဘူး။ ကိုယ်တော်ကလေးက အေးအေးဆေးဆေးနဲ့ လက်ထဲမှာ





ကိုင်ထားတဲ့ ဓားကိုချလိုက်ရင် ကိုယ်တော်ကလေး သေစရာအကြောင်း မရှိပါဘူး"

"မင်းမျိုးမင်းနွယ်ရဲ့ သွေးကွဲ။ မောင်မင်းရဲ့ လက်ထဲက အရာဝတ္ထုဟာ ကျုပ်ဓားလောက် စွမ်းပါ့မလားဆိုတာ စမ်းကြည့်စမ်း"

မောင်စိန္တာသည် သူ့စကားဆုံးသည်နှင့် သိုင်းကွက်ဟန်ဖြင့် လွှားခနဲ ခုန်ကာ တိုက်ခိုက်နေလေတော့၏။ ပထမတော့ မိုးဟိန်းက သေနတ်ဖြင့်ပစ်ရန် စိတ်ကူးလိုက်သေး၏။ သို့သော်လည်း ချက်ချင်းပင် သတိရကာ ပစ်ခတ်ခြင်းမပြုတော့ဘဲ ဘေးသို့ရှောင်တိမ်းပေးရင်း မောင်စိန္တာ၏ ဦးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်၏။

သို့သော်လည်း မောင်စိန္တာက လူညံ့တစ်ယောက်မဟုတ်သည့်အတွက် မိုးဟိန်းက တိုက်ခိုက်သည်နှင့် တစ်ဖက်သို့ ဆတ်ခနဲလှည့်ထွက်ရင်း မိုးဟိန်းကို ဓားဖြင့် ထွတ်ပစ်လိုက်၏။ မိုးဟိန်း၏ခါးမှ သွေးတွေရဲခနဲ ထွက်ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာက မိုးဟိန်းသွေးတွေ ထွက်နေသည်ကို မြင်ပေမယ့် မလှုပ်ရှားရဲချေ။ သူမသည် အတွေ့အကြုံနည်းသူပီပီ ကြောက်အားလန့်အားဖြင့် အော်လိုက်မိလေ၏။

မိုးဟိန်းက အားမလျှော့ချေ။ ရရှိထားသော ဒဏ်ရာကိုလည်း ဂရုမစိုက်မှုချေ။ သေနတ်မှ ကျည်ဆံတစ်တောင့်ကို ပစ်လွှတ်လိုက်၏။ မိုးဟိန်းပစ်လွှတ်လိုက်သော ကျည်ဆံသည် အရှောင်အတိမ်းကောင်းသော မောင်စိန္ဒာ၏ လက်မောင်းကိုသာ ထိသွား၏။

ထိုသို့ သေနတ်ထိမှန်သွားသော မောင်စိန္ဒာသည် အခန်းအပြင်သို့ အလျင်အမြန် ပြေးထွက်သွားပြီး . . .

"ရန်သူ"

ဟု သူ၏ရဲမက်များကို အော်ဟစ်သတိပေးလိုက်၏။ မိုးဟိန်းက နောက်မှ ပြေးလိုက်ရင်း မောင်စိန္ဒာကို သေနတ်ဖြင့် ပစ်၏။ သို့သော် မောင်စိန္ဒာက တစ်ဖက်အခန်းထဲသို့ ပြေးဝင်သွား၏။

"သီတာ"





"မမှာင်"

"ရန်သူတွေရှင် သေနတ်နဲ့ ရဲရဲတင်းတင်းသာပစ် ဒါနောက်ဆုံး အဆက်လုပွဲသာ ဖြစ်တော့တယ်"

"မှောင်ရဲ့ သီတာ့ရင်ထဲမှာ သိပ်စွန့်နေတယ်"

"အတွေ့မြှေ့းစမ်းပါ သီတာရဲ့"

မိုးဟိန်းက အားပေးရင်း နစ်ယောက်သား တစ်ဖက်ခန်းသို့ အမြန်ပင် ကူးပြေးကြလေ၏။ ထိုအခါမှ မီးရောင်များက မိုးဟိန်းတို့အနားသို့ ရောက်လာလေတော့၏။

မိုးဟိန်းသည်အချိန်ဆိုင်းမနေတော့ ကျည်ဆံများကို ပစ်လွှတ်လိုက်မိ၏။ ထိုအခါ လူသုံးလေးယောက် ခွေလဲကျသွားသော်လည်း ကျန်လူများသည် အသေခံသေနားများအလား အတင်းပြေးဝင်လာကြ၏။

မိုးဟိန်းနှင့် ခင်သီတာတို့လည်း ပြေးကြလေ၏။ အခန်းသုံးလေးခန်းသို့ ပြေးမိသည်နှင့် မိုးဟိန်းနှင့် ခင်သီတာတို့ တစ်ဦးနှင့်တစ်ဦး ကွဲကွာသွားကြ၏။

ရန်သူရဲမက်တွေက နေရာတိုင်းမှာ ဝိုင်းရံပြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေကြလေ၏။ သို့ဖြစ်၍ မိုးဟိန်းနှင့် ခင်သီတာတို့ စုဝေးရန် မဖြစ်နိုင်ကြတော့ချေ။

မိုးဟိန်းက တစ်ဖက်သို့ လူရိပ်ပြပြေးရင်း ခင်သီတာကို လွတ်အောင်ဖန်တီးပေးလိုက်ခြင်းဖြစ်၏။ နောက်ဆုံးတွင် မိုးဟိန်းသည် စားဖိုခန်းထဲသို့ ဘယ်လိုက ဘယ်လို ရောက်သွားမှန်းမသိ ရောက်သွားလေ၏။ ခင်သီတာတစ်ယောက် ဘယ်လိုအခြေအနေတွင် ရှိနေသည်ကို မိုးဟိန်း မသိတော့ချေ။ တွေးလည်း တွေးမရတော့။

အကြောင်းမှာ မိုးဟိန်းစားဖိုဆောင်ထဲသို့ ရောက်သည်နှင့် ရန်သူ့ရဲမက်များကလည်း မိုးဟိန်းကို ဝိုင်းထားလိုက်ကြပြီဖြစ်၏။

ထိုအချိန်တွင် တစ်နေရာမှ သေနတ်သံများကို ကြားလိုက်ရ၏။ ခင်သီတာ၏ အော်ဟစ်သံကိုလည်း ကြားရလေ၏။ မိုးဟိန်းသည် ခင်သီတာ၏အော်သံကို ကြားလျှင် ချောင်းခိုပြီး အခြေအနေကို ကြည့်နေရာမှ အပြင်သို့ ရဲရဲတင်းတင်း ထွက်လိုက်၏။ သေနတ်မှ ကျည်ဆံတို့ကိုလည်း





သက်စောင့်သာထားပြီး အပြင်သို့ ထွက်လိုက်၏။ ထို့အပြင် မိုးဟိန်းက ဓားကိုလည်း အသုံးချလေ၏။

မည်သို့ပင်ရှိစေ၊ မိုးဟိန်းသည် ခင်သီတာရှိရာသို့ ရောက်မသွားချေ။ မိုးဟိန်းသည် အခန်းတစ်ခုထဲသို့ ရောက်သွားရပြန်၏။

ထိုအခန်းထဲသို့ မိုးဟိန်း ရောက်သွားသည်နှင့် ရန်သူ့ရဲမက်များကလည်း မိုးဟိန်းနောက်သို့ ထပ်ချပ်မကွာ လိုက်လာကြ၏။

မိုးဟိန်းက တစ်ယောက်ချင်း ခုခံတိုက်ခိုက်၏။ ကြာတော့ ဓားကိုင်ထားသောလက်သည် ဓားကို မကိုင်နိုင်ပါလေတော့။ မိုးဟိန်း၏ ဝမ်းဗိုက်တွင် ထိခိုက်ထားသော ဒဏ်ရာသည် ကြာလေသွေးထွက်များလေဖြင့် မျက်လုံးများ ပြာဝေလာ၏။ ခြေလက်များ မသယ်ပိုးနိုင်ခြင်းကြောင့် ယခုကဲ့သို့ အခြေအနေဆိုးဝါးလာခြင်းဖြစ်၏။

နောက်ဆုံးတွင် မိုးဟိန်းသည် ရပ်နေရာမှ ပုံလျက်သား ခွေလဲကျသွား၏။ သတိလည်း မရတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရတစ်ချက်ဖြင့် နောက်ဆုံးတွင် မိုးဟိန်းတစ်ယောက် သတိမေ့မြောသွားလေတော့၏။

×××

## အခန်း(၈)

## ရန်သူလက်တွင်းကျရောက်သွားခြင်း

မိုးဟိန်း သတိပြန်ရလာသောအခါမှာတော့ မိုးဟိန်းသည် ရန်းကန်တိုက်ခိုက်ခြင်းကို မပြုလုပ်တော့ချေ။ ရုန်းကန်တိုက်ခိုက်ခြင်းကို လုပ်နေလည်း အပိုသက်သက်ဖြစ်နေမည်ကို မိုးဟိန်းက နားလည်သဘောပေါက်ထား၍ ဖြစ်လေ၏။

ထို့ကြောင့် မိုးဟိန်းသည် အားလုံးကို လိုက်လံကြည့်ရှုပြီး အကျဉ်းသားပမာ ငြိမ်သက်နေမိ၏။

"မောင်မင်း၊ သခင်မလေးရဲ့သစ္စာတော် ခံမလား"

သခင်မလေး။

မိုးဟိန်း မနေ့က တွေ့မြင်ခဲ့ရသော သခင်မလေး။





အချောအလှသခင်မလေး။

မိုးဟိန်းသည် သခင်မလေးဆိုသည့် အသံကို ကြားသည်နှင့် အာဆေးမိသလို ဖြစ်သွားလေ၏။ ဘာဆိုဘာမှ ပြန်မပြောနိုင်ပါလေတော့။ အားလုံးကို ကြည့်နေရသော်လည်း မိုးဟိန်း၏ မျက်ဝန်းအိမ်ထဲတွင် မြင်နေရသည်က သခင်မလေး၏ မျက်နှာ။ သို့မဟုတ် ကျွန်းသခင်မ အချောအလှ။

မိုးဟိန်း၏ တစ်သက်တာတွင် တစ်ခါမှ မမြင်ဘူးသော အလှဘုရင်မလေး။

မိုးဟိန်း၏ ဘဝတစ်သက်တာတွင် ယခုလိုလှပသော အလှမျိုးကို မမြင်ဘူးသေးချေ။ နောင်တွင်လည်း ယခုလို လှပသောအလှမျိုးကို မြင်နိုင်ဖို့ လမ်းမမြင်။ တစ်လောကလုံးတွင် သခင်မသည်သာ အလှဆုံး။

မိုးဟိန်း မမြင်ရလျှင် မနေနိုင်အောင်ဖြစ်ရသော သခင်မပါပေ။ သခင်မ လှသောကြောင့်လား မသိပါလေ။ ယခု မိုးဟိန်း၏ဘေးတွင် ဝိုင်းရံထားကြသော သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရာဇဝင်ဇာတ်ကားများတွင် မြင်ရသော အချော အလှယောက်ျားပီသသည့် သူများ၏ ရုပ်ရည်မျိုးတွေချည်းပဲ ဖြစ်နေ၏။

ထို့ကြောင့် မိုးဟိန်းသည် သူတို့ကို ကြောက်ရမှန်းလည်း မသိချေ။ လန့်ရမှန်းလည်း မသိချေ။ ယခု လောလောဆယ်တွင် မြင်ချင်နေမိသည်က သခင်မလေးဖြစ်၏။

သခင်မကိုသာ တမ်းတနေသောကြောင့် မိုးဟိန်းတွင် ချို့ယွင်းချက်တွေက မုန်းစရာကောင်းအောင် ဖြစ်လာ၏။ မိုးဟိန်းသည် သူ၏ သေဖော်ရှင်ဘက်များကို သတိမရတော့ချေ။ အခု မကြာသေးမီကပင် မိုးဟိန်းနှင့် အတူရှိနေသော ခင်သီတာကိုလည်း သတိမရပါလေတော့။

ခင်သီတာ သေပြီလား အသက်ရှင်လျက်ရှိနေသေးလားဆိုသည်ကိုပင် မိုးဟိန်း မတွေးတော့။ သတိမပြုတော့။

သခင်မအလှတို့က မိုးဟိန်း၏ စိတ်အာရုံကို ဖမ်းစားနေခြင်းကိုသာ မိုးဟိန်းက သာယာမိစွာ ခံစားနေမိ၏။





"မောင်မင်း ကျုပ် မေးနေတယ်။ မောင်မင်း သခင်မရဲ့ သစ္စာတော်ခံမလားဆိုတာကို လျှောက်တင်စမ်း"

ယခုအကြိမ်မှာတော့ မိုးဟိန်းက သူ့ကိုမေးနေသူကို အသေအချာကြည့်လိုက်၏။

"မောင်မင်းစကား ပြောတတ်သလား"

"ဟုတ် . . . ဟုတ်ကဲ့"

"မောင်မင်း အကြောင်းတွေကို လျှောက်တင်စမ်း"

"ကျွန် . . . ကျွန်တော်"

"ဟဲ့ . . . မောင်မင်း သင့်စကားတွေ ပြင်ပြောစမ်း မောင်မင်း။ အခု လျှောက်တင်တဲ့နေရာမှာ ကျွန်တော်ဆိုတာ ဘာလဲ။ ပြင်ပြီးလျှောက်တင်စမ်း"

အမတ်ကြီး ဝတ်စုံကို ဝတ်ဆင်ထားသောသူက စကားကို တစ်လုံးချင်းပြောနေ၏။ ကြမ်းတမ်းခြင်း မရှိချေ။ မိုးဟိန်းတို့တွေ့ခဲ့သမျှ လူတွေထဲမှာတော့ အလွန်သိမ်မွေ့သူဖြစ်၏။ သူသည် ဤကရုဝိတ်လှေကြီးပေါ်တွင် အရေးပါသူဖြစ်နေသလို သခင်မ၏ အရေးပါသူလည်း ဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်တင်စမ်း"

မိုးဟိန်းသည် တခြားသူများကို လိုက်လံကြည့်ရှု နေ၏။ တခြားသူများထဲတွင် နန်းတွင်းသူနန်းတွင်းသားပမာ ဝတ်ဆင်ထားသူများကိုလည်း တွေ့ရလေ၏။ အရပ်သူ အရပ်သားတွေ ဝတ်ဆင်သလို ဝတ်ဆင်ထားသူများကို လည်း တွေ့ရ၏။

သို့သော်ဇာတ်ထဲက အငြိမ့်ထဲကလိုတော့ အရောင် တွေ တောက်ပြောင်ခြင်းမရှိ။ ပြီးတော့လည်း အဝတ်အစား တွေက ဇာတ်ထဲကလို ခေတ်မီခြင်းမရှိ။ အလွန်ခေတ် နောက်ကျသော အဝတ်အစားမျိုးတွေ ဖြစ်နေ၏။

"ကျွန်တော်မျိုး ကျွန်တော်မျိုး လျှောက်တင်ပါ မယ်"

"အိမ်း . . . လျှောက်တင်စမ်း"

မိုးဟိန်းခမျာ ယခုမှ ဇာတ်ထဲမှာ ရာဇဝင်ဇာတ် တစ်ခု ဝင်ရောက်ကပြနေရသလို သရုပ်ဆောင်လိုက်ရ တော့၏။





"ကျေးတော်မျိုး ကျွန်တော်မျိုးသည် ပင်လယ်ထဲ တွင် ခရီးသွားရင်း စက်လှေပျက်သည့်အတွက်ကြောင့် ပင် လယ်ထဲမှာ အသက်ကယ်လှေနဲ့ မျောပါရင်း ဒီကျွန်းပေါ်သို့ ရောက်လာရခြင်း ဖြစ်ပါသည် ဘုရား"

မိုးဟိန်းစကားကို အားလုံးက နားမလည်ကြသလို လို ဖြစ်နေကြလေ၏။ မိုးဟိန်းကိုလည်း သူတို့က လူထူး လူဆန်းသဖွယ် ကြည့်နေကြလေ၏။

"မောင်မင်း"

"ဗျာ"

"အရပ်သုံးစကားနဲ့ မပြောနဲ့"

"ဘုရား"

"အိမ်း . . . မောင်မင်းဖြေတဲ့ စက်လှေတို့ အသက် ကယ်လှေတို့ဆိုတာက ဘာတွေလဲ"

"စက်တပ်ပြီး သွားလာနိုင်တာကို ပြောတာပါ ဘုရား"

"စက်ဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေထဲမှာ ချားရဟတ်လို လည်ပတ်ပြီး ရှေ့ကို သွားနိုင်အောင် လုပ်တဲ့ပစ္စည်းပါ ဘုရား"

"ထပ်ပြီး လျှောက်တင်စမ်း။ နားမလည်ဘူး။ စက်တပ်သွားတော့ ဘယ်လိုအကြောင်းထူးသလဲ မောင်မင်း"

"ယခု လျှောက်တင်ပါမည်။ ပောဒ္ဒီ လှေကြီးကို စက်တပ်ပြီး မောင်းနှင်ပါက လှော်ခတ်ရခြင်းမရှိဘဲ သူ့အာသာ သွားပါမည်။ အဲဒါကို စက်လှေဟု ခေါ်ပါသည်။ အသက်ကယ်လှေဆိုတာက ပင်လယ်ထဲတွင် ကြာရှည်မျောသွားနိုင်သော လှေတစ်မျိုးဖြစ်ပါသည် ဘုရား"

"အိမ်း . . . အိမ်း . . . သိပ်ဆန်းကျယ်တဲ့ အကြောင်းအရာတွေပါလား ဆက်လျှောက်စမ်း"

"အခုခေတ် ဘုန်းရှင်ကံရှင် အရှင်ဘုရင်တွေ စိုးမိုးတဲ့ ခေတ်မဟုတ်ကြောင်း လျှောက်တင်လိုပါသည် ဘုရား"

"ဘာ"

အားလုံး၏ တစ်ညီတစ်ညာတည်း ထွက်ပေါ်လာသော အသံက မာကြောနေ၏။ သူတို့သည် မိုးဟိန်းပြော





သော စကားကို အထူးအဆန်းသဖွယ် နားထောင်ရင်း အံ့ဩသွားကြခြင်း ဖြစ်လေ၏။

"ပုဂံမင်းဆက်အစ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ သီပေါအဆုံး ရာဇဝင်သမိုင်း ခေတ်အဆက်ဆက်တို့သည် ကုန်ဆုံးသွားပြီ ဖြစ်ပါကြောင်း လျှောက်တင်လိုပါသည် ဘုရား"

မိုးဟိန်းစကားကြောင့် အားလုံး မျက်လုံးပြူးသွားကြ၏။

"မောင်မင်းဟာ တယ်ထူးဆန်းတဲ့ လူပါလား"

ကျွန်းပေါ်မှ လူများကို လူထူးဆန်းတွေဟု သတ်မှတ်ခဲ့သော မိုးဟိန်းတို့ကို သူတို့က လူထူးဆန်းဟု ထင်မှတ်နေကြ၏။ မိုးဟိန်းက အားတက်လာ၏။ ထိုအချိန်တွင် ရဲမက်သုံးယောက်က ခင်သီတာကို ဖမ်းဆီးခေါ်ဆောင်လာလေ၏"

ခင်သီတာက မိုးဟိန်းကို မြင်သည်နှင့် ပြေးဖက်၏။ အခုမှ မိုးဟိန်းသည် ခင်သီတာကို ပြန်လည် သတိရ



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ခင်သီတာအား ပြန်လည်ပွေ့ဖက်ထားလိုက်၏။

"မောင် . . . မောင်ရယ်"

"သီတာ"

"မောင်"

"သီတာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ခေါ်မဝအောင်ဖြစ်နေကြ၏။ လောလောဆယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေကိုပင် သူတို့ မေ့သွားကြ၏။

"မောင်မင်း"

"ဘုရား"

"မောင်မင်းနဲ့ သူက တစ်စုထဲလား"

"မှန်လှပါ"

"အိမ်း . . . စောစောက မောင်မင်းပြောခဲ့တာတွေကို ပြန်လျှောက်စမ်း"

မိုးဟိန်းက ချက်ချင်းမပြောသေးချေ။ အားလုံးကို တစ်ယောက်စီ လိုက်လံကြည့်ရှုနေမိ၏။ ဝိုင်းထားသူတွေထဲ





တွင် မိုးဟိန်းထက် အရပ်နိမ့်သူ တစ်ယောက်မှ မရှိချေ။ အားလုံးသည် အရပ်အမောင်း အလွန်ကောင်းကြ၏။

မိုးဟိန်းလက်ချက်ဖြင့် ဒဏ်ရာရထားသော မောင်စိန္တာသည် အားလုံးထဲတွင် အလွန်ချောမောသူ ဖြစ်လေ၏။ မောင်စိန္တာက မိုးဟိန်းနှင့် ခင်သီတာတို့ကို သေသေချာချာ ကြည့်နေလေ၏။

"မောင်မင်းတို့ ရန်သူတွေကို မိတိုင်း အစုလောက် အမေးအမြန်းလုပ်ချိန် မရခဲ့ဘူး။ မောင်းမင်းတို့လောက်လည်း သူတို့က မသိမ်မွေ့ခဲ့ကြဘူး။ အိမ်း . . . မောင်မင်းတို့အထဲက တစ်ယောက်ဟု ထင်ရတဲ့ ရန်သူတစ်ယောက်ကတော့ သွေးလေချောက်ချားပြီး စိတ်ဝေဒနာသည် ဖြစ်နေရှာတယ်"

အမတ်ကြီးက ထိုသို့ပြောလိုက်သည်နှင့် မိုးဟိန်းတို့က အသက်ရှင်နေသူမှာ မည်သူဖြစ်သည်ကို ကောင်းစွာနားလည်သွားလေ၏။ သူသည် တခြားသူ မဖြစ်နိုင်ပါချေ။ ကျောက်ဒိုးသာ ဖြစ်လေသည်။ သူတို့အထဲတွင် ကျောက်ဒိုး



www.burmeseclassic.com

www.burmeseclassic.com



သည် အကြောက်လွန်ကဲလေသူ မဟုတ်လား။

"သူ့ကိုတော့ အခုအချိန်အထိ မကွပ်မျက်ရသေးဘူး။ ဘာကြောင့်လဲဆိုရင် သခင်မက အမိန့်မထုတ်ပြန်သေးလို့ ဖြစ်ပေတယ်"

"မှန်လှပါဘုရား ကျွန်တော်မျိုး အပြည့်အစုံထပ်လျှောက်တင်လိုပါသေးသည်။ ကျွန်တော်မျိုးသည် အရှင်သခင်မထံပါး အခစားဝင်ပြီး အကြောင်းစုံကို လျှောက်တင်လိုပါသေးသည် ဘုရား"

မိုးဟိန်းက ခင်သီတာကို တင်းကျပ်စွာဖက်ထားရင်းက ရဲဝံ့စွာ လျှောက်တင်လိုက်၏။ အားလုံးသည် မိုးဟိန်းကို အထူးအဆန်းသဖွယ် ကြည့်နေကြလေ၏။

"အိမ်း . . . အိမ်း . . . မောင်မင်းဟာ ပြောရဲဆိုရဲတဲ့ သတ္တိထူးရှိပေတယ်။ သခင်မကို ကျုပ်ကိုယ်တိုင်လျှောက်တင်ပေးမယ် မောင်မင်း။ အခု လျှောက်တင်လိုသည်ကိုသာ လျှောက်တင်စမ်း"

မိုးဟိန်းမှာ အားတက်သရော ဖြစ်သွားလေ၏။





"ဤကျွန်းတော်မြစ်တွင် တည်ရှိကုန်သော လူသားအားလုံးနှင့် ကျွန်တော်မျိုးတို့သည် မျိုးတူလူသားများသာ ဖြစ်ပေသည်။ သို့သော်လည်း ဤ ကျွန်းတော်မြစ်မှ လူသားတို့သည် မြန်မာပြည်၏ အချက်အချာကျသောနေရာ၏ အလွန်ဝေးသောနေရာတွင် ထီးတည်းကြီး ရောက်ရှိနေသည့်အတွက်ကြောင့် မျိုးတူလူသားအချင်းချင်း တစ်တိုင်းပြည်ထဲတွင် နေကြသူအချင်းချင်း အမြင်များ မှားယွင်းနေခြင်းဖြစ်ကြောင်း လျှောက်ထားလိုပါသည် ဘုရား"

မိုးဟိန်းက စကားကို ခဏရပ်လိုက်၏။ အားလုံးသည် မိုးဟိန်းကိုကြည့်ရင်း ခေါင်းညိတ်နေကြ၏။ မိုးဟိန်းက ကောင်းစွာ နားလည်လိုက်၏။

ယခု မိုးဟိန်းပြောဆိုနေသည်ကို နားထောင်နေကြသော သူများသည် စောစောပိုင်းက မိုးဟိန်းတွေ့ရှိခဲ့သော သူများနှင့်စာသော် အလွန်သိမ်မွေ့လေ၏။

လူသတ်အာဏာပါးကွက်သားအသွင် လူတွေနှင့်သူတို့ကွာခြားသည်ကလည်း သိပ်ထူးဆန်းသည်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါချေ။

"အိမ်း . . . တင်လျှောက်စရာရှိတာတွေကို တင်လျှောက်စမ်း"

"တင်လျှောက်လိုသည်က သီပေါမင်းဆက်သည် ရာဇဝင်သမိုင်း၏ နောက်ဆုံးမင်းဆက်ဖြစ်ပါသည် ဘုရား"

"အိမ်း . . . တင်လျှောက်စမ်း"

"သီပေါမင်းလက်ထက်တော်တွင် ကျွန်တော်မျိုးတို့၏ မြန်မာနိုင်ငံတော်သည် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ကြောင်းပါ ဘုရား"

"နယ်ချဲ့ဆိုတာ ဘယ်သူတွေလဲ"

အမတ်ကြီးက နားမလည်၍ မေးလာ၏။

"နယ်ချဲ့ဆိုတာ ကုလားဖြူတွေ ဖြစ်ကြောင်းပါ ဘုရား။ သူတို့သည် ကျွန်တော်မျိုးတို့၏ မြန်မာနိုင်ငံတော်ကို နှစ်ပေါင်းတစ်ရာကျော် အုပ်စိုးခဲ့ပါသည်။ ကျွန်တော်မျိုးတို့၏ နိုင်ငံတော်သူ၊ နိုင်ငံသားများသည် ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည် ဘုရား"





"အိမ်း"

အားလုံးသည် မိုးဟိန်း၏စကားတွင် နစ်မျောနေကြ၏။ ယခင်သောအခါက သူတို့ဖမ်းမိသူတို့သည် အကြောက်လွန်ကဲပြီး ထွက်ပြေးလွတ်မြောက်ဖို့ကိုသာ စဉ်းစားနေကြ ရုန်းကန်နေကြသည့်အတွက်ကြောင့် ယခုလို ရှင်းပြဖို့ စည်းရုံးဖို့ကို သတိမရကြခြင်း ဖြစ်ပေမည်။

သို့ဖြစ်၍ ယခု မိုးဟိန်းက ရှင်းလင်းပြောပြနေသည်တို့ကို သဘောကျစွာ စိတ်ဝင်စားစွာနားထောင်နေကြခြင်းဖြစ်လေ၏။

"ကျွန်ဖြစ်နေတာ အခုတိုင်ပဲလား မောင်မင်း"

"မဟုတ်ကြောင်းပါ ဘုရား။ နယ်ချဲ့တွေကို မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်တို့က ဦးဆောင်ပြီး ပြည်သူလူထုနဲ့အတူ နယ်ချဲ့ကို တိုက်ခိုက်ချေမှုန်းလို့ လွတ်လပ်သော မြန်မာနိုင်ငံတော်ဖြစ်နေပါပြီ ဘုရား"

"အခု ဘယ်လိုမင်းဆက်က ဆက်လက်အုပ်စိုးနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်မဟုတ်ကြောင်းပါ ဘုရား။ အခုခေတ်သည် ဖွံ့ဖြိုးတိုးတက်နေသော ခေတ်ဖြစ်နေပါပြီ ဘုရား။ ဤကျွန်းသည် မြန်မာနိုင်ငံတော်၏ နယ်ပယ်အတွင်းမှ ကျွန်းတစ်ကျွန်းသာဖြစ်သည့်အတွက် ဤကျွန်းမှ ကျွန်းသူကျွန်းသားတို့သည် ဘေးတွင်ဖယ်ချန်ရစ်ခြင်းမရှိဘဲ တိုင်းပြည်အတွက် ပါဝင်စည်းရုံးသင့်ပါကြောင်း လျှောက်ထားလိုပါသည် ဘုရား"

"မောင်မင်း"

"ဘုရား"

"မောင်မင်းသည် ကျုပ်တို့ကို ပရိယာယ်တွေနဲ့ လှည့်စားပြီး မျိုးဆက်ပြုတ်အောင် ဖြုတ်ဖို့ကြိုးစားနေပေသလော"

"မဟုတ်ကြောင်းပါ ဘုရား။ ယခုခေတ်သည် အားလုံးအတွက် အကျိုးပွားများစေသော ခေတ်ကြီးဖြစ်ပါသည်"

"မောင်မင်း အခု ကျုပ်တို့ကို စစ်တိုက်ဖို့လာသည်





မဟုတ်လော"

"မဟုတ်ကြောင်းပါ။ ကျွန်တော်မျိုးသည် စက်လှေပျက်သောကြောင့်သာ ဤကျွန်းသို့ ရောက်လာရခြင်းဖြစ်ပါသည် ဘုရား။ စစ်တိုက်ရအောင်လာခြင်း မဟုတ်ကြောင်းပါ။ ဤကျွန်းတွင် ထူးဆန်းသော ဘဘဘုရားတို့ရှိနေကြောင်းကိုလည်း မသိကြောင်းပါ ဘုရား"

"အိမ်း . . . မောင်မင်းသည် မှန်ကန်သော စကားကို ပြောဆိုသည်ဆိုအံ့ မောင်မင်းကို နံနက်မိုးသောက်တာနှံ့ သခင်မဆီသို့ ပို့ပေးမယ်"

"မှန်လှပါ ဘုရား။ ကျွန်တော်မျိုးပြောဆိုနေသော စကားများသည် မှန်ကန်သော သစ္စာစကားများသာ ဖြစ်ကြောင်း သစ္စာတိုင်တည်ရဲပါသည် ဘုရား"

"အိမ်း"

အမတ်ကြီးက သူ့စကားဆုံးလျှင် မိုးဟိန်းနှင့် ခင်သီတာတို့ကို အဆောင်တစ်ဆောင်ထဲတွင် ချုပ်နှောင်ထားခိုင်းလိုက်၏။ မိုးဟိန်းနှင့် ခင်သီတာတို့သည် ထားရာမှာ



www.burmeseclassic.com

www.burmeseclassic.com



နေ စေသလိုလုပ်ရန် လိုက်ပါသွားရလေတော့၏။

"ဂျိန်း"

အဆောင်တံခါးကို အပြင်မှတွန်း၍ပိတ်လိုက်၏။

"မောင်"

"သီတာ"

"မောင်ပြောတာတွေကို သူတို့နားလည်သဘော ပေါက်ကြရင် သိပ်ကောင်းမှာပဲနော်"

"ဟုတ်တယ် သီတာ သူတို့နားလည်ပေါက်ကြရင် မောင်တို့ သူတို့ကို ဒီကျွန်းကနေ ရန်ကုန်မြို့ကြီးအထိ ခေါ် သွားနိုင်မှာပဲ။ နောက်ပြီး သူတို့ဘဝကို မောင်တို့ အလင်း ရောင် ပေးနိုင်ကြမှာပဲ"

"ဟုတ်ပါတယ် မောင်ရယ်။ သို့ပေမယ့် သူတို့ အားလုံးနားလည်နိုင်ဖို့က သိပ်တော့မလွယ်ဘူး ထင်ပါ တယ်"

"အင်းလေ . . . ကြိုးစားကြည့်ကြတာပေါ့။ သူတို့ သဘောပေါက်နားလည်လာအောင် ကြိုးစားကြည့်ကြတာ





ပေါ့ သီတာရယ်"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားရင် အိပ်စက်မရနိုင်အောင် ဖြစ်နေကြ၏။

မိုးလင်းကာနီး နေပေပြီ။ သူတို့နှစ်ယောက်၏ စိတ်ဆန္ဒတွေက စောနေကြ၏။ မိုးလင်း၍ သခင်မက လက်ခံတွေ့ဆုံခွင့်ရပြီးနောက် မိုးဟိန်းတို့ ပြောသမျှကို သူ တို့နားလည်ကြမည်ဆိုပါက မိုးဟိန်းတို့ ဤကျွန်းပေါ်သို့ ရောက်လာရခြင်းသည် အလွန်တန်ဖိုးရှိလှချေသည်။ တိုင်း ပြည်အတွက်လည်း များစွာအကျိုးပွားနိုင်ပေမည်။

"သခင်မနဲ့တွေ့ရင် မောင်စကားကို သတိထား တော့ ပြောပါကွယ်"

"ဟုတ်တယ် သီတာ။ မောင်တို့ အပြောအဟော ကောင်းဖို့တော့လိုတယ်"

"သခင်မက သိပ်လှတော့"

"သိပ်လှတော့ ဘာဖြစ်သလဲ သီတာ"

"မောင်က သီတာ့ကို မေ့သွားမှ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းရယ်သာ ရယ်လိုက်ရ၏။ သို့သော်လည်း မိုးဟိန်း၏ ရင်ထဲမှာတော့ မရှိချေ။ သီတာ ပြောသလိုပင် သခင်မနှင့် မိုးဟိန်းတို့ တွေ့ခွင့်ရခဲ့သော် မိုးဟိန်းက သခင်မကို မစွဲလမ်းပဲနေမည် မဟုတ်ချေ။ အခုလည်း စွဲလမ်းနေမိသည်ကို မိုးဟိန်း အသိဆုံးဖြစ်၏။

"မောင်"

ခင်သီတာက ခေါ်၏။ မိုးဟိန်းက မထူးနိုင်ချေ။ မိုးဟိန်းက အတွေးထဲတွင် နစ်မျောနေသောကြောင့်ဖြစ်၏။

"မောင်"

မိုးဟိန်း မကြားချေ။

"မောင်"

ခင်သီတာက မိုးဟိန်းကို တင်းတင်းဖက်လိုက်ရင်း ခေါ်လေသည့်အတွက်ကြောင့် မိုးဟိန်းအတွေးစ ပြတ်သွား၏။

"သီတာ"

"မောင် ဘာတွေ တွေးနေတာလဲ။ ကြည့်စမ်း





သီတာ ဘယ်လောက်တောင်ခေါ်နေတယ်ဆိုတာကို သူမသိရှာဘူး။ ဘာတွေများ တွေးနေတာလဲ မောင်ရယ်"

မိုးဟိန်းသည် အိပ်မက်မှ လန့်နိုးသူကဲ့သို့ သီတာကို တုံ့ပြန်ဖက်ထားရင်း အရှက်ပြေ ရယ်နေ၏။ မိုးဟိန်းရယ်နေသော အသွင်သည် အားမာန်ကင်းမဲ့လွန်းနေ၏။

"မောင် ဘာတွေ တွေးနေတာလဲဟင်"

"မောင် . . . ဘာမှ မတွေးပါဘူး သီတာရယ်။ မောင်လေ အဖမ်းခံရတဲ့ဘဝက ဘယ်လို လွတ်မြောက်အောင်လုပ်ရမယ်ဆိုတာကို အကြမ်းဖျင်းစဉ်းစားနေတာ"

"ဒီလောက်တောင်ပဲလား မောင်ရယ်"

"ဟုတ်တယ် သီတာ။ မောင်တို့ မြန်မာပြည်ရဲ့ သမိုင်းကြောင်းကို သူတို့သိအောင် ပြောပြရမယ်။ လူတွေ ဘယ်လောက် တိုးတက်နေတယ်၊ စက်ပစ္စည်းတွေ ဘယ်လောက်ဆန်းသစ်နေတယ်ဆိုတာတွေကို သူတို့ နားလည်အောင် မောင်တို့က ပြောပြရမယ်။ အဲဒီလို ပြောပြလို့ သူတို့ နားမလည်ကြဘူးဆိုရင် မောင်တို့ လွတ်မြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြေးရမယ်ဆိုတာ မောင်တို့ စဉ်းစားရမယ် မဟုတ်လား သီတာရယ်"

"အင်း . . . ဟုတ်တယ်"

ခင်သီတာ ရင်မောမိစွာဖြင့် သက်ပြင်းကို ချလိုက်၏။ ထို့နောက် မိုးဟိန်း၏ ရင်ခွင်ထဲသို့ သူမ၏ခေါင်းကိုသွင်းကာ အိပ်စက်နေလိုက်၏။

မိုးဟိန်းသည် ခင်သီတာကို ပွေ့ဖက်ထားပေမယ့် မိုးဟိန်း၏အတွေးထဲတွင် သခင်မကိုသာ မြင်ယောင်နေမိ၏။ သခင်မသာ အချောအလှလေးသာ ခင်သီတာ၏ နေရာတွင် ရောက်နေမည်ဆိုပါက မိုးဟိန်းအတွက် မည်မျှ ကံကောင်းလေမည်နည်းဟု တွေးကြည့်မိ၏။

မိုးဟိန်းသည် ဤကျွန်းပေါ်သို့ ရောက်စဉ်က လွတ်မြောက်ရေးကိုသာ အဓိက ထားခဲ့၏။ အားလုံးကို လွတ်မြောက်စေချင်သည့် ဆန္ဒကြောင့် အများသဘောတူညီချက်အရ ခေါင်းဆောင်လုပ်ခဲ့၏။

သို့သော် မိုးဟိန်း၏ ညံ့ဖျင်းခြင်းကြောင့်လည်း





ကောင်း၊ ရန်သူ လူထူးဆန်းများ၏ တိုက်ခွက်သာခြင်းနှင့် အင်အားတောင့်တင်းခြင်းတို့ကြောင့် မိုးဟိန်းနှင့် ခင်သီတာတို့ လွတ်မြောက်ပြီး ကျန်သုံးယောက်မှာ အဖမ်းခံသွားရရှာ၏။

ဦးသောင်ချမ်းနှင့် နက်ကျော်တို့သည် လူထူးဆန်းများ၏ လက်ထဲတွင် သေဆုံးသွားခဲ့ရပြီကို အမတ်ကြီး၏ပြောစကားအရ သိခဲ့ရပြီ။ ကျောက်ဒိုးတစ်ယောက်သာ စိတ်ဝေဒနာသည်ဘဝဖြင့် အသက်ရှင်နေသေးသည်ကိုလည်း စိတ်မကောင်းစွာ သိလိုက်ရ၏။

မိုးဟိန်းနှင့် ခင်သီတာက အားလုံးကို ကယ်တင်ဖို့ ကြိုးစားခဲ့ကြသေး၏။ ကြိုးစားရင်း သခင်မကို စတင်တွေ့ရသည့်အချိန်မှစပြီး မိုးဟိန်း၏ စိတ်တွေက ချို့ယွင်းသွားခဲ့၏။

မာန်တင်းထားသမျှ အင်အားပျော့ခဲ့ရ၏။ ထို့အပြင် မိုးဟိန်း၏ စိတ်အစဉ်သည် သခင်မထံသို့သာ လွင့်မျောနေခဲ့၏။ သို့သော် သူ့အနားတွင် ခင်သီတာက အချိန်ပြည့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကြောင့်သာ မိုးဟိန်း၏စိတ်သည် သခင်မထံသို့ အချိန်ပြည့်မလွင့်ပါးခြင်းဖြစ်၏။

အခုလည်း မိုးဟိန်း၏ စိတ်တို့သည် သူ့ရင်ခွင်ထဲတွင် အိပ်ပျော်နေသော ခင်သီတာကို ပွေ့ဖက်ထားပေမယ့် သခင်မထံသို့ ရောက်နေ၏။

သခင်မကို တစ်ခါသာ မြင်ရုံဖြင့် စွဲလမ်းခဲ့မိသည့်အတွက် မိုးဟိန်းက သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်နေရလေ၏။ မိုးဟိန်းသည် မိန်းကလေးများကို လွယ်လွယ်နှင့် စွဲလမ်းတတ်သူတော့ မဟုတ်ချေ။

ခင်သီတာကိုမြင်တော့ မိုးဟိန်း စိတ်ဝင်စားခဲ့၏။ ခင်သီတာသည် မိန်းမချောထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော်လည်း သခင်မနှင့် ယှဉ်လိုက်တော့ တခြားစီဖြစ်သွားလေ၏။

သခင်မ၏အလှကို မိုးဟိန်းက ဘယ်လိုမှ မဖွဲ့နိုင်ချေ။ အောင်မြင်ကျော်ကြား ရုပ်ရှင်မင်းသမီးပေါင်းများစွာကို မိုးဟိန်းရုပ်ရှင်ဇာတ်ကားများထဲတွင် မြင်တွေ့ဖူး၏။ သူတို့





အလှသည် သခင်မကိုမှီဖို့ မဆိုထားနှင့် သခင်မဘေးတွင် ခစားနေကြသော အပျိုတော်လေးများကိုပင် မှီမည်မထင်။

သည်အတွက်ကြောင့် သခင်မကိုမြင်သည်နှင့် မိုးဟိန်း စွဲလမ်းသွားစေခြင်းသည် လွန်လွန်းရာတော့ ကျမည်မထင်။ မိုးဟိန်းသည် သခင်မနှင့် တွေ့ခွင့်ရတော့မည်ကို သိရှိထားသည့်အတွက်ကြောင့်လည်း တကယ်ပင် အိပ်မရအောင် စိတ်တွေက လှုပ်ရှားနေ၏။

အကယ်၍ မိုးဟိန်းသည် သခင်မအား ချစ်ခွင့်ပန်ခွင့်ရခဲ့သော် သခင်မသည် မိုးဟိန်းနှင့်အတူ ရန်ကုန်မြို့ကြီးသို့ လိုက်ပါလာခဲ့သော် မိုးဟိန်းသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးလူဖြစ်မည်မှာ သေချာ၏။

အလှဘုရင်သခင်မ၏အလှကြောင့် ရန်ကုန်မြို့မှ အချောအလှတွေကလည်း သူတို့အလှတွေ မှေးမှိန်သွားသဖြင့် မိုးဟိန်းကို ဘယ်လောက်မုန်းကြလေမည်နည်းဟု တွေးရင်း ပြုံးလိုက်မိ၏။

"သခင်မလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်း၏ နှုတ်မှတီးတိုးရေရွတ်လိုက်မိ၏။ ခင်သီတာက သူ၏ရင်ခွင်ထဲတွင် နစ်မြိုက်စွာ အိပ်ပျော်နေရှာ၏။

"မောင် မင်းကိုလည်းချစ်တယ်။ သခင်မလေးကိုလည်းချစ်တယ်။ မောင်ဘယ်လို ဆုံးဖြတ်ရမလဲ သီတာရယ်"

× × ×

## အခန်း(၉)
## ကျွန်းသခင်မနှင့် တွေ့ဆုံခြင်း

မိုးဟိန်းနှင့် ခင်သီတာတို့သည် လူထူးဆန်းများ၏ အခေါ်ကို စောင့်မျှော်နေမိကြလေ၏။ သို့သော်လည်း အချိန်အတော်ကြာသည်အထိ လာမခေါ်ကြသေးချေ။ ထို့ကြောင့် မိုးဟိန်းနှင့် ခင်သီတာတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ စိတ်ပျက်စပြုလာကြလေ၏။

အစားအစာလည်း မစားရ၊ ရေလည်းမသောက်ရ





သေးသဖြင့် မောဟိုက်ပင်ပန်းနေကြလေ၏။ မျက်နှာလည်း မသစ်ရချေ။

မိုးဟိန်းက ခင်သီတာကို စိုက်ကြည့်နေမိရာ ခင်သီတာက ပိန်သွားမှန်း သတိပြုမိသွား၏။ မတွေ့ကြုံဘူးသောဘဝကို မိန်းမသားဖြစ်သည့် ခင်သီတာက တွေ့ကြုံရင်ဆိုင်နေရသောကြောင့် ပင်ပန်းပြီး ပိန်သွားခြင်းဖြစ်တန်ရာ၏။

အစားအစာကိုလည်း ကောင်းကောင်းမစားရ၊ အိပ်လည်း ကောင်းကောင်း မအိပ်ရ၊ ထို့အပြင် အသက်မသေအောင် ပြေးရလွှားရ ပုန်းရရှောင်ရသည်မို့ ခင်သီတာ၏မျက်နှာ အတော်ကျသွား၏။

မိုးဟိန်းသည် ခင်သီတာကို သနားနေမိ၏။ သူမအတွက် မိုးဟိန်း၏ရင်ထဲတွင် မကောင်းလှချေ။ သို့သော် မိမိကိုယ်တိုင်က ခင်သီတာနှင့်အတူ အကျဉ်းကျနေရသည် မဟုတ်လား။ ထို့ကြောင့် မိုးဟိန်းက ဘာများတတ်နိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကလေးကြာပြီး နေမြင့်မှ ရဲမက်နှစ်ယောက်က မိုးဟိန်းနှင့် ခင်သီတာကို လာ၍ခေါ်၏။ မိုးဟိန်းနှင့် ခင်သီတာကို ကြိုးဖြင့် လက်ပြန်ကြိုးတုပ်ထားကြ၏။ သို့ဖြစ်၍ မိုးဟိန်းနှင့် ခင်သီတာတို့သည် သွားရလွှားရခက်ခဲပြီး ရဲမက်များ ဆွဲခေါ်ရာနောက်သို့ လိုက်ပါလာရလေ၏။

အခန်းအပြင်သို့ရောက်သောအခါ ရဲမက်များက အဆင်သင့် စောင့်နေကြ၏။ မောင်စိန္တာကလည်း အသင့်ရှိနေ၏။

မောင်စိန္တာသည် မင်းညီမင်းသားများ ဝတ်ဆင်ထားသော အဝတ်အစားကို ဝတ်ဆင်ထားလေ၏။ ထို့ကြောင့် မောင်စိန္တာသည် အလွန်ချောမောလှပနေ၏။

သူတို့ ပတ္တမြားသန္တာကျွန်းကြီးပေါ်တွင် မောင်စိန္တာကဲ့သို့ ချောမောလှပသူ ဘယ်နှစ်ယောက်ရှိနေမည်ကို မိုးဟိန်း မသိချေ။

"မောင်မင်းကို ငါကိုယ်တော်တိုင် သခင်မလေးထံ





ပို့ပေးမယ်"

မောင်စိန္တာက ပြော၏။

"မှန်လှပါ"

မိုးဟိန်းနှင့် ခင်သီတာတို့ကို မောင်စိန္တာနှင့် ရဲမက်များက ခြံရံလျက်ခေါ်သွားလေ၏။ မိုးဟိန်းနှင့် ခင်သီတာတို့က ရဲမက်များကြားတွင် လက်ပြန်ကြိုး တုပ်ချည်လိုက်ပါသွားရလေ၏။

လှေပေါ်မှဆင်းသောအခါတွင် သဲမြေရှရှလွှလွှကို မိုးဟိန်းတို့ နင်းလာခဲ့ရ၏။

"မောင်မင်း"

"အမိန့်ရှိပါ"

မောင်စိန္တာကမေးလျှင် မိုးဟိန်းက လျင်မြန်စွာဖြင့် စကားကိုပြန်လည် တောင်းခံလိုက်၏။

"မောင်မင်းနဲ့ မိန်းမပျိုက ဘယ်လို တော်စပ်ပါသလဲ"

"စက်လှေကိုအတူစီးကြသော ခရီးသွားဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည် ကိုယ်တော်ကလေး"

"အင်း . . . ရှင်းရှင်းလျှောက်စမ်း"

မောင်စိန္တာက ခပ်ပြုတ်ပြုတ်လေသံဖြင့် ပြန်မေး၏။ မိုးဟိန်းက ခင်သီတာ၏ မျက်နှာကိုကြည့်၏။

"စက်လှေပျက်တော့ ဤကျွန်းပေါ်ကို ရောက်လာကြတဲ့ ဘဝတူ ဒုက္ခသည်တွေပါ"

"ထပ်ရှင်းစမ်း မောင်မင်း ငါကိုယ်တော် နားမလည်ဘူး"

"မှန်လှပါ သူနှင့် ကျွန်တော်မျိုးသည် မည်သို့မျှ မတော်စပ်ကြပါဘူး"

"အင်း"

မိုးဟိန်းက အကင်းပါးသူဖြစ်၏။ မောင်စိန္တာက ခင်သီတာကို စိတ်ဝင်စားနေပုံရလေ၏။ သို့ဖြစ်၍ မိုးဟိန်းက သူနှင့် ခင်သီတာတို့ မည်သို့မျှ မတော်စပ်ကြောင်း ပြောချလိုက်ခြင်း ဖြစ်လေ၏။

ခင်သီတာက မိုးဟိန်း၏ စကားကြောင့် မျက်နှာ





ပျက်သွား၏။ မိုးဟိန်းအနေဖြင့် ပြောသင့်သည်က သူနှင့် ခင်သီတာသည် အကြင်လင်မယား သို့မဟုတ်ပါက ချစ်သူများဟုသာ ဖြစ်၏။

ခင်သီတာက ထိုသို့ပင် ပြောစေချင်၏။ သို့မှသာ သူတို့သည် သူမကို မစော်ကားဝံ့ဘဲ ရှိကြမည်။

အခုတော့ မိုးဟိန်းက ခင်သီတာ့ကို ဘေးသို့ ပုတ်ဖယ်ပစ်လိုက်သည်မှာ ဘာ့သဘောနည်း။

သူသည် ဘုရင်မရှေ့တွင် လူပျိုတစ်ယောက်ဖြစ်ကြောင်းပြောချင်သောကြောင့်ပေလားမသိဟု ခင်သီတာက ထင်လိုက်မိ၏။ သို့ဆိုပါက မိုးဟန်းလောက် မိုက်ရိုင်းသူသည် လောကတွင်ရှိမည်မထင်။

မည်သို့ပင်ဖြစ်စေ မိုးဟိန်းသည် ခင်သီတာ၏ ချစ်သူဖြစ်၍ မိုးဟိန်းက သူ့ကို ဘယ်နည်းနှင့်မျှ စိမ်းကားရက်မည် မဟုတ်ဟု ခင်သီတာက ထင်ထား၏။

"မောင်မင်း အမည်ဘယ်လိုခေါ်သလဲ"

မောင်စိန္တာက မေးမြန်းလေ၏။ မိုးဟိန်းက မောင်



www.burmeseclassic.com

www.burmeseclassic.com



စိန္တာကို မဝံ့မရဲ ကြည့်လေ၏။

"ကျွန်တော်မျိုးအမည် မိုးဟိန်းပါ"

"မယ်မင်းအမည်ကကော"

မောင်စိန္တာက ခင်သီတာကို မေးမြန်းပြန်၏။

"ကျွန်မနာမည်က ခင်သီတာလို့ ခေါ်ပါတယ်"

"ဘာလူမျိုးတွေလဲ"

"ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးများ ဖြစ်ကြပါသည်"

"မောင်မင်းတို့နှစ်ယောက်ဟာ ကျွန်ုပ်တို့ကျွန်းကို စိုးမိုးဖို့လာရောက်တိုက်ခိုက်တဲ့ ကျူးကျော်သူတွေ မဟုတ်လား"

"မဟုတ်ကြောင်းပါ ကိုယ်တော်လေး"

ကိုယ်တော်လေး မောင်စိန္တာသည် နောက်ထပ် မေးခွန်းများ မမေးတော့ချေ။ အားလုံးသည် ခြေလှမ်းမှန်မှန်ဖြင့် သဲသောင်မြေမှ မြေကြမ်းသို့ ရှိတက်နေကြလေ၏။

မိုးဟိန်းနှင့် ခင်သီတာတို့က မြင်မြင်သမျှကို လိုက်လံကြည့်ရှုနေမိ၏။ မိုးဟိန်းက လမ်းတစ်လျှောက်ကို





ကြည့်ရှုမှတ်သားနေခြင်းဖြစ်၏။ အချိန်အတန်ကြာအောင် သွားမိသောအခါ စခန်းလေးတစ်ခုသို့ ရောက်လာကြ၏။

ထိုစခန်းလေးသည် ဝါးဖြင့် တည်ဆောက်ထားသော အဆောက်အဦတစ်ခု ဖြစ်လေ၏။

မနေ့ကပင် သခင်မလေး ခေတ္တ နားခိုသွားသေးကြောင်း ပြင်ဆင်ထားသည့် အပြင်အဆင်တွေကြောင့် မိုးဟိန်းက နားလည်လိုက်လေ၏။ ထိုအဆောက်အဦထဲတွင် မြင်းများစွာကို တွေ့ရလေ၏။ ရဲမက်များက မြင်းများကို တစ်ကောင်းပြီးတစ်ကောင် ဆွဲထုတ်နေကြလေ၏။

မြင်းဇောင်းမှ မြင်းများသည် ခုန်ပေါက်မြူးထူးနေကြလေ၏။

"မောင်မင်းတို့ ဒီပေါ်ကိုတက်ကြ"

ကိုယ်တော်လေး မောင်စိန္တာက မိုးဟိန်းနှင့် ခင်သီတာတို့အတွက် မြင်းနှစ်ကောင် ပေး၏။ မောင်စိန္တာက ခင်သီတာကို သန်မာသော လက်မောင်းများဖြင့်ပွေ့၍ တင်၏။ မိုးဟိန်း၏ရင်ထဲတွင် မကျေနပ်သလို ဖြစ်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိုးဟိန်းက ကြိတ်၍ပြုံးမိ၏။

အဘယ်ကြောင့်ဆိုသော် အကယ်၍ မောင်စိန္တာသည် ခင်သီတာကို သဘောကျပြီး သူ၏ကြင်ယာတော်အဖြစ် တင်မြှောက်ပါက သူကျေနပ်ရပေမည်။ သို့မှလည်း မောင်စိန္တာသည် မိုးဟိန်း၏လူ ဖြစ်လာနိုင်မည်။

မိုးဟိန်းတို့သည် မြင်းများဖြင့် ခရီးဆက်ခဲ့ကြ၏။ လမ်းတစ်လျှောက်တွင် တဲအိမ်ကလေးများကို ဟိုတစ်စု သည်တစ်စု တွေ့ရ၏။ တချို့တဲအိမ်ထဲမှ လူများက မိုးဟိန်းတို့ကို ချောင်းမြောင်းကြည့်နေကြ၏။ မိုးဟိန်းကလည်း တဲအိမ်ထဲမှလူများကို လူထူးလူဆန်းများဟု မြင်မိ၏။

မိုးဟိန်းတွေ့ရသော တဲအတွင်းမှ လူများသည် ရှေးရှေးတွင်က ရွာသူရွာသားများ ဝတ်ဆင်ကြသော အဝတ်အစားများနှင့် နေပုံထိုင်ပုံ လှုပ်ရှားမှုများ တူညီနေကြလေ၏။

"သူတို့က ဘာလူမျိုးတွေလဲ"

မိုးဟိန်းက သိချင်သောကြောင့် သူ့ဘေးမှ ကပ်ပါ





လာသော ရဲမက်တစ်ယောက်ကို မေးလိုက်၏။

"သူတို့က အရပ်သူအရပ်သားတွေ"

ရဲမက်က ကောင်းမွန်စွာဖြင့် ပြန်ပြော၏။

"သူတို့က သခင်မရဲ့ အဆက်အနွယ်တွေ မဟုတ်ဘူးပေါ့"

"အေး . . . မဟုတ်ဘူးကွ။ သူတို့က လယ်ယာတွေ လုပ်ကိုင်ပြီး နန်းတွင်းသူ နန်းတွင်းသားတွေအတွက် ရိက္ခာဆက်သကြရတယ်"

သည်တော့မှ မိုးဟိန်းတို့သည် ဘေးပတ်ဝန်းကျင်တွင် မြင်ရသော စပါးခင်းစိမ်းစိမ်းများကိုလည်းကောင်း ကိုင်းခြံများထဲတွင် အပင်များ စိမ်းစိုနေသည်ကိုလည်းကောင်း ကောင်းစွာသတိထားမိကြတော့၏။

မိုးဟိန်းတို့ကို ဦးဆောင်ခေါ်ခဲ့သော မောင်စိန္တာ၏ မြင်းများသည် တောင်ကုန်းအမြင့်သို့ တက်သော လမ်းအတိုင်း တက်လာကြလေ၏။ တောင်ကုန်းက အတော်ကလေးမြင့်ပြီး ခရီးလည်း အတော်ရှည်၏။ သို့ဖြစ်၍ အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ တောင်ထိပ်သို့ ရောက်လာကြလေ၏။

တောင်ထိပ်သို့ရောက်လျှင် စေတီတော်တစ်ဆူကို မိုးဟိန်းတို့ ဖူးတွေ့ရလေ၏။ စေတီတော်၏ပုံစံသည် မိုးဟိန်း တောင်ငူမြို့တွင် ဖူးတွေ့ဖူးသော စေတီပုံစံမျိုးဖြစ်လေ၏။

စေတီတော်၏လက်ရာက မြောက်လှ၏။ သူတို့သည် အနုပညာမျက်စိလည်း ရှိကြပေ၏။ သူတို့ကို မိုးဟိန်း စတင်တွေ့စဉ်က လူထူးဆန်းများဟု နားလည်ထားခဲ့၏။ သူတို့အကြောင်းများကို ကြားသိမြင်တွေ့ခဲ့ရစဉ်ကလည်း အလွန်ထူးဆန်းသည်ဟု ယုံကြည်ခဲ့၏။

သူတို့စတင်တွေ့စဉ်က ကြောက်စရာလန့်စရာကောင်းပြီး တကယ်လူကြမ်းကြီးများဟု ထင်မှတ်ခဲ့၏။

အခုလို စေတီတော်ကို ဖူးတွေ့ရတော့ သူတို့တွင် ယဉ်ကျေးသိမ်မွေ့သောသူများရှိသလို ကြမ်းတမ်းရိုင်းစိုင်းသောသူများလည်းရှိကြောင်း နားလည်လာခဲ့ရ၏။

စေတီတော်၏ တစ်နေရာမှာ လူသုံးယောက်





ထွက်လာသည်ကိုတွေ့တော့ မိုးဟိန်းနှင့် ခင်သီတာတို့ လန့်သွားကြ၏။ ကြောက်စရာကောင်းသော လူများဖြစ်၏။ ဆံပင်တွေက အရှည်ကြီးနှင့် သူတို့လက်ထဲတွင် ဓား၊ လှံများကို ကိုင်ဆောင်ထားကြ၏။ ခန္ဓာကိုယ်အထက်ပိုင်းတွင် အဝတ်အစား ဝတ်ဆင်ထားခြင်းမရှိ။ မမြင်အပ်သော နေရာတွင်အဝတ်အစားပိုင်းကိုသာ ဝတ်ဆင်ထားကြ၏။ မိုးဟိန်းတို့ ရုပ်ရှင်ဇာတ်ကားများထဲတွင် မြင်တွေ့ဖူးသော လူရိုင်းများနှင့် ဆင်တူလှ၏။ ထိုသူသုံးယောက်သည် မိုးဟိန်းတို့ အနားတွင် လာ၍ရပ်နေကြ၏။

"ဒါ သခင်မလေးကို ဆက်သဖို့။ နင့်ကို အပ်လိုက်ဖို့ မဟုတ်ဘူး"

ရဲမက်တစ်ယောက်က ထိုလူများကို အော်ပြောလိုက်၏။ မိုးဟိန်း ဘုရားတလိုက်မိ၏။

ထိုသူတို့သည် သွားဖွေးဖွေး ပေါ်အောင် မကျေမနပ်ဖြစ်နေကြပြီး တောင်စောင်းအတိုင်း ပြန်လည်ဆင်းသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေက ဘာကောင်တွေလဲ"

မိုးဟိန်းက မေး၏။ မိုးဟိန်း၏ စကားပြောသံကို သူတို့က ကျင့်သားရပြီမို့ ကောင်းမွန်စွာ နားလည်နေကြ၏။ သူတို့ပြောဆိုသည်ကိုလည်း မိုးဟိန်းက ကောင်းစွာနားလည်နေပြီဖြစ်လေ၏။

ဒီကျွန်းပေါ်မှ လူများသည် ဒေသအလိုက် စကားတစ်မျိုးတည်းကို ပြောသော်လည်း စကားဝဲကြလေ၏။

မိုးဟိန်းက မြို့ကြီးသားအသွင်ဖြင့် ပြော၏။ သူတို့ကလည်း ကျွန်းသားအသွင်ဖြင့်ပြော၏။

စကားဝဲသည်မှလွဲ၍ စကားအသုံးအနှုန်းများသည် အများအားဖြင့် တူညီကြလေ၏။

"ဒီကောင်တွေက အရိုင်းအစိုင်းတွေ။ သခင်မရဲ့ သစ္စာတော်ခံပြီး ဒီကျွန်းပေါ်မှာ အမဲသားကောင်တွေ လိုက်နေတဲ့ ကောင်တွေပဲ။ သူတို့က သားကောင်တွေကို သခင်မနဲ့ နန်းတွင်းသူ နန်းတွင်းသားတွေအတွက် ဆက်သရတယ်။ ဖမ်းမိထားတဲ့သူတွေကိုလည်း ကျုပ်တို့က သူတို့လက်ထဲ





အမဲသားကောင်အဖြစ်နဲ့ အပ်ရတယ်။ ဒါမှလည်း သူတို့က ကျေနပ်တယ်။ အခုလည်း သင်တို့နှစ်ယောက်ကို သူတို့လက်ထဲအပ်ဖို့ ခေါ်လာတယ်ထင်ပြီး အနားကို ရောက်လာကြတာပဲ"

"ဘုရား . . . ဘုရား"

ကြောက်စရာ အလွန်ကောင်းသော လူသားများပါတည်း။ အကယ်၍ မိုးဟိန်းတို့သည် ပြေးလွှားရင်း ထိုလူသားများနှင့် ရင်ဆိုင်ရပါက အသက်မည်သို့ ထွက်ရမှန်း သိနိုင်တော့မည် မဟုတ်ပါချေ။

မိုးဟိန်းတို့သည် ကိုယ်တော်လေး စိန္တာ၏ အမိန့်ဖြင့် ခရီးဆက်ခဲ့ကြပြန်လေ၏။ မိုးဟိန်းတို့သည် ဤကျွန်းပေါ်သို့ ရောက်ရာမှ ဤလှေကြီးအထိသို့ မည်သို့သော လမ်းများမှ ရောက်ခဲ့သည်ကိုတော့ မသိနိုင်တော့ပါချေ။

မိုးဟိန်းက တစ်နေရာနှင့် တစ်နေရာသည် နီးကပ်သည်ဟု ထင်မြင်ခဲ့၏။ ဤကျွန်းကိုလည်း သေးသေးကလေးဟု ထင်မြင်ခဲ့သည်။ သို့သော် ယခုကဲ့သို့ သွားလာရတော့



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပင် ဝေးကွာလွန်းနေကြောင်း သိရလေတော့၏။

ဤ ကျွန်းသည်လည်း အလွန်ပင် ကြီးမားကြောင်း မိုးဟိန်း နားလည်လာရ၏။ နေ ထန်းတစ်ဖျားသို့အရောက်တွင် မိုးဟိန်းတို့သည် နန်းတော်ရှိရာသို့ ရောက်ရှိလာကြ၏။

"နန်းတော် မဟုတ်ဘူး။ အိမ်ရှေ့စံ ကိုယ်တော်လေး ဒေဝကုမ္မာရဲ့ စံနန်းဖြစ်ပေတယ်"

မိုးဟိန်း အံ့ဩသွားရပြန်၏။ ဤကျွန်းပေါ်မှ ဤနေရာသို့ မိုးဟိန်းတို့ တစ်ခုသောညတွင် ရောက်ခဲ့ဖူးလေ၏။ ဦးသောင်းချမ်းကို ကယ်တင်ရန်အတွက် ကြိုးစားရင်း နက်ကျော်နှင့်အတူ ဤနေရာသို့ ရောက်ခဲ့ခြင်းဖြစ်လေ၏။

ထိုနေရာတွင် ရဲမက်များနှင့် မိုးဟိန်းတို့ တွေ့ရှိသဖြင့် တိုက်ခိုက်ပြီး ထွက်ပြေးခဲ့ရလေ၏။

မိုးဟိန်းတို့က ဤနေရာကို သခင်မ၏စံနန်းတော်ဟု ထင်မြင်ခဲ့ကြ၏။

မိုးဟိန်းတို့သည် ကိုယ်တော်လေး မောင်စိန္တာ၏ ဦးဆောင်မှုကြောင့် မည်သူ၏ စစ်ဆေးခြင်းမှ မခံရဘဲ





အတွင်းသို့ ဝင်ခွင့်ပြုလေ၏။ အတွင်းသို့ရောက်သော် မိုးဟိန်းတို့အား ကိုယ်တော်လေး ဒေဝကုမ္မာကို ဖူးစေလေ၏။

"မောင်မင်း"

"ဘုရား"

"မော်ဖူးစမ်း"

"မှန်ပါ"

မိုးဟိန်းမှာ ယခုမှ ရာဇဝင်ဇာတ်ကို ပါဝင်ကပြနေရသူပမာ ဖြစ်နေ၏။ ငယ်စဉ်ကျောင်းသားဘဝတုန်းက ကျောင်းကဇာတ်တွင် မင်းသား သို့မဟုတ် ဘုရင် မကြာခဏလုပ်ခဲ့ရသော မိုးဟိန်းသည် ယခုမှ ငိုလည်းငိုချင်လာမိ၏။ ရယ်လည်း ရယ်ချင်လာမိ၏။

"မောင်မင်း အမည်သညာ ဘယ်လိုခေါ်သလဲ"

အိမ်ရှေ့စံမင်းသား ဒေဝကုမ္မာသည် စကားပြောပြတ်သားပြီး ခက်ထန်လေ၏။ မိုးဟိန်းက အိမ်ရှေ့စံမင်းသား ဒေဝကုမ္မာကို မော်ဖူးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုးအမည်နာမက မိုးဟိန်းလို့ ခေါ်ကြောင်းပါ ဘုရား"

ဟု ပြောလေ၏။

"ဒီက နမတော် တရားခံရဲ့ အမည်သညာက ကောကွဲ့"

"ခင်သီတာလို့ ခေါ်ပါတယ်ဘုရား"

ခင်သီတာက အသံတုန်တုန်ယင်ယင်လေးဖြင့် ပြော၏။

"မောင်မင်းတို့ဟာ ဒီကျွန်းပေါ်ကိုနယ်ချဲ့ဖို့ ရောက်လာတဲ့ သူလျှိုတွေ မဟုတ်လား"

"မဟုတ်ကြောင်းပါ ဘုရား"

"မောင်မင်း မုသားတော်သုံးရင် ကိုယ်တော်ရဲ့ ဓားနဲ့ ပိုင်းလိုက်မယ်"

"ဘုန်းတော်၊ ကံတော်ကြောင့် အသက်ရှင်နေရပါသော ကျွန်တော်မျိုးတို့သည် မလိမ်ညာဝံ့ကြောင်းပါ ဘုရား"





"ဒါဖြင့် ဘာကြောင့် ဒီကျွန်းမြုပ်ရတနာပေါ်သို့ မောင်မင်းတို့ ရောက်ရှိနေခဲ့သည်ကို လျှောက်တင်စမ်း"

မိုးဟိန်းသည် ကိုယ်တော်လေး ဒေဝကုမ္မာကို သေသေချာချာ ကြည့်လေ၏။ အလွန်တည်ငြိမ်ပြီး တိကျသောသူတစ်ယောက်ဟု မိုးဟိန်း နားလည်ထား၏။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ ဘုရား"

"လျှောက်တင်စမ်း"

"ကျွန်တော်မျိုးသည် ရန်ကုန်မြို့တော်မှ မြိတ်ထားဝယ်ဘက်သို့ ရေကြောင်းခရီးဖြင့် စက်တပ်လှေကြီးဖြင့် ခရီးထွက်လာခဲ့ရာတွင် ပင်လယ်ထဲတွင် စက်လှေပျက်သည့်အတွက် ကျွန်တော်မျိုးနှင့် ဒီက နမတော်တို့သည် သေကံမရောက် သက်မပျောက်ဘဲ အရှင်သခင်တို့၏ ဘုန်းကံကြောင့် အခုလို ကိုယ်တော်လေးအား အခစားဝင်ရောက်နိုင်ခြင်းဖြစ်ပါသည် ဘုရား"

"အိမ်း . . . အိမ်း . . . သို့သော် ကျုပ် ဒါတွေကို မယုံကြည်နိုင်ပပေ။ မင်း နောက်ထပ် ဘာတောင်းဆိုလို



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ မောင်မင်းကို ကိုယ်တော်လေး ခွင့်ပြုတော်မူနိုင်တဲ့ အခွင့်အရေးထဲက အခွင့်တော်နှစ်ရပ်ကို ပေးသနားတော်မူမယ် လျှောက်စမ်း"

"ကျွန်တော်မျိုး သခင်မအား တွေ့ဆုံဖူးချင်ပါကြောင်း လျှောက်တင်လိုပါသည် ဘုရား"

"အိမ်း . . . ကိုယ်တော်လေး ခွင့်ပြုမည်။ သို့သော် မောင်မင်းကို ကျားတစ်ကောင်နဲ့ အသက်လုပွဲ ဆင်နွှဲဖို့ ပြိုင်ပွဲကျင်းပပြီးမှ ခွင့်ပြုတော်မူမယ်"

မိုးဟိန်း မျက်နှာပျက်သွား၏။ သို့သော်လည်း မတတ်နိုင်ပါချေ။ မိုးဟိန်းက စိတ်ကိုတင်းပြီး ကျားနှင့် သတ်ပုတ်ရန် တောင်းဆိုလိုက်၏။

"ပေးသနားတော်မူပါဘုရား။ ကျွန်တော်မျိုး ကျားတွေနှင့် မသတ်ပုတ်ရသည်မှာ ကြာပြီဖြစ်၍ သတ်ပုတ်လိုပါသည် ဘုရား"

မိုးဟိန်း၏ တောင်းဆိုသံအဆုံးတွင် ကိုယ်တော်ကလေးက မောင်စိန္ဒာဘက်သို့လှည့်ကာ . . .





"ဒီနှစ်ယောက်ကို ကျားနဲ့သတ်ပုတ်နိုင်ဖို့ စစ်သူကြီးတွေနဲ့ တိုင်ပင်စေချား"

ထို့နောက်တွင် မောင်စိန္ဒာက မိုးဟိန်းနှင့် ခင်သီတာကိုခေါ်သွားပြီး ဝါးအိမ်လေးတစ်လုံးတွင် နေထိုင်စေ၏။ ဝါးအိမ်ကလေး၏ ပတ်လည်မှာတော့ ရဲမက်အစောင့်များကို ချထား၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

## ကျားနှင့် ယှဉ်ပြိုင်သတ်ရဲသူ

"မောင်"

"သီတာ"

"ဖြစ်ပါ့မလား မောင်ရယ်၊ ကျားဆိုတာက လူသုံးယောက် တိုက်ခိုက်တာတောင် နိုင်တဲ့သတ္တဝါ မဟုတ်ဘူး"

"မတတ်နိုင်ဘူး သီတာ။ မောင်တို့ သူတို့ခိုင်းစေ





တာကို လုပ်ကြရတော့မှာပဲ"

"အင်းလေ ဘုရား တရားသာ တနေရတော့မှာပေါ့ မောင်ရယ်"

နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားကြသော်လည်း သူတို့ရင်ထဲမှာတော့ မချိကြချေ။ ခင်သီတာ၏ ပါးပြင်ပေါ်သို့ မျက်ရည်များပင် ကျလာလေပြီ။

ခင်သီတာအတွက် အားကိုးစရာဆို၍ မိုးဟိန်းတစ်ယောက်သာရှိ၏။ မိုးဟိန်းသာကျားစာဖြစ်သွားခဲ့သော် ခင်သီတာသည် ဘယ်တော့မှ မိမိနေရပ်သို့ ပြန်ရောက်တော့မည် မဟုတ်ပါချေ။

"မောင်"

"သီတာ"

"သီတာ တစ်ခု စဉ်းစားမိတယ်"

"ပြောလေ သီတာ"

"ကိုယ်တော်လေး မောင်စိန္တာက သီတာကို တစ်မျိုးသဘောထားတယ်လို့ ထင်မိတယ်။ မောင် စိတ်မဆိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ်တယ် သီတာ မောင်လည်း နားလည်ထားတယ်၊ ဒါကြောင့် သီတာနဲ့ မောင် ဘယ်လိုမှ မတော်စပ်တဲ့အကြောင်း ချစ်သူတွေမဟုတ်တဲ့အကြောင်း ရင်နာစွာနဲ့ လျှောက်ခဲ့ရတာပေါ့"

"သီတာကတော့ ဒီလိုစဉ်းစားတယ်မောင်"

"ပြောပါ သီတာရယ်"

"သီတာက မောင်စိန္တာကို မာယာနဲ့ ဖြားယောင်းပြီး သူ့ကို ခုတုံးလုပ်ပြီး အသက်ချမ်းသာရာရအောင် လုပ်ကြရင် မကောင်းဘူးလားဟင်"

မိုးဟိန်းက ငိုင်တွေသွား၏။ သို့သော်လည်း အခုလို သီတာကို ဖြားယောင်းခိုင်းထားခြင်းဖြင့် မောင်စိန္တာကို မိုးဟိန်းတို့ဘက်သို့ရောက်အောင် ဆွဲဆောင်နိုင်ပါက မိုးဟိန်းတို့အတွက် အလွန်အကျိုးရှိမည်ဟု ထင်ထားကြ၏။

"ကောင်းတယ် သီတာ။ မောင်စိန္တာက ဖြားယောင်းရ လွယ်တယ်။ ဆွဲဆောင်ရ လွယ်တယ်။ ဒါကြောင့်





သီတာရဲ့ အကြံအစည်အတိုင်းလုပ်ပါ"

"မောင်က သီတာကို ယုံတယ်နော်"

"ယုံပါတယ် သီတာရယ်"

"တစ်ခုတော့ သီတာ ကတိပေးပါတယ် မောင်ရယ်။ သီတာလေ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး"

"ဝမ်းသာလိုက်တာ အချစ်ရယ်"

မိုးဟိန်းက ခင်သီတာ၏ ကိုယ်လုံးလေးကို အားရပါးရ ပွေ့ဖက်ပြီး ပါးပြင်နုစ်ဖက်ကို ယုယကြင်နာစွာ နမ်းလိုက်လေ၏။ ထို့နောက် လာရောက်ကျွေးမွေးသော အစားအစာများကို မိုးဟိန်းနှင့် ခင်သီတာတို့ စားကြ၏။

နေ့လယ်ဘက်တွင် မိုးဟိန်းအား ကိုယ်တော်လေး ဒေဝကုမ္မာက ဆင့်ခေါ်သည့်အတွက် မိုးဟိန်း သွားရလေ၏။ မိုးဟိန်းရောက်သွားသောအခါ ကိုယ်တော်လေး ဒေဝကုမ္မာက ကြိုက်နှစ်သက်ရာ လက်နက်ကို ရွေးချယ်စေ၏။

မိုးဟိန်းက ဓားခုတ်ကောင်းသော်လည်း ဓားကို



www.burmeseclassic.com

www.burmeseclassic.com



မရွေးချေ။ လူတစ်ရပ်ခန့် သံလျက်အသွားနှင့် လုံကြီးကိုသာ ရွေးချယ်ခဲ့၏။

"မောင်မင်း အဲဒီလက်နက်နဲ့ ခုခံပေတော့ အသက်မသေရင် မောင်မင်းကို သခင်မလေးထံ ပို့ပေးမည်"

"မှန်လှပါ"

ကိုယ်တော်လေး ဒေဝကုမ္မာက မိုးဟိန်းအား အနားယူစေ၏။ ညနေ နေဝင်ကာနီးအချိန်တွင် ကိုယ်တော်လေး ဒေဝကုမ္မာက မိုးဟိန်းကို ရဲမက်များ ခြံရံလျက် ကျားရှိရာသို့ ခေါ်လာခဲ့၏။

ထိုအချိန်တွင် နန်းတွင်းသူနန်းတွင်းသားများသည် ကျားနှင့် လူသတ်ပွဲကို ကြည့်ရှုရန် ရောက်ရှိနေကြလေ၏။

ကျုံးသဖွယ်ပြုလုပ်ထားသော နေရာအပေါ်ပတ်လည်တွင် လူတွေ ဝိုင်းအုံနေကြ၏။ မိုးဟိန်းအား ထိုကျုံးထဲသို့ လွှတ်ပေးလိုက်၏။

မိုးဟိန်းက လူထုအားလုံးကို လက်အုပ်ချီကာ





ကန်တော့၏။ ထို့နောက် အရပ်ရှစ်မျက်နှာသို့လည်း ကန်တော့၏။

ခင်သီတာက အင်္ဂလိပ်စကားဖြင့် အောင်မြင်ပါစေဟု ဆုတောင်းလေ၏။ သို့ဖြစ်၍ ခင်သီတာကို နန်းတွင်းသူနန်းတွင်းသားများက ဝိုင်းကြည့်နေကြလေ၏။ မိုးဟိန်းကလည်း အောင်မြင်ရမည်ဆိုသော စကားကို အင်္ဂလိပ်လို ပြန်ပြောလိုက်၏။

ထို့နောက် မိုးဟိန်းက ကျားကို ရှာဖွေ၏။ ကျားသည် မည်သည့်နေရာတွင် ရှိနေသည်ကို မိုးဟိန်း မသိသေးချေ။

နေရာက သိပ်ကျယ်ဝန်းသည်တော့ မဟုတ်ပါ။ ချုံတွေ၊ ဝါးပင်တွေ၊ တောင်တန်းတွေက ရှိနေသည့်အတွက် ကျားကို ရှာမရသေးခြင်းဖြစ်၏။

မိုးဟိန်းရပ်နေသည့် နေရာက ကွင်းပြင်လို ပြောင်တလင်းဖြစ်နေ၏။ မိုးဟိန်း အကြံရသွား၏။ ဤကွင်းပြင်တွင်ဆိုပါက ကျားက မိမိကို အလွယ်တကူ တိုက်ခိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပေမည်။ တောထဲတွင်ဆိုပါက သူ့ကိုယ်ချောင်း ကိုယ့်သူချောင်း လုပ်နိုင်၏။ ကျားသည် အနံ့ခံကောင်းသော သတ္တဝါဖြစ်ကြောင်း မိုးဟိန်းက သိနေ၏။

မိုးဟိန်းက လေဆန်တောထဲဘက်သို့ အလျင်အမြန်ပြေးသွား၏။ မိုးဟိန်း ကံကောင်း၏။ မိုးဟိန်း ပြေးဝင်လိုက်သည်နှင့် တစ်ဖက်ဝါးတောထဲမှာ ကျားကထွက်အလာ ရင်ဆိုင်ဖြစ်သွား၏။

"ဝေါင်း"

ကျားက ဟိန်းလျက် မိုးဟိန်းကို ကောင်းစွာ မြင်လေ၏။ မိုးဟိန်းဘက်သို့ လှည့်လာ၏။ မိုးဟိန်းက တောင်တန်းအတိုင်း စောစောက ကျားထွက်လာသည့်ဘက်သို့ အမြန်ပြေး၏။

မိုးဟိန်းက ချုံကွယ်တစ်ခုတွင် နေရာယူပြီး ကျားကို စောင့်နေ၏။ မိုးဟိန်းသည် ကျားကို စတင်တွေ့စကတော့ ကြောက်နေမိသော်လည်း သေတစ်နေ့ မွေးတစ်နေ့ဟု စိတ်တင်းထားလိုက်သည့်နောက် ကြောက်စိတ်များ





ပျောက်ကာ ကျားကိုရင်ဆိုင်ဖို့ စောင့်နေ၏။

ခင်သီတာ့ကို မိုးဟိန်းက ကောင်းစွာမြင်နေရ၏။ သို့ဖြစ်၍ မိုးဟိန်း ပိုမိုအားတက်၏။ မိုးဟိန်းက ကိုယ်တော်လေး မောင်စိန္တာကို ကြည့်ပြန်၏။ ကိုယ်တော်လေး မောင်စိန္တာက ခင်သီတာ၏အနားတွင် ရှိနေ၏။ မောင်စိန္တာက ခင်သီတာအနီးတွင် မားမားမတ်မတ်ရပ်လျက် မိုးဟိန်းကိုရှာနေသည်။

ခင်သီတာက မောင်စိန္တာကို တစ်စုံတစ်ရာသော စကားများကိုပြောနေ၏။ ကိုယ်တော်လေး ဒေဝကုမ္မာက မျက်နှာကြောတင်းတင်းဖြင့် အမြင့်ဆုံးစင်မြင့်ပေါ်မှ ရပ်ကြည့်နေ၏။

မိုးဟိန်းသည် အသွင်တစ်မျိုးမျိုးတို့ဖြင့် ကြည့်နေကြသူများကို စိတ်မဝင်စားနိုင်ချေ။ ကျားကလည်း ကွင်းပြင်တွင်ရပ်၍ ဟိန်းနေရင်း ဟိုသည်ကြည့်နေ၏။ သိပ်မကြာချေ။ ကျားက မိုးဟိန်းရှိသော တောထဲသို့ ပြန်ဝင်လာ၏။

မိုးဟိန်းက သစ်ပင်များကြားတွင် တိုက်ခိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် မိမိဘက်မှ တိုက်ကွက်ကျဉ်းနေသည်ကို သတိပြုမိလာ၏။ ထို့ကြောင့် သေကာမှ သေရော သဘောမျိုးဖြင့် တစ်ဖက်သို့ ရှောင်တိမ်းရင်းမှ ကွင်းပြင်သို့ လွှားခနဲ ထွက်လာ၏။

ကျားကလည်း မိုးဟိန်း ပြေးထွက်သွားသည်ကို သိ၏။ သို့ပေမယ့်လည်း မိုးဟိန်းနောက်သို့ ချက်ချင်း မလိုက်ချေ။ ဝါးတောထဲသို့ ဝင်သွား၏ ကျားက တော်တော်နှင့် ပြန်ထွက်မလာ။

ကျားပြန်ထွက်လာတော့ စောစောက ဝင်သွားသည့် ဝါးတောဘက်မှ မဟုတ်ချေ။ မိုးဟိန်း ပထမဦးဆုံး ပြေးဝင်ခဲ့သော နေရာမှဖြစ်လေ၏။

ကျားကြည့်ရသည်မှာ အလွန်ပါးနပ်လေ၏။ သူသည်မိုးဟိန်းကို မသိမသာလှည့်စားနေခြင်းဖြစ်၏။ မည်သို့ပင်ရှိစေ၊ မိုးဟိန်းက အသင့်အနေအထားဖြင့် ကွင်းပြင်ထဲမှာ ရပ်နေ၏။

ခဏကြာတော့ ကျားက မိုးဟိန်းရှိရာသို့ အပြေး





ကလေးထွက်လာ၏။ ကျားက မိုးဟိန်းထံသို့ ပြေးလာကာ ခုန်အုပ်၏။ မိုးဟိန်းက အလျင်အမြန်ပင် တိမ်းရှောင်ရင်း အဝေးသို့ ပြေးသွား၏။

ကျားသည် အရှိန်လွန်သွားရာမှ ချက်ချင်း ပြန်လှည့်လာ၏။ သည်တစ်ကြိမ်တွင် ကျားကအချိန်ဆိုင်းမနေတော့ချေ။ မိုးဟိန်းထံသို့ လွှားခနဲ ခုန်အုပ်၏။

မိုးဟိန်းက ပထမတစ်ကြိမ် ကျားက ခုန်အုပ်စဉ်က ရှောင်တိမ်းပြေးပေမယ့် ယခုတစ်ကြိမ်တွင် ရှောင်ပြေးချင်းမပြုဘဲ ခုန်အုပ်သော ကျား၏လက်ပြင်ကိုလှံဖြင့် ဆောင့်ထိုးရင်းမှ တစ်ဖက်သို့ လှိမ့်ချကာ လေးပတ်ခန့် လိမ့်ပြီးနောက် ခပ်ဝေးဝေးနေရာသို့ ပြေးလေ၏။

ကျားသည် လက်ပြင်ကို လှံဖြင့် ဆောင့်ထိုးခြင်းခံရသဖြင့် မိမိအားနှင့် မြေသို့အကျတွင် တန်းလန်းဖြစ်နေသည့်လှံက ပို၍ဝင်သွားပြီး ဘုန်းခနဲ လဲကျသွား၏။ ထို့နောက် ကျားသည် ကုန်းထလိုက် မြေတွင်လဲကျလိုက်နှင့် လူးလှိမ့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဟာစ်နေသော ကျား၏ဒေါသသံတို့သည် တစ်လောကလုံးကို ဟိန်းနေလေတော့၏။ မိုးဟိန်းက ကျား၏ လှုပ်ရှားမှုကို ကြည့်နေလေ၏။ မိုးဟိန်းနည်းတူ ကြည့်နေသူအားလုံးကလည်း မိုးဟိန်းကိုတစ်လှည့် ကျားကိုတစ်လှည့် ကြည့်နေကြလေသည်။

ကျားသည် အားမာန်ရှိသ၍ ရုန်းကန်နေလေ၏။ ထို့အပြင် ကျားသည် ဒေါသပြင်းထန်နေဆဲဖြစ်၏။

အချိန်အတော်ကြာသည်အထိ မိုးဟိန်းက ကျား အနားသို့ မကပ်သေး။ ကျား၏အနီးတစ်ဝိုက်တွင် သွေး တွေက အိုင်ထွန်းနေ၏။

ကျားအတော်ကလေး ငြိမ်သွားတော့မှ မိုးဟိန်း က ကျောက်တုံးတစ်တုံးကိုပင့်မသွားပြီး ကျားအနားသို့ သွား ကာ အနည်းငယ် ရုန်းနေသေးသော ကျား၏ဦးခေါင်းတည့် တည့်သို့ အားရပါးရ ပေါက်ချလိုက်၏။

ကျားသည် တစ်ချက်သာ ဝူးဝူးဝါးဝါး ဖော်ဟာစ် ပြီး အကြောဆွဲနေ၏။ ကျားခေါင်းမှ သွေးတို့သည် ရဲရဲနီနေ





၏။ မိုးဟိန်းက ကျားကို စိတ်မချနိုင်သေးချေ။ ထို့ကြောင့် ကျား၏လက်ပြင်မှ လှံကို ဆွဲနုတ်ပြီး ဝမ်းဗိုက်ကို သုံးချက် တိတိ ထိုးပစ်လိုက်၏။ ကျား၏ဝမ်းဗိုက်ထဲမှ အူများထွက် ကျလာ၏။

မိုးဟိန်းသည် စိတ်ကျေနပ်သောက်မှ ကျားအနား မှ ခွာလာခဲ့၏။ ခင်သီတာက မည်သူ့အမိန့်ကိုမှ မနာခံဘဲ မိုးဟိန်းရှိရာသို့ အပြေးကလေးဆင်းလာ၏။

ခင်သီတာ၏နောက်မှ ကိုယ်တော်လေး မောင်စိန္ဒာ။

မောင်စိန္ဒာ၏နောက်မှ ကိုယ်တော်လေး ဒေဝကုမ္မာ တို့က ဆင်းလိုက်လာ၏။

"မောင်မင်း မောင်မိုးဟိန်းသည် အလွန်တော် ပါပေသည်။ လူစွမ်းကောင်းပီသပါသည်။ သို့ဖြစ်၍ မောင် မင်း မောင်မိုးဟိန်း စားလိုသော သခင်မလေးထံသို့ ငါကိုယ် တော်တိုင် ပို့သမည်"

မိုးဟိန်းအား ကိုယ်တော်လေး ဒေဝကုမ္မာက ပြော ၏။ မိုးဟိန်းက နဖူးမှသွေးတို့ကို သုတ်ပစ်ရင်း ခင်သီတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖက်ထားလေ၏။

"ကျွန်တော်မျိုးကို အခုလို ကျားနဲ့ သတ်ပွဲလုပ်ပေးတဲ့အတွက် ကိုယ်တော်လေးကို အထူးပဲ ကျေးဇူးတင်လှပါကြောင်း လျှောက်ထားလိုပါသည် ဘုရား"

"အိမ်း . . . မောင်မိုးဟိန်း"

ထို့နောက် မောင်စိန္တာက ကိုယ်တော်လေး ဒေဝကုမ္မာ၏အမိန့်ဖြင့် ပြန်လည်ခေါ်သွား၏။

"မောင်"

"သီတာ"

မိုးဟိန်းနှင့် ခင်သီတာတို့သည် သူတို့ကို လွတ်လပ်စွာ နေခွင့်ပေးသနားထားသော နေရာသို့ ရောက်သည်နှင့် လွတ်လွတ်လပ်လပ် စကားပြောကြလေ၏။

"မောင် အခုလို ကျားနဲ့ သတ်တော့ သီတာ ဘယ်လို ငိုရမှန်းမသိအောင် စိုးရိမ်ရပါတယ် မောင်ရယ်"

"မောင်လည်း ယူကြုံးမရပါဘူး သီတာရယ်။ မောင်များသေသွားရင် သီတာတစ်ယောက် ဘယ်လိုများ





ရန်ကုန်ကို ဘယ်လို ပြန်ရောက်နိုင်ပါ့တော့မလဲဆိုတဲ့ အတွေးနဲ့ ရင်ထဲမှာ မချိအောင် ခံစားနေရတယ်"

"အင်းလေ . . . အခုတော့ မောင် လူစွမ်းကောင်းကြီး ဖြစ်သွားပြီ"

"ကျားကိုနိုင်ရုံနဲ့ မပြီးသေးဘူးသီတာ။ မောင် လူစွမ်းကောင်းဖြစ်တဲ့နေ့ဟာ ဘယ်နေ့လို့ သီတာထင်သလဲ"

"သီတာနဲ့ လက်ထပ်တဲ့"

"အဲဒါက မောင်ကံကောင်းတဲ့နေ့ပေါ့ သီတာ။ မောင် လူစွမ်းကောင်းဖြစ်တဲ့နေ့ဟာ ဟောဒီကျွန်းပေါ်က လူထူးဆန်းတွေကို အသိပညာဖွင့်ပေးပြီး မောင်တို့နဲ့အတူ ရန်ကုန်ကို အရောက်ခေါ်သွားပြီး မြန်မာပြည်သူတွေထဲမှာ မြန်မာပြည်သူပြည်သားတွေအဖြစ် ရပ်တည်နိုင်မယ်နေ့ပဲ သီတာ"

"အင်း . . . မောင့် အယူအဆတွေက သိပ်တန်ဘိုးရှိတာပဲကွယ်"

"သီတာ သဘောကကော"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်လိုပဲ ဆန္ဒရှိပါတယ် မောင်ရယ်"

"ဒါမှ မောင့်အချစ်ကွ"

မိုးဟိန်းက ခင်သီတာ၏ ကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။ ခင်သီတာကလည်း မိုးဟိန်းကို ပြန်လည်ပွေ့ဖက်ထားလေ၏။

"မောင်"

တစ်ယောက်ကိုတစ်ယောက် အချိန်ကြာမြင့်စွာ ပွေ့ဖက်ထားရင်းမှ ခင်သီတာက ခေါ်၏။

"သီတာ ဘာပြောချင်လို့လဲ"

"မောင်နဲ့ ကျားကြီးသတ်နေတုန်းကလေ သီတာ့အနားမှာ ကိုယ်တော်လေး မောင်စိန္တာက ကပ်နေတယ်"

"အဲဒီတော့"

"သီတာကလည်း သူ့ကို မာယာတွေနဲ့ ဆွဲဆောင်တာပေါ့"

"ဒီတော့"

"သူက သီတာကို ဖိုပြီးစိတ်ဝင်စားလာတယ်





မောင်ရယ်။ မောင် သိပ်ကံကောင်းတဲ့အကြောင်းပေါ့"

"ဘယ်လို ကံကောင်းတာလဲ"

"ကိုယ်တော်လေး ဒေဝကုမ္မာဟာ ဘာပဲဖြစ်ဖြစ် ဖမ်းမိတဲ့သူတွေကို ကျားနဲ့ လွှတ်မပေးခင် ရက်စက်တဲ့ လူသန်မာကြီးတွေနဲ့ တိုက်ခိုက်ခိုင်းသတဲ့"

"မောင်က သတ္တိမရှိတာကျနေတာပဲ"

"မဟုတ်သေးဘူးမောင်။ သူ့တပည့်တွေက အလွန်ကြောက်စရာကောင်းတယ်တဲ့။ ဖမ်းမိတဲ့တရားခံကို တောထဲမှာ ထွက်ပြေးခိုင်းပြီး သူ့တပည့်တွေက တောကောင်လိုသဘောထားပြီး နောက်ကလိုက်သတ်တာတဲ့"

"ဒီတော့"

"ဒီတော့ ကျားနဲ့တောင် မသတ်လိုက်ရဘူးတဲ့။ အဲဒီလူကြမ်းကြီးတွေရဲ့ လက်ချက်နဲ့ သေဆုံးရသွားတယ်တဲ့"

"ဟင် . . . ကြောက်စရာသိပ်ကောင်းပါလား"

"ဟို . . . ဦးသောင်ချမ်းနဲ့ နက်ကျော်တို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ရက်စက်စွာ သတ်ပစ်လိုက်တာတဲ့ မောင်"

"အင်း . . . စိတ်မကောင်းစရာပဲ သိတာရယ်"

"သူတို့နှစ်ယောက်က ဒဏ်ရာမပျောက်ခင်မှာ ထွက်ပြေးကြတယ်ဆိုပဲ။ ဒါကြောင့် ကိုယ်တော်လေး ဒေဝကုမ္မာက ထွက်ပြေးချင်ဦးဆိုတဲ့ သဘောမျိုးနဲ့ လူကြမ်းကြီးတွေလက်ထဲ အပ်လိုက်တာတဲ့"

"အင်း"

မိုးဟိန်းက နောက်ထပ် စကားမပြောတော့ချေ။ ခင်သီတာကလည်း မိုးဟိန်းကို ပြန်ဖက်ထားရင်း ငြိမ်နေ၏။

သူတို့နှစ်ယောက်အဖို့ တစ်နေ့နှင့် တစ်မနက်တော့ အသက်ပိုရှည်ခွင့်ရပြီမို့ ကျေနပ်နေကြလေ၏။

× × ×

## အခန်း(၁၁)

## ကျွန်းမြတ်သန္တာ အလှဧကရီ





နောက်တစ်နေ့ မိုးလင်းသည်နှင့် ကိုယ်တော်လေး မောင်စိန္တာ၊ ကိုယ်တော်လေး ဒေဝကုမ္မာတို့က မိုးဟိန်းနှင့် ခင်သီတာတို့ကို ကျွန်းသခင်မ အလှဧကရီထံသို့ ခေါ်သွားလေ၏။

နေမွန်းတည့်သည့်အချိန်သို့ရောက်မှ မိုးဟိန်းတို့သည် သခင်မ၏ နန်းတော်ရှိရာသို့ ရောက်ရှိလာကြ၏။ လမ်းတစ်လျှောက်လုံးတွင် အထူးအဆန်းများကို မြင်တွေ့ရပေမယ့် မိုးဟိန်းက စိတ်မဝင်စားချေ။

လမ်းခရီးတွင် ကိုယ်တော်လေး မောင်စိန္တာနှင့် ကိုယ်တော်လေး ဒေဝကုမ္မာတို့က ရန်ကုန်မြို့၏ အခြေအနေ၊ ခေတ်၏တိုးတက်ခြင်းအကြောင်း လကမ္ဘာသို့ပင် လူသားများသွားရောက်နေနိုင်ပြီဆိုသည့်အကြောင်း၊ လေ့ခေတ်မှ သင်္ဘောခေတ်အကြောင်း။

ထို့အပြင် ပင်လယ်ကူးသင်္ဘောကြီးများ၏ ခမ်းနားဆန်းကျယ်ပုံများ၊ ကားများ၊ ရထားများ၊ လေယာဉ်ပျံများ အကြောင်း၊ ရေဒီယိုမှ ကက်ဆက်၊ တယ်လီဗေးရှင်းအဆုံး



www.burmeseclassic.com

www.burmeseclassic.com



တို့ကို မိုးဟိန်းပြောဆိုသမျှ နားထောင်ရ၏။

မောင်စိန္တာက စိတ်ဝင်စားနေသော်လည်း ကိုယ်တော်လေး ဒေဝကုမ္မာကတော့ နတ်ပြည်ဘုံအကြောင်း ပြောနေသည်အထင်ဖြင့် မယုံကြည်ချေ။

မိုးဟိန်းတို့သည် ရွှေနန်းတော်သို့ရောက်လာသည်တိုင် သခင်မလေးကို ဖူးတွေ့ခွင့် မရသေးချေ။ သခင်မလေးက မိုးဟိန်းတို့ကို ချက်ချင်းအတွေ့မခံချေ။

ကိုယ်တော်လေး ဒေဝကုမ္မာက မိုးဟိန်းတို့ကို အမတ်ချုပ်ကြီး၏အိမ်တွင် တည်းခိုစရာ နေရာပေးထားလေ၏။

မိုးဟိန်းက ကိုယ်တော်လေး မောင်စိန္တာနှင့် ကိုယ်တော်လေး ဒေဝကုမ္မာတို့ကို အချိန်ရတိုင်း ရန်ကုန်မြို့ကြီးအကြောင်း၊ မြန်မာပြည်ကြီး တိုးတက်နေသည့်အကြောင်း၊ သမိုင်းခေတ်အဆက်ဆက် ပြောင်းလဲခဲ့ပုံအကြောင်း၊ ကမ္ဘာကြီးတိုးတက်နေပုံများကို မနားတမ်း ပြောပြလေ၏။

အမတ်ချုပ်ကြီး၏အိမ်တွင် သုံးရက်တိတိနေကြရ





ပြီးနောက်မှ သခင်မ၏အမိန့်က ရောက်လာ၏။

သခင်မလေးသည် မိုးဟိန်းနှင့် ခင်သီတာတို့ကို သူမရှေ့တော်မှောက်သို့ အခစားဝင်ရန် ခွင့်ပေးလေ၏။

မိုးဟိန်းနှင့် ခင်သီတာတို့သည် ရဲမက်များ ခြံရံလျက် ဘုရင်မ၏ နန်းဆောင်သို့ ဝင်ခဲ့ကြလေ၏။

နန်းတော်ဆိုသော်လည်း သိပ်ခမ်းနားကြီးမားခြင်းတော့မရှိချေ။ သို့သော်လည်း အနုပညာ့အလွန်မြောက်၏။

မိုးဟိန်းတို့သည် သခင်မလေးစံမြန်းသော သလွန်ရှိရာသို့ ဝင်ရန်အခွင့်ရသည်နှင့် ခေါင်းကို ငုံ့ကာဝင်ကြရလေ၏။

နေရာပေးသော နေရာတွင် မိုးဟိန်းနှင့် ခင်သီတာတို့ ထိုင်ကြရာ တစ်ယောက်နှင့်တစ်ယောက် အတော်ကလေး အလှမ်းဝေးလေ၏။ မိုးဟိန်း၏ရင်ထဲတွင် မောဟိုက်နေလေ၏။ မိုးဟိန်း၏ အသည်းနှလုံးတို့သည် ဆတ်ဆတ်ခါအောင် တုန်လှုပ်နေလေ၏။

မိုးဟိန်းက ဘုရင်မ စံမြန်းသော နန်းဆောင်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်မိကတည်းက သခင်မကို စိုးကြည့်ရန် စိတ်ကူးမိသေး၏။ သို့သော် မကြည့်ရဲပါ။ အမိန့်ကို မိုးဟိန်း မလွန်ဆန်ရဲချေ။

"ရန်သူတော်များ မော်ဖူးစေ"

ကြားရသည့်အသံက စောင်းသံများ တီးခတ်လိုက်သလို အေးငြိမ့်လှချေ၏။ စိတ်ကြည်နူးဖွယ်ကောင်းလှ၏။ မိုးဟိန်းနှင့် ခင်သီတာတို့သည် ပြိုင်တူလိုလို မော်ဖူးကြလေသည်။

"အသင် ရန်သူတော်ရဲ့အမည်က ငမိုးဟိန်း ဟုတ်ပါလေစ"

အသံက လေးလေးနှင့် ဝဲဝဲကလေးဖြစ်၏။ မိုးဟိန်း သခင်မလေး၏ မျက်နှာကိုကြည့်ရင်း ချက်ချင်း ဖြေနိုင်စွမ်းမရှိချေ။ မိုးဟိန်း၏ရင်ထဲတွင် သခင်မ၏အလှကြောင့် သိမ့်သိမ့်ခါနေလေ၏။ မိုးဟိန်း၏ နှလုံးသားတို့သည် ဖျတ်ဖျတ်လူးနေလေ၏။

"မှန်လှပါ အရှင်သခင်၏ ရှေ့မှောက်တွင် အခစား





ဝင်နေသော ကျွန်တော်မျိုးသည် ငမိုးဟိန်း ဖြစ်ပါသည် ဘုရား"

အတော်ကလေးကြာအောင် ငိုင်နေပြီးမှ မိုးဟိန်းသည် တစ်လုံးချင်း တုန်တုန်ယင်ယင်ဖြင့် ဖြေလေ၏။

"ဒီက ညီမတော်က မိသီတာ ဟုတ်ပေသလား"

"မှန်လှပါ ဘုရား"

"သင်တို့အကြောင်းများကို သခင်မ ကြားသိပြီးဖြစ်လေတယ်။ သင်တို့နှစ်ယောက်စလုံးသည် ထူးဆန်းသောစကားများကို ပြောဆိုနိုင်ကြပေသည်တဲ့။ ထိုထူးဆန်းသော စကားများကို သခင်မလေး ကြားသိလိုပေတယ်။ တခြား သင်တို့နှစ်ယောက်၏ သတင်းများကိုလည်း သခင်မလေး ကြားသိပြီးဖြစ်ပေတယ်။ သို့ဖြစ်သောကြောင့် သင့်အား ပတ္တမြားသန္တာကျွန်း၏ လူစွမ်းကောင်းအဖြစ် သခင်မကိုယ်တော်တိုင် အသိအမှတ်ပြုလိုက်ပေတယ်။ သင့်ထံမှ စကားဆန်းများကို ကြားသိလိုပေတယ်။ သင်ပြောနိုင်မပြောနိုင် သခင်မ သိလိုပေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သခင်မ၏ စကားသံက မိုးဟိန်းပြောသော စကားများကို ကြားသိချင်၍ စောင်းစံနေခြင်း ဖြစ်၏။ မိုးဟိန်းကလည်း ပြောချင်နေ၏။ ပြောစရာစကားတွေကလည်း တစ်ပုံတစ်ပင်ရှိနေ၏။

"အကယ်၍ ငမိုးဟိန်းသည် သခင်မလေး၏ သစ္စာတော်အောက်တွင် မနေနိုင်ပါက သခင်မ၏ အရက်စက်ဆုံးသော သစ္စာခံများ၏ ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံရမည် ဖြစ်ကြောင်း ကြိုတင်ပြောကြားလိုပေတယ်"

မိုးဟိန်းသည် သခင်မ၏ မျက်နှာတော်ကို မဝသောဖူးခြင်းမျိုးဖြင့် အကြာကြီး ငေးမောကြည့်ရှုနေလေ၏။

အချစ်ဆိုသည်က ဤသို့ပင် ပေါ်ပေါက်တတ်သော သဘောရှိသလားဟု မိုးဟိန်း မတွေးတတ်တော့ချေ။

မိုးဟိန်းက အချစ်အကြောင်း မရဲတရဲ တွေးနေစဉ် နန်းဆောင်ထဲသို့ ကြောက်စရာကောင်းသော သူများ ဝင်လာသည်မို့ မိုးဟိန်း မြင်တွေ့လိုက်ရသောကြောင့် လန့်





သွားမိလေ၏။

ခင်သီတာကို မိုးဟိန်းလှမ်းကြည့်လိုက်သောအခါ ခင်သီတာ၏မျက်နှာတွင် သွေးမရှိအောင် ဖြစ်နေလေ၏။

"သင်တို့ရဲ့ သစ္စာတရားဟာ သခင်မရဲ့ ခြေဖဝါးအောက်မှာ မရှိနေခဲ့ရင် သူတို့ရဲ့ အရက်စက်ဆုံး သတ်ဖြတ်ခြင်းကို သင်တို့ ခံစားရလိမ့်မယ်ဟဲ့ ကြားလား ငမိုးဟိန်း"

"မှန် . . . မှန်လှပါ ဘုရား"

မိုးဟိန်းက အသံတုန်တုန်ယင်ယင်ဖြင့် အဖြေပေးရင်း ကြောက်စရာလူများကို ကြည့်နေမိလေ၏။ ထိုလူများသည် အမှန်ပင် ကြောက်စရာကောင်းလှ၏။

လူ့ဘီလူးများထင်မှတ်ရလောက်အောင် ကြောက်စရာအသွင်ကို ဆောင်နေကြသည်မို့ မိုးဟိန်း ကြောက်၍ တုန်လှုပ်နေမိခြင်း ဖြစ်၏။

ထို့အပြင် ထိုလူလေးယောက်၏ မျက်နှာသည် အလွန်ပင် ရွံ့စရာကောင်းနေ၏။ ရုပ်ကအလွန်ဆိုးပြီး အသားအရေများကလည်း ကြမ်းတမ်းလှသည်။ ဖတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် မြင်တွေ့ဖူးသော ဘီလူးများနှင့် တူနေပေ၏။

"မောင်မင်း ငမိုးဟိန်း သင်ပြောတဲ့ မြန်မာပြည်ရဲ့ အကြောင်းတွေကို စုံစုံစေ့စေ့ လျှောက်တင်စမ်း"

"မှန်လှပါဘုရား"

မိုးဟိန်းက အချိန်ဆိုင်းမနေတော့ချေ။ အစုံအစေ့ပင် ပြောပြလိုက်လေ၏။ နာရီဝက်ခန့်ကြာအောင် မိုးဟိန်းက မြန်မာနိုင်ငံအကြောင်းကို ပြောပြလိုက်သည်။ ပုဂံရာဇဝင်မှအစ ယနေ့ခေတ်ကာလအချိန်အထိ ပြောပြခြင်းဖြစ်၏။

ထိုသို့မိုးဟိန်းက အောင်မြင်သော လေသံကြီးဖြင့် ကျောင်းသားများကို ဆရာက ဟောပြောသလို အသွင်မျိုးဖြင့် ဟောပြောလိုက်သည့်အတွက်ကြောင့် အားလုံးပင် ငြိမ်သက်စွာ နားထောင်နေကြ၏။

နောက်ဆုံးတွင် မိုးဟိန်းနှင့် ခင်သီတာတို့ကို တစ်နေရာစီတွင် နေထိုင်ရန် သခင်မက အမိန့်ပေးလေ၏။

× × ×





## အခန်း(၁၂)

## လွတ်မြောက်ရေးအတွက် စည်းရုံးခြင်း

ငါးရက်မြောက်သောနေ့တွင် မိုးဟိန်းနှင့် ခင်သီတာတို့သည် တစ်ယောက်နှင့်တစ်ယောက် ခေတ္တမျှ တွေ့ခွင့်ရကြ၏။

သို့ဖြစ်၍ ခင်သီတာက မိုးဟိန်းအား သူမအခြေအနေနှင့် သူမစည်းရုံးရေး အောင်မြင်ထားသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြောပြလေ၏။

"မောင်ရေ အခြေအနေကတော့ သိပ်ကောင်းနေတယ်ကွယ်။ မောင်စိန္တာက သီတာ့ဆီကို တစ်နေ့ ငါးခေါက်လောက် လာတယ်သိလား။ မောင်ပြောခဲ့တဲ့ အကြောင်းတွေကို ဟုတ်မဟုတ်မေးတယ်။ နောက်ပြီး သီတာကိုလည်း သူက မြတ်နိုးချစ်ခင်တဲ့ အရိပ်အယောင်တွေ ပြနေတယ်။ သူ့တာဝန်က သူ့တို့ ဘိုးဘွားလက်ထက်တော်က ထွက်ပြေးရာမှာ အသုံးပြုခဲ့တဲ့ ကရဝိတ်လှေကြီးကို ထိန်းသိမ်းတဲ့တာဝန်ပဲတဲ့။ ဒါပေမဲ့ သီတာကို သူ့ခင်တွယ်ပြီး ထိန်းသိမ်းစောင့်ရှောက်ချင်လို့ ဒီမှာ သူ ကြာကြာနေခြင်းတဲ့"

မိုးဟိန်းက မျက်နှာအိုသွားလေ၏။ တကယ်တမ်း မိမိချစ်သောချစ်သူ တစ်ပါးသူလက်တွင်းသို့ ကျရောက်သွားတော့မည့်အရေးကို တွေးမိတော့ မိုးဟိန်း မနာလိုဝန်တိုဖြစ်သွားမိ၏။

"ဘာပဲဖြစ်ဖြစ် မောင်ရယ် သီတာလေ မောင့်ကိုပဲ တစ်သက်လုံးချစ်မှာပါ။ သူ့ကိုတော့ သီတာတို့ မောင်တို့





ရဲ့ ရည်ရွယ်ချက်အောင်မြင်ဖို့အတွက် ဟန်ဆောင်ရမှာပဲနော်"

"ဟုတ်တယ် သီတာ ဟုတ်တယ်။ မောင် သီတာ့ကို ယုံကြည်ပါတယ်ကွယ်"

"မောင် အခြေအနေကကောဟင်"

"မောင့်အခြေအနေ"

"ပြောပါ့မယ် သီတာ။ သီတာ့အခြေအနေမှာ မောင်စိန္တာက ဘယ်လို သဘောထားသလဲ"

"မြန်မာပြည်ကြီးရဲ့ ပြောင်းလဲနေတဲ့အခြေအနေကို သူ စိတ်ဝင်စားနေတယ် မောင်။ နောက်ပြီး သူ့ခမည်းတော်ဟာ မြန်မာနိုင်ငံရဲ့အခြေအနေကို သိလိုတဲ့အတွက် စစ်သည်အင်အားနဲ့ စွန့်စားသွားခဲ့တယ်တဲ့။ သေတယ်ရှင်တယ်တော့ မသိရဘူးတဲ့။ ဘာပဲဖြစ်ဖြစ် သူလည်း ဒီလို စွန့်စားချင်တယ်တဲ့"

"ဒီတော့ သီတာက ဘယ်လိုပြောလိုက်သလဲ"

"ပြောတာပေါ့ မောင်ရဲ့၊ ဒီလို စွန့်စားရင် မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတို့ရဲ့ အမြင်တွေ ကျယ်ဝန်းလာမယ့်အကြောင်း၊ နောက်ပြီးတော့ မြန်မာနိုင်ငံသားတိုင်း လွတ်လပ်စွာနေထိုင် လုပ်ကိုင်စားသောက်ခွင့်ရတာတွေကို အားလုံးမြင်တွေ့ရမယ့်အကြောင်း ပြောပစ်လိုက်တာပေါ့"

"ဒီတော့"

"မောင်စိန္တာက မေးတယ်။ အဲဒီလို စွန့်စားရင် သီတာနဲ့မောင်ကကော ကူညီမှာလားတဲ့"

"သီတာက ဘယ်လိုပြောလိုက်သလဲ"

"သီတာတို့နှစ်ယောက်က အသက်နဲ့လဲပြီး ကူညီပါ့မယ် ပြောလိုက်တာပေါ့ မောင်ရဲ့"

"နောက်တော့ကော"

"မောင်စိန္တာက ပြောတယ်။ သခင်မရဲ့ စိတ်သဘောထားဟာ သိပ်သိမ်မွေ့တယ်တဲ့ မောင်ရဲ့။ သခင်မက တရားမျှတတယ်တဲ့။ ဘယ်သူ့ကိုမှ ရက်ရက်စက်စက် မနှိပ်စက်ဘူးတဲ့။ သို့ပေမယ့်လည်း ရန်သူမှန်ရင်တော့ သခင်မက ကျူပင်ခုတ်ကျူငုတ်တောင် မချန်ထားဘူးတဲ့။





မောင် အဲ . . .သူတို့အတွက် ကြောက်ရတာက ဒေဝကုမ္မာ ကိုယ်တော်လေးနှင့် ယက္ခပီယဆိုတဲ့ ကိုယ်တော်လေး ကတော့ သခင်မ နန်းကျရင် သူတို့က ကျွန်းမြို့တော်သဏ္ဍာကို အုပ်ချုပ်ကြမှာပဲတဲ့။ သူတို့နှစ်ဦးက ကြမ်းတမ်းတယ်တဲ့။ သတ်ဖြတ်မယ်ဆိုတဲ့ စိတ်မျိုးအမြဲရှိတယ်တဲ့။ ခေါင်းလည်း မာတယ်တဲ့။ အပြောရအဆိုရလည်း ခက်တယ်တဲ့။ အဲဒါကြောင့် မောင်စိန္တာက သူပြောတာတွေကို ဖုံးဖိပေးထားဖို့ ပြောတယ်မောင်ရဲ့။

"ဟင်"

မိုးဟိန်းက သက်ပြင်းချလေ၏။ ခင်သီတာ မိုးဟိန်းကို မျက်နှာပြုံးကလေးနှင့်ကြည့်ရင်း . . .

"မောင့်အခြေအနေကကော ဘယ်လိုသဘောမျိုး ဆောင်နေသလဲဟင်"

မိုးဟိန်းက ခေါင်းခါပြလေ၏။

"မောင့်အခြေအနေက ဘာမှမထူးခြားသေးဘူး သီတာ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် မောင်တို့ ဘဝက အကျဉ်းသားထက် သာအောင် နေရတာပဲရှိတယ်"

"သခင်မနဲ့ မောင် နောက်ထပ်တွေ့ခွင့်မရဘူး လား"

မိုးဟိန်းက ခေါင်းခါပြလေ၏။

"အရေးပါတဲ့သူဆိုရင် ဘယ်လိုလူမျိုးနဲ့မှ မတွေ့ ရပါဘူး သီတာရယ်၊ ရဲမက်သုံးဦးနဲ့တော့ အမြဲပဲ စကားပြော ရတယ်။ သူတို့ကို မောင်စည်းရုံးထားတာ အတော်ကလေး တော့ ခရီးရောက်နေပြီ"

"ဩော် . . . ဒါနဲ့မောင်"

"ဘာများလဲ သီတာ"

"မောင်စိန္တာက ပြောတယ်"

"အင်း . . . ဘာပြောသလဲ"

"သခင်မက မောင့်ကိုဆင့်ခေါ်ပြီး ထူးဆန်းတဲ့ စကားတွေကို သင်ချင်လို့တဲ့။ အဲဒါကို ဟို ဒေဝကုမ္မာနဲ့ ယက္ခပီယက လက်မခံကြဘူးတဲ့။ သူတို့အချင်းချင်းတွေ





စကားများနေကြတယ်။ မောင်စိန္တာကိုတော့ သီတာက အင်္ဂလိပ်စာ သင်ပေးနေတယ် မောင်။ သူကလည်း တိုးတိုး တိတ်တိတ် သင်နေရတာမို့ ပေါက်ကြားသွားမှာကို သိပ် ကြောက်နေတယ်"

"အင်း . . . မောင် သခင်မအနားကို ကပ်ခွင့်ရရင် သခင်မ အမြင်ကျဉ်းနေတာတွေ အမြင်ကျယ်လေအောင် လုပ်ပေးနိုင်မှာ အမှန်ပဲ"

"ဟုတ်ပါတယ် မောင်ရယ်။ ဒါပေမဲ့ မောင့်ကို သီတာ တောင်းပန်ချင်တယ်ကွယ်"

"ဘာများလဲ သီတာ"

"သခင်မကို စည်းရုံးလို့လည်းရရော သီတာကို လည်း မောင်မေ့သွားရောဆိုရင်တော့ သီတာ ဘယ်လို ဖြေ ရမှန်းတောင် မသိတော့ပါဘူး"

"အိုကွယ် သီတာရယ်"

မိုးဟိန်း သည်ထက်ပို၍ မပြောနိုင်ပါချေ။ မိုးဟိန်း သည် ခင်သီတာကို ဘယ်လိုမှ နိုင်မြဲသော ကတိကို ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည် မဟုတ်ချေ။ မိုးဟိန်း၏ စွဲလမ်းမှုသည် သခင်မ အပေါ်တွင်သာ လွှမ်းကဲနေ၏။ မိုးဟိန်း ဘာမှ မတတ်နိုင် တော့။

× × ×

တစ်လခန့်အကြာတွင် မိုးဟိန်းသည် ကျောက်ဒိုး ကို တွေ့ရလေ၏။ ကျောက်ဒိုးသည် စိတ္တဝေဒနာရှင်တစ်ဦး ပမာ အော်ဟစ်ပြီး သွားလာနေစဉ် တွေ့ရခြင်းဖြစ်၏။

သူသည် မိုးဟိန်းကိုတွေ့သော်လည်း စကား မပြောချေ။ မိုးဟိန်းက ကျောက်ဒိုးကို အားပါးတရ ခေါ် သည်။ သို့သော်လည်း ကျောက်ဒိုးက စကားများကို သူ နားမလည်သလို အော်ဟစ်ကာ ပြေးထွက်သွားလေ၏။

မိုးဟိန်းက ရဲမက်များကို မေးကြည့်တော့ စိတ် ဝေဒနာရှင်ဖြစ်၍ ဖမ်းဆီးချုပ်နှောင်ခြင်းမပြုဘဲ လွှတ်လပ် စွာ နေစေသည်ဟု သိရလေ၏။

သူတို့နန်းတော်အတွင်းတွင် စိတ်ဝေဒနာရှင်များ





ကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုသော သဘောရှိလေသည် ဟု ပြောပြကြ၏။ ကျောက်ဒိုးက အနုဘဝသို့ ရောက်နေ သည့်ကပင် အတော်ကလေး ကောင်းနေ၏။ သို့မဟုတ်ပါ က ကျောက်ဒိုးသည် ဦးသောင်ချမ်းတို့လို ထွက်ပြေးမည်မှာ သေချာ၏။ ကျောက်ဒိုး ထွက်ပြေးသွားလျှင် စရိုက်ကြမ်း သော လူများ၏လက်ချက်ဖြင့် သေနေပြီမှာ ကြာပြီ။

ကြောက်တတ်သော ကျောက်ဒိုးက အခုလို အခြေ အနေရှိနေသည်ကပင် ကံကောင်းနေ၏။

မိုးဟိန်းသည် နှစ်လပြည့်သောနေ့တွင် သခင်မ၏ ဆင့်ခေါ်ခြင်းကို ခံရလေ၏။ ထိုနှစ်လတာ ကာလအတွင်း မိုးဟိန်းက ကျောက်ဒိုးနှင့် နောက်ထပ်သုံးကြိမ်ထပ်တွေ့၏။ သို့သော်လည်း ကျောက်ဒိုးက မိုးဟိန်းကို မသိတော့ချေ။ မိုးဟိန်းက ခေါ်ပြောသော်လည်း သူက လုံးဝမသိသူ တစ် ယောက်ပမာ ဖြစ်နေ၏။ ရယ်မောခြင်းဖြင့်သာ မိုးဟိန်းကို တုံ့ပြန်ခဲ့လေ၏။

မိုးဟိန်းသည် နန်းတွင်းသူနန်းတွင်းသားများ၊



www.burmeseclassic.com

www.burmeseclassic.com



ရဲမက်များ၊ အမတ်ကြီးများ၊ ဝန်မင်းများကိုလည်း အတော်ကလေး စည်းရုံးထားနိုင်ပြီ ဖြစ်လေ၏၊ သူတို့သည် မိုးဟိန်း ပြောပြသည်များကို စိတ်ဝင်စားကြ၏။ မိုးဟိန်းပြောသော မြန်မာပြည်အကြောင်းကိုလည်း သိလိုကြ၏။ ထို့အပြင် မြန်မာပြည်တွင်းသို့လည်း သူတို့ ရောက်ချင်နေကြ၏။

ဤကျွန်းပေါ်တွင် သူတို့ဘ၀ အမှောင်ကျနေသည်ကိုလည်း နားလည်လာကြ၏။ သို့ဖြစ်၍ သူတို့လည်း မိုးဟိန်းပြောပြသမျှကို ယုံကြည်သောကြောင့်ဖြစ်၏။

မိုးဟိန်းအတွက် ထိုသည်တို့ကြောင့် အခွင့်အရေးကြီးတစ်ရပ်ပမာ ဖြစ်နေ၏။

သခင်မက ဆင့်ခေါ်သောကြောင့် မိုးဟိန်းသည် သခင်မ၏ နန်းဆောင်ထဲသို့ အခစားဝင်ရလေ၏။

"ငမိုးဟိန်း"

"ဘုရား"

"မောင်မင်း ပြောဆိုသမျှတွေကို သခင်မ စိတ်ဝင်စားတော်မူပေတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် မောင်





မင်းပြောတဲ့ မြန်မာပြည်ထဲကို သခင်မလိုက်လံကြည့်ရှုချင်တယ်။ အခုတော့ မောင်မင်းပြောတဲ့ အင်္ဂလိပ်စကားတော်ကို သခင်မ သင်စမ်းကြည့်လိုတယ်။ မောင်မင်း သစ္စာရှိစွာဖြင့် သင်ပေးနိုင်မည်လော"

"အရှင်သခင်က လိုလားတောင်းခံခဲ့သော် ကျွန်တော်မျိုး သင်ပေးနိုင်ကြောင်းပါ"

"သို့ဖြစ်လျှင် မနက်ဖြန်မှ စတင်၍ မောင်မင်း သင်ပေးစေ။ သင်ရမည့် အချိန်အခါတော်ကို ပညာရှိများက သတ်မှတ်ပေးတော်မူလိမ့်မယ်"

မိုးဟိန်းသည် သခင်မထံပါးမှ ထွက်ခွာလာခဲ့ရသော်လည်း မိုးဟိန်း စိတ်အစဉ်သည် သခင်မ၏ထံပါးတွင် ကျန်ရစ်ခဲ့သည်ဟု ထင်နေမိ၏။

မည်သို့ပင် ဖြစ်စေ၊ မိုးဟိန်း သိပ်ပျော်နေမိ၏။ မနက်ဖြန်မှ စတင်ပြီး မိုးဟိန်းသည် သခင်မအနီးတွင် ခစားရပေတော့မည်။ သခင်မအား အင်္ဂလိပ်စာများ သင်ပေးရတော့မည်။ သို့ဖြစ်၍ ထိုညက မိုးဟိန်း တစ်ညလုံး အိပ်



www.burmeseclassic.com

www.burmeseclassic.com



မပျော်နိုင်တော့ချေ။

နောက်နေ့မှစပြီး မိုးဟိန်းသည် သခင်မအား စာသင်ပေးရလေတော့၏။ သို့သော်လည်း မိုးဟိန်း၏ ဘေးတွင် ကြောက်စရာကောင်းသော လူကြမ်းကြီးများက စောင့်ကြည့်ပေးနေ၏။

မိုးဟိန်းသည် သခင်မအား စာသင်ပေးပြီးတစ်လကြာသည့်အချိန်တွင် မြန်မာနိုင်ငံ အခြေအနေနှင့် တိုးတက်မှုများကို ပြောပြနိုင်ခဲ့၏။ ထို့အပြင် မိုးဟိန်းနှင့် သခင်မတို့၏ ဆက်ဆံရေးသည် အတော်ကလေး နီးစပ်မှုရှိလာ၏။

နောက်ဆုံးတွင် မိုးဟိန်းနှင့် သခင်မတို့သည် နှလုံးသားနေရာ နီးစပ်မှုရှိလာကြလေ၏။ သို့သော်လည်း တစ်နေ့တွင် မိုးဟိန်းထံသို့ ကိုယ်တော်လေး ဒေဝကုမ္မာ ရောက်လာလေ၏။

မိုးဟိန်းသည် ဒေဝကုမ္မာနှင့် အဖွဲ့သားများ၏ အကောက်ကြံမှုကို ရိပ်စားမိသဖြင့် ထွက်ပြေးရန် ကြိုးစား





ပေမယ့် မအောင်မြင်ခဲ့ချေ။

"မောင်မင်းသည် ကျုပ်တို့၏ သခင်မနှင့် နန်းတွင်းသူနန်းတွင်းသားများအား လှည့်ဖျားပြီး သိမ်းသွင်းနေကြောင်း ကြားသိရ၏။ ထို့အပြင် မောင်မင်း၏စကား စာများကို သခင်မက သင်ယူနေကြောင်း ကြားသိနေရ၏။ သို့ဖြစ်၍ မောင်မင်းကို တောင်စွယ်တွင် နေကွယ်လျှင် ကွပ်မျက်မည်ဖြစ်ကြောင်း၊ သခင်မကိုလည်း ကျုပ်ကိုယ်တိုင် အကျဉ်းချလိုက်ပြီဖြစ်ကြောင်း၊ ကျုပ်သည် ယနေ့မှစ၍ နန်းတော်ကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သင့်အား သိစေအပ်သည် အမိန့်တော်"

မိုးဟိန်းသည် မရှန်းသာသည့်အဆုံး စိတ်ဓာတ်ကျဆင်းစွာဖြင့် အဖမ်းခံရင်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေ၏။

ညသို့ရောက်သော်လည်း မိုးဟိန်းကို ကယ်တင်မည့်သူ မရှိချေ။ မိုးဟိန်းက ကိုယ်အားကိုယ်ကိုးပြီး ရုန်းသော်လည်း ထွက်ပေါက်က မရချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် မိုးဟိန်းသည် သေရမည့်အချိန်ကို နလုံးတုန် ရင်ခုန်စွာဖြင့် စောင့်ဆိုင်းနေရလေတော့၏။ သို့ပေမယ့် မိုးဟိန်းအတွက် ထွက်ပေါက်ရသွား၏။ သန်းခေါင်းယံအချိန်တွင် မမျှော်လင့်ဘဲ ကျွန်းသို့ မုန်တိုင်းက ဝင်မွှေသည်။ မုန်တိုင်းသည် မိုးရောလေပါပေါင်းပြီး ပြင်းထန်စွာ တိုက်ခိုက်နေသောကြောင့် ကျွန်းကြီးတစ်ခုလုံးသည် ကမ္ဘာပျက်နေသည့်အလား ဖြစ်နေတော့၏။

မိုးဟိန်းသည် သူ့ကိုချုပ်နှောင်ထားသော အချုပ်အခန်းထဲမှ ထွက်လာနိုင်ခဲ့၏။ အစောင့်များသည် မိုးလေဒဏ်ကို ကြောက်ပြီး ဟိုသည်ထွက်ပြေးသွားကြ၏။ မိုးဟိန်းသည် အမှောင်ထဲတွင် ဟိုသည်ပြေးလွှားရင်း နန်းတော်သူတွေကြားတွင် သခင်မကို တွေ့ရလေ၏။ မိုးဟိန်းသည် သခင်မ၏ လက်ကိုဆွဲကာ မောင်စိန္တာတို့ရှိသော ကရဝိတ်လှေကြီးရှိရာသို့ ထွက်ပြေးလာခဲ့မိလေ၏။

မိုးကလည်း ကြီးမား၏။ လေကလည်း ပြင်းထန်၏။ သစ်ပင်ဝါးပင်များက ပြိုလဲသွားကြသည်။ မှောင်မည်း





နေသည်မှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်နိုင်စွမ်းမရှိပါတော့ချေ။

မိုးဟိန်းသည် သခင်မ၏ လမ်းညွှန်ချက်ဖြင့် လမ်းများကို ဦးဆောင်ပြီး ပြေးလာခဲ့ကြ၏။

မိုးစင်စင်လင်းသောအချိန်မှ မိုးဟိန်း၊ သခင်မနှင့် နန်းတွင်းသူတို့သည် ကရဝိတ်လှေကြီးရှိရာသို့ ရောက်လာကြ၏။ လှေကြီးမှ မောင်စိန္တာသည် ရဲမက်များနှင့်အတူ သခင်မကို ခရီးဦးကြိုပြုလေ၏။ သီတာကို တွေ့လိုက်ရတော့ မိုးဟိန်း အံ့အားသင့်သွား၏။

"အံ့သြနေသလား မောင်။ ဟော့ဒီက မောင်တော်က ကယ်ပေးလို့ မနေ့က နံနက်ပိုင်းမှာ ဒီကို ထွက်ပြေးလွတ်မြောက်ခဲ့ကြတာပဲ မောင်ရဲ့"

"ဘုရား . . . ဘုရား"

မိုးဟိန်း ဘုရားတလိုက်မိ၏။ တစ်ချိန်လုံး သခင်မအနားတွင် ခစားရင်း သခင်မကို စာသင်ပေးနေရသည့်အတွက် ခင်သီတာကို မေ့နေ၏။ ယခုလို ခင်သီတာက



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့မှ မိုးဟိန်း ဘုရားတမိခြင်းဖြစ်၏။

"အရှင်သခင်မကို နန်းချပြီး ဒေဝကုမ္မာက နန်းတက်ဖို့ ကြံစည်တာကို မောင်တော် မောင်စိန္တာက သိတယ်တဲ့ မောင်။ ဒါကြောင့် သီတာ့ကို သူက ခွန့်စားပြီး ခေါ်လာခဲ့တာတဲ့။ မောင့်ကိုကယ်တင်ဖို့က ဘယ်လိုမှအခွင့်အရေးမပေးတော့လို့ ထားခဲ့ရတာတဲ့။ မနေ့က ဒီနေရာကို ဒေဝကုမ္မာရဲ့ ရဲမက်တွေရောက်လာပြီး တိုက်ခိုက်တယ်။ မောင်တော် မောင်စိန္တာက ခုခံလိုက်နိုင်တယ်။ ဒီမှာရှိတဲ့ ရဲမက်တွေက အသေခံပြီး တိုက်ခိုက်ကြတာ။ ဒါကြောင့် ဒေဝကုမ္မာရဲ့ ရဲမက်တွေ ဆုတ်ခွာထွက်ပြေးသွားကြရတယ်"

မိုးဟိန်းက အမောအပန်းပြေနေ၏။ လေမုန်တိုင်းကလည်း ငြိမ်သက်သွားချေပြီ။

လှေကြီးကတော့ အလွန်ခိုင်ခံ့သော လှေကြီးဖြစ်၍ မိုးဟိန်းတို့ ထွက်ပြေးမည်ဆိုပါက ကောင်းစွာထွက်ပြေးလို့ ရနေပြီ။

"ဟာ . . . ဟိုမှာ ရဲမက်တွေ"





နားနေသော နန်းတွင်းသူတစ်ယောက်က မြင်၍ ပြော၏။ သို့ဖြစ်၍ မိုးဟိန်းတို့က လက်နက်များ ဆွဲကိုင်ကာ ခုခံတိုက်ခိုက်ဖို့ ပြင်ဆင်ကြ၏။ ကရဝိတ်လှေကြီးပေါ်တွင် အဝေးပစ်သေနတ်များ ရှိနေသည့်အတွက်ကြောင့်လည်း ဓား၊ လှံ၊ ဒူးလေးဖြင့် လာရောက်တိုက်ခိုက်သူများကို ကောင်းစွာခုခံနိုင်နေ၏။

သို့သော် အချိန်ကြာလာသောအခါတွင် လာရောက်တိုက်ခိုက်သော ရဲမက်အင်အားက များပြားသဖြင့် မိုးဟိန်းတို့ အခြေအနေမလှတော့ချေ။ ကျဆုံးရတော့မလိုဖြစ်လာ၏။

ထိုစဉ် စိတ်ဝေဒနာရှင် ကျောက်ဒိုးက ကျွန်းပေါ်မှ ရဲမက်များကို တိုက်ခိုက်ပြီး လှေကြီးရှိရာသို့ ပြေးလာနေသည်ကို မိုးဟိန်းမြင်တွေ့လိုက်ရလေ၏။

"ကျောက်ဒိုး ပြေး . . . ပြေး . . . ရောက်အောင်ပြေးလာခဲ့"

မိုးဟိန်းက အားရဝမ်းသာစွာဖြင့် ကြုံးဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုးက ကျွန်းပေါ်မှဆင်းကာ ဓားလှံများဖြင့် တိုက်ခိုက်ကြလေ၏။ အနီးကပ်တိုက်ပွဲဖြစ်နေလေပြီ။

သခင်မနှင့် မောင်စိန္တာတို့က တစ်ဖက် ဒေဝကုမ္ပာ၏ ရဲမက်များက တစ်ဖက်ဖြစ်နေ၏။

စရိုက်ကြမ်းတမ်းသော လူကြမ်းကြီးများကလည်း ထိုတိုက်ပွဲတွင် ကြောက်စရာကောင်းအောင် ပါဝင်လေ၏။ မိုးဟိန်းတို့မှာ အင်အားချင်းမမျှသဖြင့် ကျဆုံးတော့မည့် အခြေအနေသို့ ရောက်နေ၏။ သို့ဖြစ်၍ မိုးဟိန်းက သခင်မထံသို့ အပြေးကလေး ခစား၏။ မောင်စိန္တာကိုလည်း သဘောပေါက်အောင် ဖြေခဲ့၏။

"အရှင်သခင်မ ရှုံးတော့မည် အခြေအနေသို့ ရောက်နေကြောင်း လျှောက်တင်လိုပါသည်။ ကျွန်တော်မျိုးတို့ ပင်လယ်ပြင်သို့ ခရီးပြင်းနှင်ပြီး ပြေးကြပါက ပိုကောင်းမည်ဖြစ်ကြောင်း လျှောက်ထားလိုသည် ဘုရား"

"ကောင်းပြီ မောင်တော် မောင်ငယ်စိန္တာကို လှေကိုကျွန်းကခွာဖို့ သခင်မက အမိန့်ပေးကြောင်း ပြောချေ





တော့"

မိုးဟိန်းက မောင်စိန္တာထံသို့ အပြေးကလေး သွား၏။ သခင်မ၏ မိန့်ကြားစကားကို ပြောသည်။

ထို့နောက် မိုးဟိန်းတို့သည် နှစ်ပေါင်းများစွာကြာအောင် ဤကျွန်းမှ ထွက်ခွာခြင်းမပြုခဲ့သော ကရဝိတ်လှေကြီးကို ပင်လယ်ပြင်သို့ ထွက်ခွာလာလေတော့၏။

ရဲမက်များက ကရဝိတ်လှေကြီး ပင်လယ်သို့ မထွက်နိုင်အောင် တိုက်ခိုက်နေကြသော်လည်း ထွက်ခွာချိန်စောသည့်အတွက် ရန်သူရဲမက်များမှာ ကျွန်းပေါ်တွင် ကျန်ရစ်ခဲ့ကြလေတော့သည်။

× × ×

## အခန်း (၁၃)

## နေရစ်ခဲ့တော့ ကျွန်းမြတ်သန္တာ

ကရဝိတ်လှေကြီးကို လှော်သူလှော်၊ ခတ်သူခတ်ဖြင့် ရေစုန်သို့ မျောချလာခဲ့ရာ ကျွန်းနှင့် တဖြည်းဖြည်း ဝေး



www.burmeseclassic.com

www.burmeseclassic.com



၅၍ဝေးသွားလေ၏။ ကျွန်းပေါ်မှာ ဆူညံစွာကျန်ခဲ့သော ဒေဝကုမ္မာ၏ ရဲမက်များသည်လည်း ပိုး၍ဝါး၍ ကျန်ရစ်ခဲ့လေတော့၏။

ထို့အပြင် ကောင်းကင်မှ နီရဲသော နေလုံးကြီးသည်လည်း ရဲရဲနီကာ ထွက်ပေါ်လာ၏။

မိုးဟိန်းသည် စိတ်ချသွားပြီဖြစ်သဖြင့် သခင်မထံသို့ အခစားဝင်လေ၏။ သခင်မသည် သူမနားနေသော အဆောင်တွင်းမှ ပင်လယ်ပြင်ကို ဖြတ်လျက် ဝေးမှုန်ကျန်ရစ်ခဲ့သည့် ကျွန်းကြီးကို ငေးမောကြည့်နေလေ၏။

သူမ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝိုင်းနေလေ၏။ ပါးပြင်တော် နနတွင်လည်း မျက်ရည်တို့က စိုးမိုးနေလေ၏။

"ရူပစန္ဒီ . . . နမတော်"

မိုးဟိန်းက နောက်မှရပ်ပြီး ခေါ်လိုက်၏။

ရူပစန္ဒီ ဘုရင်မသည် မိုးဟိန်း၏ ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်တော်မူ၏။ အငိုမျက်လုံးအပြုံးမျက်နှာ





တော်လေးဖြင့် ကြည့်နေခြင်းဖြစ်၏။

"မောင်တော်"

"နမတော်ရယ်"

မိုးဟိန်းသည် သခင်မလေး၏အနီးသို့ တိုးကပ်လာခဲ့၏။ ရူပစန္ဒီကလည်း ဘုရင်မအသွင်အပြင်မျိုး မဟုတ်တော့ပဲ ကလေးငယ်တစ်ယောက်လို မိုးဟိန်းကို အားကိုးတကြီး ကြည့်နေဆဲဖြစ်လေ၏။

"ရန်ကုန်ဆိုတဲ့ မြို့ကြီးကိုရောက်ရင် ကျွန်းသူမ အရှိုင်းအစိုင်းလေးကို ရက်ရက်စက်စက် မေ့မသွားဖို့ နမတော် တောင်းပန်ပါတယ် မောင်တော်ရယ်"

သခင်မလေး ရူပစန္ဒီ၏စကားကြောင့် မိုးဟိန်း၏ ရင်ထဲတွင် နင့်သွားလေ၏။ သို့ပေမယ့် မိုးဟိန်းသည် ကြည်နူးစွာ ပြုံးလိုက်၏။

"စိတ်ချပါ နမတော်ရယ် မောင်တော်လေ ရန်ကုန်ဆိုတဲ့ မြို့တော်ကြီးကိုရောက်ရင် တိုးလို့အကြင်နာပိုပါ့မယ် စိတ်ချတော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းသူအရိုင်းအစိုင်းမို့ အသနားခံနေတယ်လို့ ပြောပါရစေ မောင်တော်"

"မောင်တော် ရှင်းပြချင်ပါတယ် စန္ဒီရယ်

မိုးဟိန်းက ရူပစန္ဒီအနီးသို့ တိုးကပ်သွား၏။

"မောင်တော် စန္ဒီ့ကို ချစ်ပါတယ်။ စတင်မြင်တွေ့စကတည်းက မောင်တော် အရှုံးတစ်ပိုင်းဖြစ်ခဲ့ရပါတယ်။ မောင်တော်တစ်သက်လုံး စန္ဒီ့ကို မုန်းမေ့နိုင်တဲ့ အင်အားလည်း မရှိတော့ပါဘူး။ ဒါအပြင် မောင်တော်ပြောချင်တာက နမတော်တို့ထင်နေတဲ့ ရွှေမြို့တော်ဆိုတာက ခေတ်ပြောင်းခဲ့ပါပြီ။ မြန်မာနိုင်ငံတော်သူ မြန်မာနိုင်ငံသားတွေဟာ နမတော်တို့ အားလုံးကို အကြင်နာပိုကြမှာပါ။ အစစအရာရာ ကူညီရိုင်းပင်းကြမှာပါ။ နိုင်ငံသားအချင်းချင်း သွေးစည်းညီညွတ်ကြမှာပါ"

ရူပစန္ဒီသည် မိုးဟိန်းကို မျက်ရည်အဝိုင်းသားနှင့် ကြည့်နေ၏။

"ယုံပါ နမတော် မောင်တော်တို့ မြန်မာနိုင်ငံဟာ





အုပ်ချုပ်တဲ့ အစိုးရကအစ အားလုံးဟာ တစ်သွေးတည်း တစ်သားတည်း တစ်ရောင်တည်းပါ နမတော်။ ရာဇဝင်ခေတ်ကလို မော်ဖူးဆိုမှ ဖူးခွင့်၊ တွေ့ခွင့်၊ ကြည့်ခွင့်ရတဲ့ ခေတ် မဟုတ်တော့ပါဘူး။ အထက်နဲ့အောက်ဟာ အချိန်အခါမရွေး တွေ့နိုင်ကြပါတယ်။ ပြောနိုင်ဆိုနိုင်ကြပါတယ်။ ကျွန်နဲ့သခင်၊ ဘုရင်နဲ့ အရပ်သားတို့ သုံးတဲ့အသုံးအနှုန်းမျိုးတွေနဲ့လည်း ဆက်ဆံကြရတော့တာ မဟုတ်ပါဘူး။ အရာရာဟာ တန်းတူညီတူပါ နမတော်"

မိုးဟိန်း၏ စကားအဆုံးတွင် သခင်မလေး ရူပစန္ဒီသည် မိုးဟိန်း၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုရှိုက်ရင်းခိုနားလေ၏။

"နမတော် ဘာကြောင့်စိတ်တော်ညှိုးပြီး ငိုကြွေးရတာလဲကွယ်"

"မောင်တော်ရယ် ဒီကျွန်းမြတ်ရတနာကြီးကို ဒီတစ်သက်ပြန်မရောက်နိုင်တော့ပြီမို့ ဝမ်းနည်းပြီး လွမ်းတနေ့မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . စိတ်ချပါ နမတော် ဒီကျွန်းကိုလေ မောင်တော်တို့ တစ်ခေါက်ပြန်လာနိုင်မှာပါ။ ဒီကျွန်းက လူတွေကို ကယ်တင်ဖို့ အမြင်ကျယ်ဖို့အတွက် မောင်တော်တို့နဲ့အတူ ပြည်သူတွေအများကြီးရော တာဝန်ရှိတဲ့သူတွေအများကြီးရော လိုက်လာကြပြီး ကယ်တင်ကြမှာပါ။ ဟိုရောက်ရင် မောင်တော်က အားလုံးကို ရှင်းပြလိုက်တာနဲ့ အားလုံးက မကယ်တင်ဘဲ မနေနိုင်ကြပါဘူး။ ယုံပါ နမတော်"

သူတို့သည် နောက်ထပ် စကားမပြောနိုင်ကြတော့ချေ။ မိုးဟိန်းက ရှုပစန္ဒီကို ချော့မြှူနေလေ၏။ ခဏကြာလျှင် ရှုပစန္ဒီသည် အငိုရပ်ပြီး ကျွန်းကြီးရှိရာသို့ လှမ်းကြည့်နေပြန်၏။ ကျွန်းသည် လှိုင်းလုံးများကာဆီးနေသည့်အတွက် လျှပ်စီးလက်သလိုသာ ဖြစ်ရတော့၏။ သို့သော်လည်း မြင်ရသမျှတို့သည် ပိုးတဝါးသာ ဖြစ်နေလေ၏။

"နမတော်"

"မောင်တော်ရယ်"





"နန်းဆောင်ထဲက ထွက်ပြီးအားလုံးကို အားပေးကြရအောင်"

"မောင်တော် သဘောပါ"

မိုးဟိန်းနှင့် ရှုပစန္ဒီတို့သည် အဆောင်တော်ထဲမှ ထွက်ခွာပြီးနောက် လိုက်လံအားပေးကြလေ၏။

"ဟော့ . . . မိုးဟိန်း"

"ဟင် . . . ကျောက်ဖိုး"

"ကျွန်တော်ဟာ တကယ်တော့ စိတ်ဝေဒနာရှင် မဟုတ်ပါဘူး။ ဟန်ဆောင်ခဲ့တာကို သခင်မလေးကို ဝန်ချတောင်းပန်ပါတယ်"

"ခွင့်လွှတ်ပါတယ်"

ရှုပစန္ဒီက သွက်လက်စွာပင် ဖြေလိုက်၏။ မိုးဟိန်းက ကျောက်ဖိုးကိုကြည့်ကာ ပြုံးနေလေတော့၏။

"ဟိုတုန်းကတော့ ကျွန်တော် သိပ်ကြောက်တယ်ဗျာ။ ကြောက်စရာက သွေးပျက်ပြီး အရဲစွန့်ခဲ့ရတယ်။ ဒါနဲ့နောက်ဆုံး အကြံရပြီး စိတ်ဝေဒနာသည်လို ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ရတာ အခုမှ အသက်ချမ်းသာရာ ရတော့တယ်"

ကျောက်ဒိုးက အားရပါးရ ပြောနေ၏။

"ဒါထက် ကျောက်ဒိုး မင်းဂါထာတွေ မရွတ်တော့ဘူးလား"

"ဂါထာတော်တွေကို အားကိုးလို့လည်း အခုလို အသက်မသေတာပေါ့ဗျာ"

ကျောက်ဒိုးက သူ့စကားဆုံးလျှင် ဂါထာတော်များကို အားရပါးရ ရွတ်ဆိုနေလေတော့၏။ မိုးဟိန်းနှင့် ရူပစန္ဒီတို့က ကျောက်ဒိုးကို နှုတ်ဆက်ပြီး ခင်သီတာကို လိုက်လံရှာကြလေ၏။

ခင်သီတာကို တွေ့ပါပြီ။ သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ခင်သီတာ၏ဘေးတွင် မောင်စိန္တာက မားမားရပ်လျက်။ သူတို့နှစ်ယောက်သည် ပင်လယ်ပြင်ကြီးကို ကြည့်ကာ ကြည်နူးနေကြလေ၏။ တစ်ယောက်ခါးကိုတစ်ယောက်ဖက်ထားကြလေ၏။

မိုးဟိန်းတို့ရောက်သွားသောအခါ မောင်စိန္တာနှင့်





ခင်သီတာတို့က သခင်မလေး ရူပစန္ဒီကို စားကြလေ၏။

"အခု ရန်ကုန်မြို့တော်ကြီးကို ထွက်ခွာလာခဲ့ကြပြီ မောင်စိန္တာ။ မမဟာ သခင်မ မဟုတ်တော့ဘူးကွယ်။ အားလုံး လူလူချင်း အတူတူလို့ သဘောထားလိုက်ပါပြီကွယ်။ ဒီလို သဘောထားနိုင်တာကလည်း ဒီမောင်တော်ကြောင့်ပေပဲ"

ထိုသို့ ရူပစန္ဒီက ပြောပြီးသည့်နောက် သာမာန်လူအချင်းချင်း ဆက်ဆံကာ ပြောဆိုကြလေ၏။

"မောင်"

ခင်သီတာက ခေါ်၍ . . .

"သီတာ"

"မောင်ရယ် ကိုစိန္တာနဲ့ သီတာတို့ရဲ့ လွတ်လပ်ခွင့်ကို မောင်က ခွင့်လွှတ်ပေးပါနော်"

"အို . . . သီတာရယ် မောင်ကလည်း ပြောရမယ်ကွယ်။ မောင်နဲ့ စန္ဒီတို့ရဲ့ လွတ်လပ်ခွင့်ကိုလည်း သီတာက ခွင့်လွှတ်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါတယ် မောင်ရယ်"

"မောင်ကလည်း သီတာ့ကို နားလည်ခွင့်လွှတ်ပါတယ်။ ကိုင်း အခုလိုနေလို့က မဖြစ်ကြသေးဘူး။ မောင်တို့အားလုံးတက်ညီလက်ညီနဲ့ ဒီလှေကြီးကို ရန်ကုန်မြို့တော်ရောက်အောင် လှော်ခတ်ကြပါစို့"

မိုးဟိန်းနှင့် ခင်သီတာက ကောင်းစွာနားလည်ကြလေ၏။ သူတို့သည် လှေကြီးကို ကြိုးစားပြီး လှော်ခတ်ပါက မြန်မာနိုင်ငံ၏ မြို့တစ်မြို့၊ ရွာတစ်ရွာ (သို့) ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းစင်း၏ ရင်ခွင်သို့ရောက်ရှိလိမ့်မည်ဟု ယူဆထားသောကြောင့် ဖြစ်လေ၏။

ရန်ကုန်မြို့တော်သို့ ရေကြောင်းအသွားအလာ မသိသူတို့အတွက် တိုက်ရိုက်ရောက်သွားနိုင်ဖို့က မဖြစ်နိုင်ချေ။

မည်သို့ပင်ဖြစ်စေ။ မိုးဟိန်းတို့သည် တစ်နေ့နေ့မှာတော့ ရန်ကုန်မြို့တော်ကြီးသို့ ရောက်ကြမည်မှာ မလွဲချေ။

မြိုတ်စာပေ



ထို့အပြင် သူတို့၏ ကြိုးစားမှုကြောင့် အဆက်အသွယ်ပြတ်နေကြသော မြန်မာနိုင်ငံသားများအား ကျွန်းပေါ်မှ ရန်ကုန်မြို့သို့ ခေါ်လာနိုင်ခြင်းအတွက် ဝမ်းသာကြည်နူးခြင်းများစွာဖြင့် ကျေနပ်နေမိကြလေ၏။

သည့်အပြင် သူတို့ မျက်လုံးထဲတွင် ကမ်းလုံးညွတ်မျှ လာရောက်ကြည့်ရှုပြီး အားပေးကူညီကြမည့် လူထုကြီးကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကိုလည်းကောင်း မိုးဟိန်းက ကြိုတင်မြင်ယောင်ပြီး ပီတိဖြစ်နေလေ၏။

သည့်နောက်တွင် မိုးဟိန်းနှင့် ရှုပစန္ဒီ၊ မောင်စိန္တာနှင့် ခင်သီတာတို့၏ အကြောင်းများသည် သတင်းစာများတွင် အထူးအဆန်းအဖြစ် ရေးသားဖော်ပြကြမည်မှာ မလွဲချေ။ ကျွန်းပေါ်တွင် ကြုံတွေ့လာရသော အထူးအဆန်းများကိုလည်း မိုးဟိန်းက အားပါးတရ ပြောပြမည်မှာ အသေအချာ။

မိုးဟိန်းက ရှုပစန္ဒီကို ကြည့်မိ၏။ ရှုပစန္ဒီသည်

မြိုတ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မအသွင်ပျောက်ရျက် လေ့လုပ်သားတစ်ယောက်ပမာ မမောနိုင် မပမ်းနိုင် အားပါးတရ လှော်ခတ်နေလေ၏။ ကိုယ်တော်လေး မောင်စိန္တာကလည်း ထို့အတူပင်။ ခင်သီတာကလည်း ကျွန်းသူများနှင့် အပြိုင်လှော်ခတ်နေလေ၏။ ကျွန်သူများကလည်း မနားတမ်း လှော်ခတ်နေကြ၏။

နားခွင့်ရနေသူတို့က ပင်လယ်ပြင်ကြီးကို ငေး မောကြည့်ရှုနေကြလေ၏။ မိုးဟိန်းကလည်း ပင်လယ်ကြီးကို ကြည့်နေမိ၏။ ပင်လယ်ပြင်သည် အပြာရောင် ကောင်းကင်အောက်တွင် လှပနေ၏။

သူတို့အားလုံး၏ ရင်ထဲတွင် ကြည်နူးခြင်း မဖော်ပြနိုင်အောင် ခံစားနေမိကြ၏။

လှိုင်းလုံးကြီးများက မိုးဟိန်းတို့အတွက် သာယာကြည်နူးခြင်းကို ပိုမို၍ ပေးဆောင်နေသလိုရှိ၏။

မိုးဟိန်းအတွက် တာဝန်တွေက မပြီးဆုံးသေးချေ။ ကျွန်းပေါ်တွင် ကျန်ရစ်ခဲ့သော လူထူးဆန်းအားလုံးကို မိမိတို့မြန်မာနိုင်ငံသည် ထူးဆန်းအံ့သြဖွယ် ကောင်းအောင်





တိုးတက်နေသည်ကို ပြသနိုင်ဖို့အတွက် သူကြိုးစားရဦးမည် မဟုတ်ပါလား။

မိုးဟိန်းတို့ လှော်ခတ်လာသော လှေကြီးက ခရီးအတော်ပေါက်ရောက်ခဲ့ပြီဖြစ်၏။ ကျွန်းမြတ်သန္တာကို လှမ်းမျှော်ကြည့်၏။ မမြင်ရတော့ မမြင်ရပါလေတော့။

BURMESE CLASSIC .com



www.burmeseclassic.com